# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၁၇ ရက်၊ စနေနေ့ အတွဲ (၆၀)၊ အမှတ် (၁၁၇)


# နိုင်ငံတော်သမ္မတရုံး အမိန့်အမှတ်၊ ၂၇/၂၀၂၀ ထုတ်ပြန်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၇/၂၀၂၀
၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၆ ရက်)

## တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရေး

၁။ နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်တည်ဆောက်ရန် သန္နိဋ္ဌာန်ချပြီး ဖြစ်ပါသည်။ ထိုသို့ တည်ဆောက်နိုင်ရန်အတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို ဖြတ်သန်းကြရမည် ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈) ရက်၊ တနင်္ဂနွေနေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ထို့ကြောင့် နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်တို့ကို လိုက်နာကြရန် လိုအပ်ပါသည်။ လွှတ်တော်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများအနေဖြင့်လည်း သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

၃။ ယခုအခါ ရွေးကောက်မှုဆိုင်ရာအခွင့်အရေးများကို ပုံစံအမျိုးမျိုးဖြင့် အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်းများ၊ အသွင်အမျိုးမျိုးဖြင့် ဘာသာရေး၊ လူမျိုးရေးကို အကြောင်းပြု၍ စည်းရုံးခြင်း၊ ဆူပူမှုဖြစ်အောင် ဖန်တီးခြင်း၊ ရပ်ရွာအေးချမ်းသာယာရေးပျက်ပြားအောင် ကြံဆောင်ခြင်းများစသည့် တရားမဲ့ပြုကျင့်မှုများကို တွေ့ရှိရပါသည်။

၄။ သို့ပါ၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ယင်းတို့၏ လက်အောက်ဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် တရားဥပဒေစိုးမိုးရေးကို အဓိကထားပြီး တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ကြရန် ဖြစ်ပါသည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း



ကျွန်မတို့နိုင်ငံအတွင်းမှာဆိုရင် ကိုဗစ် - ၁၉ ရောဂါရဲ့ အတက်အကျ အခြေအနေတွေကို ပြည်သူတွေက နေ့စဉ်နေ့စဉ် သတင်းတွေမှာ ကြည့်ပြီးတော့ လိုက်ပြီးစုံစမ်းနေတယ်၊ လေ့လာနေတယ်လို့ ကျွန်မထင်ပါတယ်။ အဲဒီလို စုံစမ်းလေ့လာနေတယ်ဆိုရင် အခုရက်ပိုင်းအတွင်းမှာ အနည်းငယ်ထိန်းချုပ်နိုင်ပြီဆိုတာကို တွေ့ကြရမှာဖြစ်ပါတယ်။ ဒီလို အနည်းငယ်ထိန်းချုပ်လာနိုင်ပြီဆိုတာကလည်း အားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့်ပါ။ ရှေ့တန်းက ကျန်းမာရေးဝန်ထမ်းတွေ ဒါပေမယ့် အဓိကကျတဲ့ ပြည်သူတစ်ဦးချင်း တစ်ဦးချင်းရဲ့ စည်းကမ်းလိုက်နာမှုအပေါ်မှာ မူတည်တာဖြစ်ပါတယ်။

အခုဆိုရင် ကျွန်မတို့နိုင်ငံမှာ ကိုဗစ်ရောဂါရတဲ့ ပြည်သူများဟာ သုံးသောင်း ကျော်သွားပါပြီ။ အဲဒီသုံးသောင်းကျော်သွားတဲ့ အထဲမှာဆိုရင် ၄၅ ရာခိုင်နှုန်းလောက်က ဆေးရုံပြန်ဆင်းပါပြီ။ ကုသပြီးတော့ ပြန်ပြီးကျန်းမာလာပြီ။ ဆေးရုံပြန်ဆင်းသွားပြီဖြစ်ပါတယ်။


*စာမျက်နှာ ၃ ကော်လံ ၁* ❏


**"စောစောစီးစီး ဒီရောဂါ လက္ခဏာပြတာနဲ့ ဆေးရုံကို သွားဖို့၊ သက်ဆိုင်ရာ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကို သွားဖို့ အရေးကြီးတယ်ဆိုတာ ထပ်ပြီးတော့လည်း သတိပေးချင်ပါတယ်"**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း ပြောကြားစဉ်။ သတင်းစဉ်




မြန်မာ့အလင်း

# ငြိမ်းချမ်းတဲ့ သိက္ခာရှိတဲ့ နိုင်ငံ

ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ဘဝရှင်သန်ရေးကို ရုန်းကန်နေရသူဖြစ်စေ၊ သက်သောင့်သက်သာ ဖြတ်သန်းနေရသူ ဖြစ်စေ စစ်မှန်သော သာယာအေးမြမှုထက် ပိုပြီး ဘာကိုမှ ပိုလိုချင်စရာမရှိ။ ရင်တွင်းက နှလုံးသား၏စကားသံကို ခဏတာ အချိန်ပေးနားထောင်ကြည့်လျှင် လူတိုင်းသည် ငြိမ်းချမ်းမှုကို မည်မျှမြတ်နိုးသည် ဆိုခြင်းကို ပိုမိုသတိပြုမိပါလိမ့်မည်။

တရားသောစစ်၊ မရွေးမဖြစ်ရွေးချယ်ခဲ့ရသည့်စစ်၊ ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်ရသည့်စစ်၊ မလွှဲမရှောင်သာ ပါဝင်ရသည့်စစ်၊ တရားမျှတမှုနှင့် လွတ်လပ်ရေးအတွက် တိုက်ရသည့်စစ် စသည်ဖြင့် စစ်တိုက်ခြင်းတို့၏ အကြောင်းရင်းကို မည်သို့ပင်ပေးပေး၊ ကောင်းသောစစ်၊ အေးမြမှုကို ရရှိသောစစ်ဟူသည်တို့ မရှိနိုင်ပါ။ ထို့ကြောင့်ပင် ကမ္ဘာ့လူအဖွဲ့အစည်းက ငြိမ်းချမ်းရေးကို မဖြစ်မနေတည်ဆောက်ကြစို့ဟူသည့် ကြွေးကြော်သံဖြင့် ငြိမ်းချမ်းရေးအလံကို လွှင့်တင်ရန် ကြိုးစားနေကြသည်ပဲဖြစ်၏။

သို့သော်လည်း ယနေ့တိုင် ကမ္ဘာ့နေရာအနှံ့အပြားတွင် စစ်ပွဲများက ရှိနေဆဲ။ အဏုမြူလက်နက်ထုတ်လုပ်မှုများ ရပ်ကြလော့၊ အစွမ်းထက် လူသတ်လက်နက်များသုံးစွဲမှု ရပ်ကြလော့ဟူသည့် အဆိုများကို ကမ္ဘာတစ်ခုလုံး၏ နေရာအနှံ့အပြားက ကြွေးကြော်နေကြသော်လည်း စစ်ပွဲများကား ရှိနေဆဲ။ စစ်ပွဲများကို ထောက်ကူပေးမည့် စစ်လက်နက်တို့၏အစွမ်းကို တိုးတက်ခေတ်မီအောင် မွမ်းမံနေသူတို့ကလည်းရှိမြဲ။ စစ်လက်နက်တို့ကို ပိုမိုခေတ်မီအောင် ထုတ်လုပ်ရင်း စစ်လက်နက်တို့ကို ကုန်သွယ်ရောင်းဝယ်ခြင်းဖြင့် ချမ်းသာကြွယ်ဝရမှုကို ကျေနပ်နေသူများ၊ စစ်ပွဲများကို အကြောင်းပြု၍ စည်းစိမ်တိုးရခြင်းကို အားရနေသူ အနည်းစုကတော့ ရှိနေဆဲ။ အမှန်တော့ စစ်လက်နက်တို့၏ အစွမ်းတိုးတက်လာသည်ဆိုခြင်း၏ အဓိပ္ပာယ်မှာ လူများစွာကို မည်မျှလွယ်ကူ မြန်ဆန်စွာ သတ်နိုင်မလဲဟု ဆိုရမည်။ ရံဖန်ရံခါတွင် ထိုလူနည်းစု၏ ချမ်းသာကြွယ်ဝရေးအတွက် လူများစု၏ အသက်များကို ပေးဆပ်နေရခြင်းဟုပင် တွေးဆစရာ။

မည်သို့ဆိုစေ၊ လက်နက်များဖြင့် လူအချင်းချင်း သတ်ဖြတ်နေကြသည့် စစ်ပွဲများကို ရပ်သင့်ပြီ။ စစ်ပွဲများကိုရပ်တန့်နိုင်မည့် အဖြစ်နိုင်ဆုံးနည်းလမ်းကား မကျေနပ်မှု၊ မပြေလည်မှုများကို စားပွဲဝိုင်းများတွင် တွေ့ဆုံစကားပြော အဖြေရှာကြဖို့ပဲဖြစ်၏။ ထိုသို့ ပဋိပက္ခများကို ဖြေရှင်းနိုင်ရေးအတွက် ဆွေးဆွေးနွေးနွေး တွေ့ဆုံစကားပြောကြရန် အဓိကလိုအပ်ချက်သည်ကား ငြိမ်းချမ်းရေးကို အမှန်တကယ်လိုချင်သည့် စိတ်ဓာတ်ပင်ဖြစ်မည် ထင်ပါသည်။

အထူးသဖြင့်တော့ နှစ်ပရိစ္ဆေဒ ကြာမြင့်လှပြီဖြစ်သော မြန်မာနိုင်ငံ၏ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ရပ်စဲနိုင်ရေး။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး...။

ငြိမ်းချမ်းရေးအမှန်တကယ်လိုချင်သည်ဆိုပါက မည်သို့သောအကြောင်းများနှင့်မဆို စစ်တိုက်နေကြသူတို့အားလုံး ငြိမ်းချမ်းရေးသန္နိဋ္ဌာန် ရှိကြရန်လိုမည်ဟု ပြည်သူလူထုက ယူဆမျှော်လင့်နေကြ၏။ လွတ်လပ်ရေးမရခင်ကတည်းက ကြုံခဲ့ရသော စစ်ပွဲများကို ပြည်သူလူထုသည် ငြီးငွေ့စိတ်ပျက်နေပြီ။ စစ်ဘေးစစ်ဒဏ်တို့၏ ဒဏ်ရာတို့ကလည်း ဗရပွဖြစ်နေပြီ။ အထူးသဖြင့်မူ တိုင်းရင်းသားတို့က ထိခိုက်နစ်နာမှုများကို အများဆုံးခံစားရသူများဖြစ်နေပြီ။ စစ်စရိတ်ကြီးလေးမှုများကို ပြည်ထောင်စု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသောအဘက်ဘက်က အသုံးချရမည့် ပြည်သူ့ဘဏ္ဍာများကို ဖဲ့ခွဲ သုံးစွဲနေရတာဖြစ်သည်။ တကယ်တော့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၏ ဆိုးကျိုးမှန်သမျှကို ပြည်သူလူထုက ခါးစည်းခံနေကြရခြင်းသာ ဖြစ်ပါ၏။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၅ ရက်နေ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း ၅ နှစ်မြောက် နှစ်ပတ်လည်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် မိန့်ခွန်းပါ– “တိုက်ပွဲတွေ၊ စစ်ပွဲတွေ ပစ်ခတ်တိုက်ခိုက်မှုတွေကိုသာ ရပ်စဲဖို့ လိုအပ်နေတာဖြစ်ပြီး ငြိမ်းချမ်းရေး၊ အပစ်အခတ်ရပ်စဲရေး လုပ်ငန်းတွေကိုတော့ ရပ်စဲလို့မရဘူး”ဟူသည့်အတိုင်း ဖြစ်ပါသည်။ ငြိမ်းချမ်းရေး၊ အပစ်အခတ်ရပ်စဲရေး စကားဝိုင်းများကို ဆက်လက်ပြုလုပ်ကြခြင်းဖြင့် ငြိမ်းချမ်းရေးပန်းတိုင်ကို ဆက်လက်ချီတက်ကြရပါမည်။

စစ်တိုက်နေရသူများ၊ ပစ်ခတ်နေရသူများအားလုံးသည် ငြိမ်းချမ်းရေး လိုချင်ဆန္ဒပြင်းပြမှုကို အခြေပြုကာ ဆွေးနွေးစကား ပြောမှုညှိနှိုင်းမှုများကို အောင်မြင်သည်ထိ မရမနေ ကြိုးပမ်းကြခြင်းဖြင့် ပြည်သူလူထု၏အကျိုးကို အမှန်တကယ်လိုလားကြောင်း ပြသကြရန်လိုပါသည်။ ငြိမ်းချမ်းသည့် နိုင်ငံသည်သာ တိုးတက်ဖွံ့ဖြိုးပြီး ဂုဏ်သိက္ခာရှိသည့် နိုင်ငံဖြစ်နိုင်သည်ဟု ယုံကြည်ပါကြောင်း။ ။

# နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၁၆**

ပျဉ်းမနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော ဆရာတော်ကြီး ငါးပါး ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံမှ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာ ပရိယတ္တိစာသင်တိုက် ဆွမ်းစားကျောင်းဆောင်၌ ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းသည်။

ယနေ့တွင် ပျဉ်းမနားမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်း၊ သီလရှင်ကျောင်း လေးကျောင်းတို့တွင် သီတင်းသုံးတော်မူကြသော ရဟန်း၊ သာမဏေ ၆၁၂ ပါး၊ သီလရှင် ၁၂၇ ပါး တို့အတွက် ဆွမ်းဆန်တော် ၁၁၃ အိတ်ကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ခြောက်ကျောင်း၊ သီလရှင်ကျောင်း သုံးကျောင်းတို့တွင် သီတင်းသုံးတော်မူကြသော ရဟန်း၊ သာမဏေ ၄၁၃ ပါး၊ သီလရှင် ၂၅၅ ပါး တို့အတွက် ဆွမ်းဆန်တော် ၁၀၁ အိတ်ကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၈ ကျောင်းတို့တွင် သီတင်းသုံးတော်မူကြသော ရဟန်း၊ သာမဏေ ၄၅၂ ပါး၊ သီလရှင် ၁၅ ပါးတို့အတွက် ဆွမ်းဆန်တော် ၈၁ အိတ်ကိုလည်းကောင်း လှူဒါန်းခဲ့ရာ စုစုပေါင်း ဆွမ်းဆန်တော် ၂၉၅ အိတ် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# YGN သင်္ကေတဖြင့် နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားသည့် နိုင်ငံခြားသားများ နှစ်စဉ်လက်မှတ်သက်တမ်းအတည်ပြုလဲလှယ်ခြင်းလုပ်ငန်းအား နိုဝင်ဘာ ၁၆ ရက်မှ စတင်ဆောင်ရွက်ပေးမည်

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ပနိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ ပြည်ဝင်ဗီဇာတစ်မျိုးမျိုးဖြင့် ဝင်ရောက်ခဲ့ပြီး ရက်ပေါင်း ၉၀ ထက် ကျော်လွန်နေထိုင်သူများသည် ၁၉၄၈ ခုနှစ်၊ နိုင်ငံခြားသားများမှတ်ပုံတင်ရေး နည်းဥပဒေ အပိုဒ် ၆ (၁)(ခ)(ဂ) တို့အရ YGN သင်္ကေတဖြင့် ထုတ်ပေးသည့် နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကို ကိုင်ဆောင်ကြရသည်။ အဆိုပါ YGN သင်္ကေတပါ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်သည် နှစ်စဉ် နိုဝင်ဘာ ၃၀ ရက်တွင် သက်တမ်းကုန်ဆုံးပြီး ၁၉၄၈ ခုနှစ်၊ နိုင်ငံခြားသားများမှတ်ပုံတင်ရေး နည်းဥပဒေ အပိုဒ် ၇(၂)(ခ)အရ သက်တမ်းကုန်ဆုံးသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်လဲလှယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်ဖြစ်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် နှစ်စဉ် ဒီဇင်ဘာ ၁ ရက်မှ ၃၀ ရက်အတွင်း သတ်မှတ်အခငွေ အမေရိကန်ဒေါ်လာ ၉ ဒေါ်လာပေးသွင်း၍ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်လဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိရာ သတ်မှတ်ကာလကုန်ဆုံးပြီး ဇန်နဝါရီလအတွင်း လာရောက်လဲလှယ်ပါက နိုင်ငံခြားသားများမှတ်ပုံတင်ရေး နည်းဥပဒေ အပိုဒ် ၁၇ (၃)အရ ကျသင့် အခငွေ၏ နှစ်ဆဖြစ်သည့် အမေရိကန်ဒေါ်လာ ၁၈ ဒေါ်လာ ပေးသွင်းရမည်ဖြစ်သည်။

ယခုအခါ ကမ္ဘာတစ်ဝန်း၌ ကိုဗစ်–၁၉ ကပ်ရောဂါ ဖြစ်ပွားနေချိန်ဖြစ်သဖြင့် မြန်မာနိုင်ငံတွင်း ရောက်ရှိနေထိုင်ကြသည့် YGN သင်္ကေတဖြင့် နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကိုင်ဆောင်သူများ အဆင်ပြေစေရေးအတွက် ၎င်းတို့၏ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် လဲလှယ်ခြင်းလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ (၁၆)ရက်မှစတင်၍ (ရုံးပိတ်ရက်များမပါ) ကြိုတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယင်းလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန နေခွင့်/ ပြည်ပြန်ဝင်ခွင့် ဌာနစိတ်တွင် ဆက်သွယ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်–၁၉ ရောဂါဖြစ်ပွားဆဲကာလ သင်္ဘောများကုန်တင်ကုန်ချလုပ်ငန်းများနှင့် ဆိပ်ကမ်းများသို့ အဆင်ပြေစွာဝင်ထွက်သွားလာနိုင်ရေးအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အွန်လိုင်းအသုံးပြုကာ စီမံဆောင်ရွက်ပေးနေ

**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားဆဲကာလတွင် သင်္ဘောများ ကုန်တင်ကုန်ချလုပ်ငန်းများနှင့် ဆိပ်ကမ်းများသို့ အဆင်ပြေချောမွေ့စွာဝင်ထွက်သွားလာနိုင်ရေး အတွက် အွန်လိုင်းအသုံးပြုကာ စီမံဆောင်ရွက် ပေးလျက်ရှိကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ထံမှ သိရသည်။

“ဒီကာလမှာ ကျွန်တော်တို့ရုံးကိုလာပြီး လုပ်ငန်းဆောင်ရွက်ကြတဲ့ ထုတ်ကုန်လုပ်ငန်းရှင်တွေ၊ သွင်းကုန်လုပ်ငန်းရှင်တွေ၊ ကိုယ်စားလှယ်တွေအနေနဲ့ မဖြစ်မနေ လာရောက်ဆောင်ရွက်ရမယ့် အပိုင်းလောက်ကိုပဲ ဆောင်ရွက်ပြီးတော့ အချို့ကိစ္စတွေမှာ အီးမေးလ်နဲ့ အွန်လိုင်းကနေ ဆက်သွယ်ပြီး ဆောင်ရွက်ပေးနေပါတယ်”ဟု လက်ထောက်အထွေထွေမန်နေဂျာ ဦးစိန်ဝင်းက ပြောကြားသည်။

မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အနေဖြင့် ကုန်တင်ကုန်ချလုပ်ငန်းများနှင့် သင်္ဘောများ အဆင်ပြေချောမွေ့စွာ ဝင်ရောက်ဆိုက်ကပ်ထွက်ခွာနိုင်ရေးတို့အတွက် သက်ဆိုင်ရာ ဆိပ်ခံဇေတံတားများမှ တာဝန်ခံများ၊ သက်ဆိုင်ရာ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်များနှင့် အွန်လိုင်းအသုံးပြု၍ အစည်းအဝေးများ ပုံမှန်ကျင်းပလေ့ရှိကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါဖြစ်ပွားနေသည့်ကာလဖြစ်သော ၂၀၂၀ ပြည့်နှစ် မတ်လမှ စက်တင်ဘာလအထိ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်သည့် ကုန်တန်ချိန်ပမာဏကို ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၉ ခုနှစ်တွင် မတ်လမှ စက်တင်ဘာလအထိ အထွေထွေကုန်စည်တန်ချိန် ၅၃၂၁၁၉၇ တင်သွင်း/တင်ပို့နိုင်ခဲ့ပြီး ယခုနှစ် ယင်းကာလတွင် ကုန်တန်ချိန် ၆၉၀၀၀၄၀ တင်ပို့နိုင်ခဲ့သည့်အတွက် ပမာဏအားဖြင့် ကုန်တန်ချိန် ၁ ဒသမ ၅ သန်းခန့် ပိုမိုတင်ပို့/တင်သွင်းခြင်း ကိုင်တွယ်ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရသည်။

ယခုနှစ် ဇူလိုင်လမှစတင်၍ ရန်ကုန်မြစ်အတွင်း ခွင့်ပြုရေစူးအနက်ပေပိုမိုရရှိခဲ့သဖြင့် ယခင်ထက် အရွယ်အစားကြီးမားသော သင်္ဘောကြီးများ ဝင်ထွက်ခွင့်ရရှိခဲ့ခြင်းကြောင့် ကုန်တန်ချိန်ပမာဏ ပိုမိုကိုင်တွယ်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ပြည်သူသို့ သြဝါဒ အဓိက

(Note: banner reads) ပြည်သူသာလျှင် အဓိက

❑ *ရှေ့ဖုံးမှ*

ဒါပေမယ့် ဒီထဲမှာ အသေအပျောက်ကလည်းရှိပါတယ်။ အဲဒါ ၇၀၀ ကျော်ပြီဆိုတော့ ၂ ဒသမ ၄ ရာခိုင်နှုန်းလို့ ပြောနိုင်ပါတယ်။ ဒီလိုသေဆုံးတဲ့ပြည်သူတွေရဲ့ အခြေအနေကို ကြည့်လိုက်တဲ့အခါ ၉၅ ရာခိုင်နှုန်းလောက်က အခြေခံအခြား ရောဂါတွေရှိတဲ့ သူတွေဖြစ်တယ်ဆိုတာ မြင်ရပါတယ်။ ဒါကြောင့် အခြေခံကျန်းမာရေးကောင်းဖို့က အင်မတန် အရေးကြီးပါတယ်။ အခြေခံကျန်းမာရေးချို့ယွင်းချက်ရှိသူများ၊ အားနည်းချက်ရှိသူများအနေနဲ့ ပိုပြီးတော့ သတိထားဖို့လိုပါတယ်ဆိုတာ ထပ်တလဲလဲပြောနေတဲ့ ကိစ္စဖြစ်ပါတယ်။ နောက်ပြီးတော့လည်း သေဆုံးသူများအနေနဲ့ဆိုရင် ၁၉ ရာခိုင်နှုန်းက အသက်ဆုံးရှုံးပြီးမှ၊ အသက်ပျောက်ပြီးမှ ဆေးရုံကိုရောက်လာတာပါ။ အဲဒီလို အသက်ပျောက်ပြီး ဆေးရုံကို ရောက်လာတဲ့အခါ စမ်းသပ်ကြည့်တော့မှ ကိုဗစ်ရောဂါပိုးရှိတယ်ဆိုတာ တွေ့ရပါတယ်။ ၁၉ ရာခိုင်နှုန်းဆိုတာ မနည်းပါဘူး။ အသေအပျောက်ထဲက ၁၉ ရာခိုင်နှုန်းက သေဆုံးပြီးမှ ဆေးရုံကို ရောက်လာတာဆိုတော့ စောစောစီးစီး ဒီရောဂါလက္ခဏာပြတာနဲ့ ဆေးရုံကိုသွားဖို့ သက်ဆိုင်ရာကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကိုသွားဖို့ အရေးကြီးတယ်ဆိုတာ ထပ်ပြီးတော့လည်း သတိပေးချင်ပါတယ်။

ကျွန်မတို့ပြည်သူတွေ တစ်ဦးချင်း တစ်ဦးချင်း ကျန်းမာမှ နိုင်ငံက အင်အားရှိမှာပါ။ အခုအချိန်မှာဆိုရင် နည်းနည်းထိန်းလာနိုင်ပြီဆိုတော့ မပေ့ါသွားစေချင်ပါဘူး။ နည်းနည်း ထိန်းလာနိုင်တဲ့အခြေအနေကနေ လုံးဝထိန်းနိုင်မယ့် အခြေအနေရောက်ဖို့ဆိုတာဟာ တော်တော်လုပ်ယူရပါဦးမယ်။ သို့သော်လည်း ဒီလိုစလာပြီဆိုတာ ကျွန်မတို့အတွက် အင်အားတစ်ခုပဲ။ လုပ်နိုင်တယ်၊ တကယ်ပဲကြိုးစားရင်၊ တကယ်ပဲဆန္ဒရှိရင်၊ တကယ်ပဲ ဝီရိယစိုက်ထုတ်ပြီးလုပ်ရင် အောင်မြင်နိုင်တယ်ဆိုတဲ့အသိနဲ့ ဆက်ပြီးကြိုးစားစေချင်ပါတယ်။ နိုင်ငံတော်ဘက်ကတော့ ခဏခဏပြောတဲ့အတိုင်းပဲ တတ်နိုင်သမျှ လုပ်ပေးပါတယ်။ ကျန်းမာရေးဘက်ကရော၊ စီးပွားရေးဘက်ကရော၊ ပြည်သူတွေရဲ့ စိတ်လုံခြုံမှု၊ လူမှုရေးဘက်ကရော တတ်နိုင်သမျှ လုပ်ဆောင်နေပါတယ်။ ပြည်သူတွေဘက်ကတော့ တတ်နိုင်သမျှ တစ်ဦးချင်း တစ်ဦးချင်း ကျန်းမာအောင်ပဲနေပေးပါလို့ မေတ္တာရပ်ခံလိုပါတယ်။

ကုသမှုတွေနဲ့ ပတ်သက်ရင် နိုင်ငံတကာမှာ သုံးနေတဲ့ နောက်ဆုံးသိရသရွေ့ အကောင်းဆုံးဆိုတဲ့ နည်းပညာတွေကိုလည်း သုံးပါတယ်။ ဆေးတွေကိုလည်း သုံးပါတယ်။ ဒါပေမယ့် ဘယ်လိုပဲဆေးတွေသုံးသုံး၊ ဘယ်လိုပဲနည်းပညာတွေသုံးသုံး နောက်ဆုံးကျတော့ အထိရောက်ဆုံးကတော့ ပြည်သူတွေ တစ်ယောက်ချင်းတစ်ယောက်ချင်း ကိုယ့်ကျန်းမာရေးအတွက် ကိုယ် ဂရုစိုက်ဖို့ပဲဖြစ်ပါတယ်။ အခု ကိုဗစ်ရောဂါနဲ့ ရင်ဆိုင်နေရတဲ့အချိန်မှာလည်း နိုင်ငံရဲ့တခြားလည်ပတ်ဖို့လိုတဲ့ ယန္တရားတွေလည်ပတ်နိုင်ဖို့လည်း ဆက်ပြီးလုပ်နေရပါတယ်။ စောစောကပြောခဲ့သလိုပေ့ါ။ စီးပွားရေးဘက်ကိုလည်း ကြည့်ရပါတယ်။ ရေရှည်စီးပွားရေးအမြင်နဲ့လည်း ကြည့်ရပါတယ်။ ဒါကြောင့် အခု စက်ရုံ၊ အလုပ်ရုံတွေမှာ စည်းမျဉ်းစည်းကမ်းတွေ ကိုက်ညီမှုရှိရင် ပြန်ပြီးတော့ လည်ပတ်ခွင့်ပေးတယ်၊ ပြန်ပြီးတော့ ခွင့်ပြုပေးတယ်ဆိုတာလည်း အနာဂတ်စီးပွားရေးအခြေအနေကို မျှော်မှန်းပြီးတော့ လုပ်ဆောင်နေတာဖြစ်ပါတယ်။

**"အခု ကိုဗစ်ရောဂါနဲ့ ရင်ဆိုင်နေရတဲ့အချိန်မှာလည်း နိုင်ငံရဲ့တခြားလည်ပတ်ဖို့လိုတဲ့ ယန္တရားတွေလည်ပတ်နိုင်ဖို့လည်း ဆက်ပြီးလုပ်နေရပါတယ်။ စောစောကပြောခဲ့သလိုပေ့ါ။ စီးပွားရေးဘက်ကိုလည်း ကြည့်ရပါတယ်။ ရေရှည်စီးပွားရေးအမြင်နဲ့လည်း ကြည့်ရပါတယ်။ ဒါကြောင့် အခု စက်ရုံ၊ အလုပ်ရုံတွေမှာ စည်းမျဉ်းစည်းကမ်းတွေ ကိုက်ညီမှုရှိရင် ပြန်ပြီးတော့ လည်ပတ်ခွင့်ပေးတယ်၊ ပြန်ပြီးတော့ ခွင့်ပြုပေးတယ် ဆိုတာလည်း အနာဂတ်စီးပွားရေးအခြေအနေကို မျှော်မှန်းပြီးတော့ လုပ်ဆောင်နေတာ ဖြစ်ပါတယ်"**

နောက်တစ်ခုက ပြည်တွင်းမှာ ပြည်သူတွေကို ကြည့်တဲ့အပြင် ပြည်ပမှာ ရောက်နေတဲ့ ကျွန်မတို့ ပြည်သူပြည်သားတွေအတွက်လည်း ကြည့်ရပါတယ်။ ဒါကြောင့် ဘယ်လိုပဲပြည်တွင်းမှာ ကိုဗစ်ရောဂါ အခုဒုတိယလှိုင်းနဲ့ ရင်ဆိုင်နေရတယ်ဆိုပေမယ့်လည်း ပြည်ပကနေ ပြန်လာချင်တဲ့ ပြည်သူတွေ ပြန်လာနေမှု အစီအစဉ်ကို မရပ်တန့်ထားပါဘူး။ ဆက်ပြီးတော့ ပြန်လာနေပါတယ်။ အခုခြုံငုံကြည့်လိုက်မယ်ဆိုရင် ကိုဗစ်ရောဂါ စပြီးတော့ဖြစ်ကတည်းက လေယာဉ်တွေနဲ့ ပြန်လာတာ သောင်းကျော်ပါပြီ။ နယ်စပ်ကနေပြန်လာတာ နှစ်သိန်းကျော်ပါပြီ။ အားလုံးပေါင်းလိုက်ရင် ၂၅၀၀၀၀ လောက်တော့ ရှိပါပြီ။ ကျွန်မတို့ ပြည်သူတွေပြန်လာနေတာပါ။ဆက်ပြီးတော့လည်း ပြန်လာဦးမှာပါ။ လိုအပ်ချက်တွေအရ တစ်နေ့နဲ့တစ်နေ့ ပိုပြီးတော့ လေယာဉ်တွေနဲ့ ပြန်လာနိုင်ဖို့လည်း ကျွန်မတို့ စီစဉ်နေပါတယ်။ ပြည်တွင်းမှာ ပြဿနာတွေရှိတယ်ဆိုပြီးတော့ ပြည်ပရောက်နေတဲ့ ပြည်သူတွေကိုလည်း ဘယ်တော့မှ လျစ်လျူရှုထားမှာ မဟုတ်ပါဘူး။

တစ်ချိန်တည်းမှာပဲ ရွေးကောက်ပွဲကိစ္စကို မပြောမဖြစ်လို့ ပြောရပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ရွေးကောက်ပွဲကိစ္စနဲ့ ပတ်သက်ရင် ပြည်ပမှာ ရောက်နေတဲ့ ကျွန်မတို့ ပြည်သူတွေကိုလည်း အထူးကျေးဇူးတင်တယ် ပြောချင်ပါတယ်။ အထွေထွေရွေးကောက်ပွဲကြီးက စနေပြီလို့ ကျွန်မပြောခဲ့ပါတယ်။ စတာကလည်း ပြည်ပမှာစတာပါ။ ပြည်ပရောက်နေတဲ့ ပြည်သူပြည်သားများဟာ သက်ဆိုင်ရာ သံရုံးတွေ၊ ကောင်စစ်ဝန်ရုံးတွေစသဖြင့် ယူနစ် အသီးသီးမှာ ကြိုတင်မဲတွေ ပေးနေကြပါတယ်။ အဲဒီလို ကြိုတင်မဲပေးတာဆိုရင် အခု ၆၀၀၀၀ ကျော်သွားပါပြီ။ ပြည်ပကနေပြီးတော့ တက်တက်ကြွကြွနဲ့ ကိုယ့်ရဲ့နိုင်ငံသားတာဝန်တွေကို ကျေပွန်စွာထမ်းဆောင်နေတဲ့ ပြည်သူတွေကို ကျေးဇူးတင်တယ်လို့ ကျွန်မပြောချင်ပါတယ်။ ပြည်တွင်းကပြည်သူတွေလည်း ရွေးကောက်ပွဲမှာ လုံလုံခြုံခြုံနဲ့၊ တက်တက်ကြွကြွနဲ့ မဲပေးနိုင်ဖို့အတွက်ကို ကျွန်မတို့ စီစဉ်နေပါတယ်။ ၁၃ ရက်က မဲရုံတွေမှာ ဘယ်လိုအစီအစဉ်တွေ လုပ်မလဲဆိုတာ ကျွန်မသွားကြည့်ပါတယ်။ ကျွန်မတို့ လေ့ကျင့်ကြည့်တာပေ့ါ။ တကယ့် ရွေးကောက်ပွဲနေ့မှာဆိုရင် ဘယ်လိုလုပ်မလဲ။ ပြည်သူတွေရဲ့ ကျန်းမာရေးလည်း ကာကွယ်ပေးရမယ်။ မဲပေးနိုင်ခွင့်ကိုလည်း ကျွန်မတို့ကနေပြီးတော့ အားပေးရမယ်၊ ဖြစ်မြောက်အောင်လို့ ကူညီပေးရမယ်။ အဲဒီမှာဆိုရင် တချို့ ဘယ်လိုပိုပြီးတော့ မြန်မြန်ဆန်ဆန် ချောချောမွေ့မွေ့ လုပ်နိုင်မှာလဲဆိုတာလည်း ကျွန်မတွေ့ခဲ့ရပါတယ်။ အဲဒီအစီအစဉ်တွေအတိုင်း လုပ်သွားမှာပါ။

မြန်မြန်ဆန်ဆန် လုပ်စေချင်တယ်ဆိုတာဟာ လူစုလူဝေး မဖြစ်အောင်လို့၊ ကိုဗစ်ရောဂါရဲ့ အဓိကကာကွယ်ရမယ့်အချက်ကတော့ သိပ်ပြီးတော့ လူစုလူဝေးတွေမဖြစ်ဖို့၊ တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေနိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရွေးကောက်ပွဲမှာ မဲရုံတွေမှာလာပြီးတော့ မဲပေးဖို့လာတဲ့ ပြည်သူတိုင်းကို စစချင်း အဖျားတိုင်းမှာပါ။ အပူချိန်တိုင်းမှာပါ။ အပူချိန်က မြင့်သင့်တာထက် မြင့်နေပြီဆိုရင် ဘယ်လိုစီစဉ်ထားလဲ၊ ကျန်းမာရေးအတွက် ဘယ်လိုလုပ်မလဲဆိုတာလည်း အားလုံးစီစဉ်ပြီးသား ဖြစ်ပါတယ်။ ဒါပေမယ့် လူစုလူဝေး မဖြစ်လေ ကောင်းလေပါပဲ။ ဒါကြောင့် ဖပေ ခွာပြီးတော့ ပြည်သူတွေ တန်းစီဖို့လုပ်ထားတယ်။ ကြာကြာတန်းစီဖို့ မလိုအောင်လို့ မြန်မြန်ဆန်ဆန် ထွက်နိုင်အောင်လို့ ဘယ်လိုစည်းမျဉ်းစည်းကမ်းတွေ ကျွန်မတို့ သတ်မှတ်မလဲဆိုတာ သေချာလေ့လာထားပြီးပါပြီ။

နောက်အပတ် ၂၀ ရက်နေ့မှာဆိုရင် နောက်တစ်ကြိမ် ထပ်ပြီးတော့ ဒီဟာကို လေ့ကျင့်ပါမယ်။ လေ့ကျင့်ပြီးတော့ နောက်ဆုံးဘာတွေ တွေ့ရှိရလဲဆိုတာ ကျွန်မတို့ ကြည့်ပါမယ်။ ကြည့်ပြီးရင် ရွေးကောက်ပွဲအတွက် နောက်ဆုံး စည်းမျဉ်းစည်းကမ်းတွေကို ထုတ်ပြန်ပါမယ်။ ဒါကတော့ ရွေးကောက်ပွဲကော်မရှင်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ညှိပြီးတော့ ထုတ်ပြန်မှာပါ။ ဒီလိုလုပ်တဲ့နေရာမှာ နေရာတိုင်းနေရာတိုင်းမှာ တစ်ပြေးညီလုပ်မှာ မဟုတ်ပါဘူး။ Stay at Home မြို့နယ်တွေ၊ ကိုဗစ်ရောဂါ ပြန့်ပွားမှုများတဲ့ မြို့နယ်တွေမှာ အထူးအစီအစဉ်ကို ကျွန်မတို့လုပ်ပါမယ်။ ကိုဗစ်ရောဂါ မရှိသလောက် မြို့နယ်တွေမှာတော့ ပုံမှန်အတိုင်းပဲ လုပ်သွားပါမယ်။ သို့သော်လည်း Mask တပ်ဖို့၊ လက်ဆေးဖို့တွေကို ကျွန်မတို့ စီစဉ်ပါမယ်။ Stay at Home မြို့နယ်တွေ၊ ကိုဗစ်ရောဂါပြန့်ပွားမှုများတဲ့ မြို့နယ်တွေမှာဆိုရင် Mask တွေအပြင် Faceshield ကို အပေါ်က နောက်တစ်ထပ်လုပ်ဖို့ စသဖြင့် ပိုပြီးတော့ သေချာတဲ့ အစီအစဉ်တွေကို သတ်မှတ်ပြီးတော့ အကောင်အထည်ဖော်မှာပါ။ ဒါကြောင့် ပြည်သူ၊ ပြည်သားတွေအနေနဲ့ အထွေထွေရွေးကောက်ပွဲမှာလည်း တက်တက်ကြွ ကြွနဲ့ ပါဝင်ပြီးတော့ မဲပေးကြပါ။ ကိုဗစ်ရောဂါကို ကာကွယ်တဲ့နေရာမှာလည်း တက်တက်ကြွကြွနဲ့ အားလုံးပါဝင်ပြီးတော့ ဆောင်ရွက်ပေးကြပါလို့ ကျွန်မ မေတ္တာရပ်ခံလိုပါတယ်။

အားလုံး ကျန်းမာချမ်းသာအောင် နေနိုင်ပါစေ။ ကျေးဇူးတင်ပါတယ်။

## ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း AustCham Myanmar က ကျင်းပသည့် Webinar သို့ တက်ရောက်

**နေပြည်တော်  အောက်တိုဘာ ၁၆**

AustCham Myanmar က စီစဉ်ကျင်းပသည့် Election 2020: Key Issues for Business Webinar ကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း က မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်မှုအခြေအနေများ၊ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) နှင့် မြန်မာ့စီးပွားရေး နာလန်ထူရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံချက် (MERRP) တို့ကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ငွေကျပ် ဘီလီယံ ၄,၀၀၀ (ကျပ်လေးထောင်ဘီလီယံ) အသုံးပြုခဲ့ကြောင်း၊ ယင်းသည် GDP ၏ ၃ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိကြောင်း ပြောကြားသည်။ အဆိုပါ Webinar ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံရှိ စီးပွားရေးကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ကိုဗစ်-၁၉ ကြောင့် စီးပွားရေးအပေါ် သက်ရောက်မှုများကို ကုစားခြင်းနှင့် ရေရှည်အစီအမံများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပါအဝင် ငြိမ်းချမ်းရေးနှင့် ရွေးကောက်ပွဲ၏ အခန်းကဏ္ဍတို့ကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနေကြသည့် ပြည်ပစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ အတွေ့အကြုံများကို ဆွေးနွေးတင်ပြခဲ့ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် ဝန်ကြီးဌာနအနေဖြင့် ရင်းနှီးမြှုပ်နှံသူများကို ဆက်လက်ပံ့ပိုးမည့် အစီအစဉ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၀၂၀ ပြည့်နှစ်၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၂၀ ပြည့်နှစ်၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက Web Conferencing စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ ဌာနေ ကိုယ်စားလှယ် Ms. Xiaojie Fan နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေး စီမံကြီးကြပ်မှုအဖွဲ့ဝင်များက သက်ဆိုင်ရာဒေသများမှ Zoom Application ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ က မိမိတို့ FAO အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း လယ်ယာကဏ္ဍ ထုတ်လုပ်နိုင်စွမ်း တိုးတက်မှုကို ထင်ထင်ရှားရှား ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း၊ သို့သော်လည်း တစ်ဖက်တွင် ငတ်မွတ်ခေါင်းပါးမှု၊ အဝလွန်မှု၊ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု၊ ဇီဝမျိုးကွဲများ ဆုံးရှုံးမှု၊ စားနပ်ရိက္ခာလေလွင့်ဆုံးရှုံးမှု၊ စားနပ်ရိက္ခာထုတ်လုပ်မှု ကွင်းဆက်အတွင်းမှ လုပ်သားများ၏ ဘဝလုံခြုံရေး အားနည်းမှု၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အစားအစာထောက်ပံ့ရေးကွင်းဆက်ကို ထိခိုက်မှု၊ အစားအစာစနစ် (Food System) အပေါ် ဆိုးကျိုးသက်ရောက်စေမှုများ ဖြစ်ပေါ်စေလျက်ရှိပါကြောင်း။

စားနပ်ရိက္ခာ တိုးတက်ထုတ်လုပ်နိုင်သော်လည်း ကမ္ဘာ့လူဦးရေ (၂) ဘီလီယံခန့်သည် အာဟာရပြည့်ဝပြီး အန္တရာယ်ကင်းရှင်းသည့် အစားအစာများကို လုံလောက်စွာ မရရှိကြကြောင်း၊ နိုင်ငံ (၅၅) ခုက ကမ္ဘာ့ပြည်သူ (၁၃၅) သန်းမှာ ပြင်းထန်သည့် ငတ်မွတ်မှုကို ခံစားနေရပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ငတ်မွတ်ခေါင်းပါးသူ အရေအတွက် (၂) ဆ တိုးလာနိုင်ကြောင်း၊ စားနပ်ရိက္ခာ၊ အာဟာရနှင့် အသက်မွေးမှု အထောက်အပံ့များ အရေးပေါ် လိုအပ်လျက်ရှိကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက ထုတ်ပြန်ထားပါကြောင်း။

တစ်ဖက်တွင်လည်း ကမ္ဘာ့လူဦးရေမှာ (၂၀၅၀) ပြည့်နှစ်တွင် (၁၀) ဘီလီယံသို့ ရောက်ရှိမည်ဟု မျှော်မှန်းထားကြောင်း၊ ယင်းအခြေအနေအရ စားနပ်ရိက္ခာ လိုအပ်ချက် သိသိသာသာ တိုးမြင့်လာမည်ဖြစ်ကြောင်း၊ လက်ရှိအစားအစာ စနစ်ကို ပြောင်းလဲနိုင်မှုမရှိခဲ့လျှင် အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာလုံလောက်စွာ မရရှိမှုနှင့် အာဟာရမပြည့်ဝမှုများကို ၂၀၅၀ ပြည့်နှစ်တွင် ကြီးကြီးမားမား ရင်ဆိုင်ရမည်ဟု ဖော်ပြထားပါကြောင်း။

ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုတို့ကို ကမ္ဘာ့နိုင်ငံအသီးသီးက ဆယ်စုနှစ်ကျော် တွေ့ကြုံဖြတ်သန်း ရင်ဆိုင်ခဲ့ရပြီးဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာမှု၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုတ်ယုတ်လာမှုတို့ကြောင့် စားသုံးသီးနှံ၊ သားငါးများ၌ ရောဂါဘယမျိုးစုံ ကျရောက်ပြီး ယင်းတို့ကို ဓာတုဆေးဝါးများ သုံးစွဲနှိမ်နင်းမှုကြောင့် စားနပ်ရိက္ခာ၏ ဘေးကင်းမှု၊ အာဟာရ ပြည့်ဝမှုတို့အပေါ် ကြီးမားသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနေကြရပါကြောင်း။

နှစ်စဉ် သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေကြီး၊ မိုးခေါင်၊ မြေပြို၊ ပိုးမွှားကျရောက်မှုများကို ရင်ဆိုင်ဖြေရှင်းနေရသော အခြေအနေမှ ယခုနှစ်၌ ကမ္ဘာ့လူသားများ၏ အသက်ကိုပါ ခြိမ်းခြောက်အန္တရာယ်ပြုလာသည့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကိုလည်း နိုင်ငံတိုင်း ရင်ဆိုင်တွန်းလှန်နေကြရသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အကျပ်အတည်းများစွာ ရင်ဆိုင်နေကြရသည့်ကာလ၌ မိမိတို့၏ အန္တိမရည်မှန်းချက်ဖြစ်သော ငတ်မွတ်မှုနှင့် အာဟာရမပြည့်ဝမှု ကင်းစင်ရေးပန်းတိုင်မှ သွေဖည်မသွားစေရန် ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း၊ တိုးပွားလာမည့် ကမ္ဘာ့လူဦးရေအတွက်၊ ကမ္ဘာမြေကြီး ရေရှည်တည်တံ့ သာယာဝပြောရန်အတွက် မိမိတို့အပါအဝင် ကမ္ဘာသူကမ္ဘာသားများအားလုံး အတူတကွ လက်တွဲပြီး အာဟာရပြည့်ဝသည့် သီးနှံအမယ်စုံ စိုက်ပျိုးထုတ်လုပ်ရေး ကြိုးပမ်းကြခြင်းအားဖြင့် တည်တံ့ခိုင်မာသော အစားအစာစနစ်ကို ထူထောင်ကြရန် ဖြစ်ပါကြောင်း။

ထို့ကြောင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ဆောင်ပုဒ်ကို "အာဟာရတိုး၊ လူ့အကျိုးကို၊ ဖွံ့ဖြိုးစေရန်၊ တို့ရည်သန်၍၊ ဧကန်ဖွင့်လှစ်၊ ကမ္ဘာသစ်" (Grow, nourish, sustain. Together. Our actions are our future.)"ဟု သတ်မှတ်ထုတ်ပြန်ထားပါကြောင်း။

မိမိတို့မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးအခြေခံနိုင်ငံဖြစ်သည့် အားလျော်စွာ ပြည်သူများ၏ နေ့စဉ်စားရေးအတွက် အာဟာရပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စားနပ်ရိက္ခာများ ထုတ်လုပ်နိုင်ရန် လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒများ၊ စိုက်ပျိုးရေးဆိုင်ရာ မဟာဗျူဟာ၊ နှစ်တိုနှစ်ရှည် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသည့် စိုက်ပျိုးရေးထုတ်ကုန်များ ရေရှည်စိုက်ပျိုးထုတ်လုပ်ရန် ရည်ရွယ်လျက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practice-GAP) နှင့် Organic နည်းစနစ်များ ထွန်းကားလာစေရေး ဆောင်ရွက်လျက်ရှိရာတွင် GAP Guidelines ကို အာဆီယံ GAP နှင့်အညီ ထုတ်ပြန်နိုင်ခဲ့ပြီး သီးနှံအမယ်အသစ်များ တိုးတက်သတ်မှတ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

အလားတူ တိရစ္ဆာန်မွေးမြူရေးနှင့် ငါးမွေးမြူရေး လုပ်ငန်းများတွင်လည်း ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် (Good Animal Husbandry Practice-GAHP) နှင့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (Good Aquaculture Practice- GAqP) များနှင့်အညီ မွေးမြူထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၀ ပြည့်နှစ် မတ်လအတွင်း မြန်မာနိုင်ငံတွင် စတင်ပျံ့နှံ့ခဲ့သည့် ကိုဗစ်-၁၉ ဗိုင်းရပ်ကြောင့် အသွားအလာကန့်သတ်မှု၊ ကုန်စည်စီးဆင်းမှု ကြန့်ကြာမှု၏ အကျိုးဆက်အဖြစ် စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများအပါအဝင် ကဏ္ဍအသီးသီးက ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ ရပ်တန့်မသွားစေရန် နိုင်ငံတော်က စီမံခန့်ခွဲဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့်လည်း စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများ၊ လယ်ယာလုပ်သားများအတွင်း ရောဂါမပြန့်ပွားရေးအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အသိပညာပေးခြင်း၊ သီးနှံ၊ သားငါး ထုတ်လုပ်မှုကို မထိခိုက်စေရေးအတွက် ကိုဗစ်-၁၉ ၏ စီးပွားရေးအပေါ် ထိခိုက်မှုသက်သာရေးစီမံချက် (COVID-19 Economic Relief Plan-CERP) လုပ်ငန်းစဉ်များတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် မိုးစပါးမျိုးစေ့ထုတ်ဧက (၁) သိန်းအတွက် သွင်းအားစုများရရှိရေး တောင်သူများအား ထောက်ပံ့ကူညီခြင်း၊ ကျေးလက်နေ မိသားစုများအတွက် ကျေးရွာ (၁၇၁၀) တွင် Village Revolving Fund Project ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ဆောင်ရွက်ပေးခြင်း၊ Cash for Work စီမံကိန်းများ ဆောင်ရွက်ပေးခြင်း၊ အသေးစား၊ အလတ်စား မွေးမြူရေးလုပ်ငန်းရှင်များအား မွေးမြူရေးဆိုင်ရာ သွင်းအားစုများ ရရှိရေး ထောက်ပံ့ငွေ/ချေးငွေ ပံ့ပိုးကူညီခြင်း၊ ရေချိုငါးလုပ်ကိုင်သူများအတွက် ငါးသားပေါက်များ ဖြန့်ဖြူးပေးခြင်း၊ မွေးမြူထုတ်လုပ်သူ (၁၀၀၀၀) အား သင်တန်းများ ပို့ချပေးခြင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး (၇) ခုရှိ မိုးစပါးဧက (၂၀၀၀) တွင် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှုဝန်ဆောင်မှုပေးခြင်း၊ လယ်ယာသုံး စက်ကိရိယာများ အရစ်ကျရောင်းချပေးရန် စီမံဆောင်ရွက်ပေးခြင်း၊ ဈေးကွက်ဝင် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ ပို့ချခြင်းလုပ်ငန်းများကို ဘဏ္ဍာငွေကျပ် (၈၂ ဒသမ ၆၁) ဘီလီယံဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း။

အချုပ်အားဖြင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ အဓိကတာဝန်ကြီး သုံးရပ်ဖြစ်သော စားနပ်ရိက္ခာဖူလုံရေး၊ စားနပ်ရိက္ခာ ဘေးကင်းလုံခြုံရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ FAO အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ကျင်းပသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနား၏ ဆောင်ပုဒ်အတိုင်း အာဟာရပြည့်ဝသော သီးနှံမျိုးစုံမျိုးကွဲများ စိုက်ပျိုးထုတ်လုပ်၍ ကမ္ဘာကြီး ရေရှည်တည်တံ့ပြီး သာယာဝပြော စည်ပင်လာစေရန် လက်တွဲကြိုးပမ်းကြပါစို့ဟု တိုက်တွန်းဆန္ဒပြုလိုက်ရပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို မြန်မာနိုင်ငံဆိုင်ရာ FAO ဌာနေ ကိုယ်စားလှယ် Ms. Xiaojie Fan က ဖတ်ကြားသည်။

ထို့နောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ရုံးက ၂၀၂၀ ပြည့်နှစ်၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် ဗီဒီယိုကို ပြသသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ငန်းစီမံချက် (AAPDRR) စာအုပ်အား တရားဝင်မိတ်ဆက်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ FAO ဌာနေကိုယ်စားလှယ် Ms. Xiaojie Fan က ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားပြီး FAO-Emergency and Rehabilitation Coordinator ဖြစ်သူ Mr. Reda Lebtahi က လုပ်ငန်းစီမံချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးလှကျော်က စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ငန်းစီမံချက် (AAPDRR) စာအုပ်အား တရားဝင် မိတ်ဆက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေး Online Virtual Meeting ဖြင့် ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

အမျိုးသားမြေ ဥပဒေရေးဆွဲပြုစုရေး အထောက်အကူပြုလုပ်ငန်း အဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေ ချုပ်ရုံး အစည်းအဝေးခန်းမ၌ Online Virtual Meeting ဖြင့် ကျင်းပသည်။ **(အောက်ပုံ)**



အစည်းအဝေးတွင် အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေး အထောက်အကူပြု လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က Covid-19 ရောဂါ ဖြစ်ပွားမှုများကြောင့် အမျိုးသားမြေ ဥပဒေရေးဆွဲပြုစုရေး အထောက်အကူပြု လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကို ယခုမှသာ ကျင်းပနိုင်ခြင်းဖြစ်ပါကြောင်း၊ အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေး အထောက်အကူပြုလုပ်ငန်း အဖွဲ့၏ အဓိကလုပ်ငန်းတာဝန်မှာ အမျိုးသား မြေအသုံးချမှု မူဝါဒနှင့် ညီညွတ်သော မြေယာစီမံခန့်ခွဲရေးနှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေ အသီးသီးကို လွှမ်းခြုံသည့် အမျိုးသား မြေဥပဒေ (မူကြမ်း) ကို ကနဦးရေးဆွဲနိုင်ရေး ဖြစ်ကြောင်း၊ တည်ဆဲမြေ စီမံခန့်ခွဲရေးဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး အတွက် မြေယာစီမံခန့်ခွဲရေးနှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေများကို လေ့လာခြင်း၊ ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်သည့် အချက်များ ဖော်ထုတ်ခြင်းတို့ကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းစီမံချက် (မူကြမ်း) ပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး အထောက်အကူပြုလုပ်ငန်း အဖွဲ့ဝင်ဖြစ်သော သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့အား အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့ငယ် (၇) ဖွဲ့တို့က မိမိတို့တာဝန်ကျရာ ဆောင်ရွက်ရမည့် ကဏ္ဍများကို ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် အထောက်အကူပြု လုပ်ငန်းအဖွဲ့ ဒုတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်လာကြသည့် အထောက်အကူပြု လုပ်ငန်းအဖွဲ့ဝင်များက အကြံပြုဆွေးနွေးတင်ပြရာ အထောက်အကူပြု လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက ပြန်လည်ဖြည့်စွက်ဆွေးနွေးသည်။

အစည်းအဝေးသို့ အထောက်အကူပြုလုပ်ငန်း အဖွဲ့ဝင်များဖြစ်ကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ကမ္ဘာ့ဘဏ်အုပ်စု၏အဖွဲ့အစည်းတစ်ခုဖြစ်သည့် နိုင်ငံစုံရင်းနှီးမြှုပ်နှံမှုအာမခံအေဂျင်စီ၏ Executive Vice President ဖြစ်သူ Mr. Hiroshi Matano နှင့် Virtual ဖြင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၆**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ကမ္ဘာ့ဘဏ်အုပ်စု၏ အဖွဲ့အစည်းတစ်ခုဖြစ်သော နိုင်ငံစုံရင်းနှီးမြှုပ်နှံမှု အာမခံ အေဂျင်စီ (Multilateral Investment Guarantee Agency – MIGA) ၏ Executive Vice President ဖြစ်သူ Mr. Hiroshi Matano နှင့်အဖွဲ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ Virtual Meeting ဖြင့် တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဝင်ရောက်လာရေးကို အထောက်အကူပြုစေနိုင်ရေးအတွက် MIGA ၏ ကြိုးပမ်းဆောင်ရွက်ပေး မှုများအတွက် ကျေးဇူးအထူး တင်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် Public– Private Partnership Project (PPP) နှင့် Loan Projects စသည့် စီမံကိန်းများကို စိစစ်နိုင်ရန် Project Bank တည်ထောင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ MIGA အနေဖြင့် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ယခုထက်ပိုမို၍ ရင်းနှီးမြှုပ်နှံနိုင်ရန် ကြိုးပမ်းပေးစေလိုပါကြောင်း၊ အထူးသဖြင့် Renewable Energy Projects များတွင် ရင်းနှီးမြှုပ်နှံလာနိုင်ရေး အတွက် ပံ့ပိုးကူညီ ပေးစေလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ Infrastr– ucture Projects များတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာနိုင်ရေး အတွက် MIGA နှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

MIGA ၏ Executive Vice President ဖြစ်သူ Mr. Hiroshi Matano က မြန်မာနိုင်ငံသို့ MIGA က ဆက်လက်ပံ့ပိုးကူညီပေးမည့် ကိစ္စရပ်များ၊ MIGA ၏ Guarantee ဖြင့် Sembicomp Myingyan Power Company Limited က တောင်သာမြို့နယ်တွင် ဆောင်ရွက်နေသည့် ၂၂၅ မဂ္ဂါဝပ်ရှိသည့် Gas– fired combined cycle power station project အကောင်အထည်ဖော်မှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့သည်။

ဆက်လက်၍ Mr. Matano က မြန်မာအစိုးရက အကောင်အထည်ဖော်ရန် စီစဉ်နေသည့် Solar Energy Project နှစ်ခုတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံလိုသည့် အဖွဲ့



အစည်းများအား MIGA မှ တိုက်တွန်း ပြောကြားပေးမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ကမ္ဘာ့ဘဏ်အုပ်စုသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် political risk အပါအဝင် large scale high– risk foreign investment project များ၌ နိုင်ငံတကာမှ ပိုမိုတိုးမြှင့် ရင်းနှီးမြှုပ်နှံလာနိုင်စေရေးအတွက် Guarantee များ ထုတ်ပေးခြင်းဖြင့် ပံ့ပိုးကူညီပေးရန် ရည်ရွယ်ချက်ဖြင့် MIGA အား ၁၉၈၈ ခုနှစ် ဧပြီလတွင် စတင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ MIGA တွင် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံ ၂၅ နိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံ ၁၅၇ နိုင်ငံ၊ စုစုပေါင်း ၁၈၂ နိုင်ငံတို့က အဖွဲ့ဝင်များအဖြစ် ဝင်ရောက်ခဲ့ကြပြီးဖြစ်သည်။ မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် MIGA သို့ (၁၈၁) မြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ ဆက်သွယ်ရေး၊ SMEs နှင့် microfinance လုပ်ငန်းကဏ္ဍများရှိ Project ငါးခုအား MIGA ၏ ပံ့ပိုးကူညီမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

တွေ့ဆုံပွဲသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများဖြစ်သည့် ဦးမောင်မောင်ဝင်း၊ ဦးဆက်အောင်နှင့် ဒေါက်တာ မင်းရဲပိုင်ဟိန်း၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့်အတူ ဌာနဆိုင်ရာ အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၁- ၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းသုံးစာအုပ်များ အရည်အသွေးပြည့်မီစွာ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေးအတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၂၁- ၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းသုံးစာအုပ်များ အရည်အသွေး ပြည့်မီစွာ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေးအတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေး(၄/၂၀၂၀) ကို ယနေ့နံနက် ၁၀ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာဝန်ကြီးဌာနများမှ တစ်ဆင့် ချိတ်ဆက်ပါဝင် တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**





အစည်းအဝေးတွင် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ၂၀၂၀- ၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ အရည်အသွေး ပြည့်မီစွာ ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်များကို ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေး ဆပ်ကော်မတီနှင့် ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီတို့ကို တာဝန်ယူထားသည့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ဦးဝင်းမော်ထွန်းတို့က ပြီးခဲ့သည့် အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြပါကြောင်း၊ အဆိုပါ အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် တချို့အချက်များကို ယနေ့ အစည်းအဝေးတွင် ထပ်မံဆွေးနွေး ဆုံးဖြတ်ချက်ရယူ အတည်ပြုသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကျောင်းသုံးစာအုပ်များ ပုံနှိပ်ဖြန့်ချိရေးအတွက် အချိန်မီ ဆောင်ရွက်ပေးခြင်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် စနစ်တကျ လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးစီးဆောင်ရွက်ပေးသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများကို ပညာရေးဝန်ကြီးဌာနကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း၊ ၂၀၂၁–၂၀၂၂ ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များကို ပြုစုလျက်ရှိပါကြောင်း၊ အချိန်မီ ပြုစုပြီးစီးရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသုံးစာအုပ် အသစ်များကို အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီက အတည်ပြု ပေးပို့လာသည်နှင့် ပုံနှိပ်ထုတ်ဝေနိုင်ရေး အတွက် အချိန်နှင့် တစ်ပြေးညီ ဆက်လက်တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၄/၂၀၂၀)တွင် မှတ်တမ်းတင် ဆုံးဖြတ်နိုင်ရန် အချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ရှိရသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီ အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို တင်ပြကြသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေး(၄/၂၀၂၀) ဆုံးဖြတ်ချက်များကို တင်ပြအတည်ပြု မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဖြည့်စွက် ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ် အမှာစကားပြော ကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## ကိုဗစ်- ၁၉ ရောဂါပိုး ရှိ မရှိ စစ်ဆေးရေးစက်နှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်း

**ရွှေလီ အောက်တိုဘာ ၁၆**

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့ကြက်ခြေနီအသင်းသည် အောက်တိုဘာ ၁၄ ရက်တွင် မြန်မာနိုင်ငံ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့သို့ တရုတ်ယွမ်ငွေ ၂၀၁၇၆၀၀ (မြန်မာကျပ်ငွေ သိန်း ၃၉၀၀ ခန့်) တန်ဖိုးရှိသည့် ကိုဗစ် –၁၉ ရောဂါပိုး ရှိ မရှိ စစ်ဆေးရေးစက်နှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းပေးသည်။ အဆိုပါ လှူဒါန်းပွဲသို့ ရွှေလီမြို့တော်ဝန် Mr. Xie Dapeng၊ မူဆယ်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဥက္ကာနှင့်အတူ နှစ်နိုင်ငံ ပြည်ပရေးရာဌာန၊ ကြက်ခြေနီအသင်း၊ ကျန်းမာရေး၊ ရောဂါထိန်းချုပ်ရေးဆိုင်ရာဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ အဆိုပါ ကိုဗစ်– ၁၉ ရောဂါပိုး ရှိ မရှိ စစ်ဆေးရေးစက်ကို တပ်ဆင်အသုံးပြုပါက တစ်ရက်လျှင် လူဦးရေ ၂၀၀၀ ခန့်ကို စစ်ဆေးနိုင်မည်ဖြစ်ရာ မူဆယ်ခရိုင်၏ ကိုဗစ်– ၁၉ ရောဂါပိုး ရှိ မရှိ စစ်ဆေးနိုင်စွမ်းကို များစွာမြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး ကပ်ရောဂါပြန့်ပွားမှုကို ထိရောက်စွာ ကာကွယ်ထိန်းချုပ်ပေးနိုင်မည် ဖြစ်သည်။ ရွှေလီမြို့မှ နည်းပညာကျွမ်းကျင်သူနှင့် စစ်ဆေးရေးပညာရှင် ၄ ဦးဖြင့် ဖွဲ့စည်းထားသော ပညာရှင်များ အဖွဲ့ကိုလည်း မူဆယ်မြို့သို့ စေလွှတ်၍ ၎င်းစက်ပစ္စည်းကို ကူညီတပ်ဆင်ပေးပြီး အသုံးပြုနည်းများကိုလည်း သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးတွင် လက်ရှိဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး လုပ်ငန်းများအား ဆန်းစစ်သုံးသပ်မှု အပတ်စဉ် အစည်းအဝေးကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီးတွင် လက်ရှိဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများအား ဆန်းစစ်သုံးသပ်မှု အပတ်စဉ် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် Video Conferencing ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုလက်ရှိတွင် ကိုဗစ်-၁၉ လူနာများအား ဆေးရုံများ၌ ကုသမှုပေးနေသည့် အခြေအနေ၊ ရောဂါကူးစက်ပြန့်ပွား ကူးစက်မှုကွင်းဆက်နှင့် အရှိန်ကျဆင်းရန် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများအား သုံးသပ်ခြင်းနှင့် လိုအပ်သည့် ပံ့ပိုးမှုများကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်လည်းကောင်း၊ လုပ်ငန်းနည်းစနစ်များကို လောလောဆယ် ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေအရပ်ရပ်နှင့်အညီ လိုအပ်သလို ပြုပြင်ပြောင်းလဲခြင်းများ လုပ်ဆောင်ရန်အတွက် လည်းကောင်း ယနေ့အစည်းအဝေးကို ပြုလုပ်ရခြင်းဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ နေ့စဉ်ပြုစုထားသည့် ကူးစက်ရောဂါဗေဒဆိုင်ရာ သုံးသပ်ချက်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့မှ နေ့စဉ်အစည်းအဝေးပြုလုပ် ဆွေးနွေးသုံးသပ်တင်ပြချက်များ၊ အသွားအလာကန့်သတ်ရာနေရာများ၊ ကိုဗစ်-၁၉ ကုသရေး ဌာနများနှင့် ဆေးရုံများမှ သတင်းအချက်အလက်များနှင့်အညီ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းခြင်းနှင့် ဝန်ကြီးဌာနမှ လုပ်ဆောင်နိုင်သည့်အတိုင်းအတာအတွင်းမှ လုပ်ငန်းများကို ဆောင်ရွက်ခြင်းများကို ပြုလုပ်လျက်ရှိပါကြောင်း။

လူနာများ သေဆုံးမှုကျဆင်းစေရန်အတွက် ကုသပုံနည်းစနစ်သည် အရေးကြီးသကဲ့သို့ လူနာများအား ရောဂါဖြစ်ပွားမှု အခြေအနေအလိုက် နေရာချထားမှုနှင့် အချိန်မီလွှဲပြောင်းကုသပေးမှုတို့သည် ထပ်တူထပ်မျှအရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံမှ ကိုဗစ်-၁၉ သေဆုံးလူနာများ၏ (၉၅) ရာခိုင်နှုန်းသည် နာတာရှည်အခံရောဂါရှိသူများဖြစ်သဖြင့် ဆီးချို၊ သွေးတိုး၊ နှလုံးနှင့် သွေးကြော၊ ကျောက်ကပ်၊ ကင်ဆာ၊ အဆုတ်ရောဂါ အစရှိသည့် အခံရောဂါရှိသူများနှင့် သက်ကြီးရွယ်အိုများအနေဖြင့် ကိုဗစ်-၁၉ သံသယလက္ခဏာ ခံစားရခြင်းရှိပါက ကျန်းမာရေးဌာနသို့ ချက်ချင်းအကြောင်းကြား ပြသကြရမည် ဖြစ်ပါကြောင်း၊ နေအိမ်တွင်သာ နေထိုင်သူများတွင်လည်း နေအိမ်ပြင်ပသို့ အကြောင်းအမျိုးမျိုးဖြင့် သွားလာရသည့် တစ်အိမ်တည်းနေသူများထံမှ ရောဂါကူးစက်ခံရမှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိနေရပါကြောင်း။

**ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းခြင်းသည် အထူးအရေးကြီး**

ကိုဗစ်-၁၉ ရောဂါအပြင် အခြားသော ရောဂါအမျိုးမျိုးအတွက် ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ပုဂ္ဂလိကကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ၏ အခန်းကဏ္ဍသည် အရေးကြီးသဖြင့် ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများနှင့် ပေါင်းစပ်လုပ်ကိုင်ရန် မိမိတို့အားပေးရမည်ဖြစ်ပါကြောင်း၊ ဤကိစ္စကို ထိရောက်စွာစနစ်တကျအကောင်အထည်ဖော်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့က ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် ဆွေးနွေးရမည် ဖြစ်ပါကြောင်း၊ ပြည်သူ့ကျန်းမာရေး တာဝန်ရှိသူများအနေဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု အတက်အကျ၊ ကူးစက်ပျံ့နှံ့မှု ပုံသဏ္ဌာန်၊ အရှိန်အဟုန်၊ ဆေးရုံ၌ တက်ရောက်ကုသမှုခံယူသူများ၏ ရောဂါရရှိမှု ပုံစံနှင့် ကပ်ရောဂါ (epidemiological characteristics) တို့ကို ပြည်သူ့ကျန်းမာရေးနှင့် ကပ်ရောဂါထိန်းချုပ်ရေး ရှုထောင့်မှ အထူးဂရုပြုသုံးသပ်ဆောင်ရွက်စေလိုပါကြောင်း၊ ကိုဗစ်-၁၉ လူနာများနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းခြင်းသည် ယခုအချိန်ကာလ၌ အထူးအရေးကြီးပြီး ၎င်းတို့အားဖော်ထုတ်၍ အသွားအလာကန့်သတ်မှုများ လုပ်ဆောင်နိုင်မှသာလျှင် ရောဂါဖြစ်ပွားမှု ကွင်းဆက်ပြတ်သွားပြီး ရောဂါဖြစ်ပွားသူနည်းပါးလာမည် ဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် ကုန်တင်ကားမောင်းသူများအား Rapid Antigen Diagnostic Test Kit များဖြင့် စစ်ဆေးပေးခြင်းလုပ်ငန်းဆောင်ရွက်ရာ၌ တွေ့ရှိရသော အခက်အခဲနှင့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်အတွက် ဝန်ကြီးဌာနမှ ပံ့ပိုးဆောင်ရွက်ရမည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးကြစေလိုပါကြောင်း၊ အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများ၊ ဆေးရုံနှင့် ကိုဗစ်-၁၉ ကုသရေးဌာနများ တည်ထောင်ခြင်း လုပ်ငန်းများအပါအဝင် ဝန်ကြီးဌာန၏ လုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ တိုးသီရိအောင်က ကိုဗစ်-၁၉ ဖြစ်ပွားမှုအခြေအနေများ၊ ရောဂါကူးစက်ဖြစ်ပွားမှု အတက်အကျ၊ ကူးစက်ပျံ့နှံ့မှု ပုံသဏ္ဌာန်များ၊ ဓာတ်ခွဲစစ်ဆေးမှု အခြေအနေများကို တင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အတွင်းရေးမှူး ဦးစိုးစိုးဇော်က ရန်ကုန်တိုင်းဒေသကြီး ဝင်၊ ထွက် ဂိတ်ပေါက်များတွင် ကုန်တင်ကား ယာဉ်မောင်းများအား Rapid Antigen Diagnostic Test Kit များဖြင့် စစ်ဆေးနေမှုများ၊ ကုန်တင်ကား ယာဉ်မောင်းများအတွက် Rapid Antigen Diagnostic Test Kit ဖြင့် စစ်ဆေးရာ၌ လက်ရှိတွင် ရောဂါ ပိုးမရှိကြောင်း အထောက်အထား စာရွက်အား တစ်ပြေးညီဖြစ်စေရန်နှင့် ထိုသို့စစ်ဆေးရာတွင် ပုဂ္ဂလိကဆေးရုံများအသင်းမှ စေတနာ့ဝန်ထမ်းများက ဆေးသုတေသနဦးစီးဌာန၌ ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု သင်တန်းတက်ရောက်ပြီး ပါဝင်ဆောင်ရွက်မည့်ကိစ္စကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က ကုန်တင်ကား ယာဉ်မောင်းများအား Rapid Antigen Diagnostic Test Kit များဖြင့် စစ်ဆေးနေခြင်းအား ၎င်းတို့စတင်ထွက်ခွာလာသည့် တိုင်းဒေသကြီး/ ပြည်နယ်မှ တာဝန်ယူစစ်ဆေးရန်ကိစ္စကိုလည်းကောင်း၊ ဆေးတက္ကသိုလ် (၁)၊ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဇော်ဝေစိုးက ကိုဗစ်-၁၉ ကုသရေးဌာနများ၏ ခုတင် အရေအတွက်၊ အောက်ဆီဂျင်ပေးကုသမှုပေးနိုင်သည့် ခုတင်အရေအတွက်၊ အထူးကြပ်မတ်ကုသမှုပေးရန် High Dependency Unit နှင့် Intensive Care Unit များ ခုတင်အရေအတွက် အသေးစိတ်နှင့် ထပ်မံတိုးချဲ့ ဆောင်ရွက်လျက်ရှိသည်များ၊ ကိုဗစ်-၁၉ လူနာများအား လက်ခံကုသမှုပေးနေသည့် ကိုဗစ်-၁၉ ကုသရေးဌာနများနှင့် ဆေးရုံများတွင် အောက်ဆီဂျင်ပိုက်လိုင်းများ တပ်ဆင်ထားရှိမှု၊ အောက်ဆီဂျင်အိုးများ မပြတ်တောက်စေရေးအတွက် ကုမ္ပဏီများနှင့် ဆွေးနွေးထားရှိမှု၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံ၊ ရန်ကုန်အနောက်ပိုင်းဆေးရုံ၊ အင်းစိန်ပြည်သူ့ဆေးရုံနှင့် သဃ်န်းကျွန်း ပြည်သူ့ဆေးရုံတို့တွင်လည်း အောက်ဆီဂျင်ပေးရန် ပွိုင့် (၁၀၀) စီ ထပ်မံတပ်ဆင်နေမှု၊ အောက်ဆီဂျင် plant နှင့် generator များ ထပ်မံတပ်ဆင်ရန် စီစဉ်နေမှုနှင့် ပုဂ္ဂလိကဆေးရုံများတွင် ကိုဗစ်-၁၉ လူနာများ လက်ခံကုသနိုင်ရန်နှင့် ပုဂ္ဂလိက ဆေးခန်းများဖွင့်လှစ်ကာ အထွေထွေကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် သက်ဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ စနစ်တကျ ရေးဆွဲရန်တို့ကိုလည်းကောင်း။

ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာဇော်သန်းထွန်းက ရန်ကုန်တိုင်းဒေသကြီး၊ မြို့နယ်များမှ ဓာတ်ခွဲဝန်ထမ်း (၈၀) ဦးအား Rapid Antigen Diagnostic Test Kit များဖြင့် စစ်ဆေးခြင်းသင်တန်းကို အောက်တိုဘာလ (၁၇) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) တွင် ပြုလုပ်သွားမည့်အစီအစဉ်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးပညာဘွဲ့လွန်သင်တန်းသား (၄၀) ဦးအား Ventilator Training ပေးရန် အစီအစဉ်၊ ကိုဗစ်-၁၉ ကူးစက်ခံရသော ကျောက်ကပ်ရောဂါ လူနာများအတွက် ကျောက်ကပ်သွေးသန့်စင်ခြင်း (haemodialysis) ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် စက် (၅) ခု တပ်ဆင်ဆောင်ရွက်မည့် အစီအစဉ်၊ ကျန်းမာရေးဝန်ထမ်းများ နေထိုင်ရန်အတွက် အဆောင်နေရာနှင့် ဟိုတယ်များ ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ) ပါမောက္ခဒေါက်တာ ဌေးဌေးတင်က လက်ရှိတွင် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးနေမှုအခြေအနေများကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာသီတာလှုက ကိုဗစ်-၁၉ ကုသရေးဌာနနှင့် ဆေးရုံအသီးသီးတွင် ကိုဗစ်-၁၉ လူနာများအား ကုသပေးနေမှု အခြေအနေများကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်က ရန်ကုန်တိုင်းဒေသကြီးတွင် စီမံခန့်ခွဲမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် တာဝန်ခွဲဝေဆောင်ရွက်မှုလမ်းကြောင်းများ အတိအကျရှိရန်လိုအပ်မှု၊ ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းရာတွင် လူနာနှင့် ထိတွေ့ခဲ့သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း အားနည်းနေမှု၊ ကိုဗစ်-၁၉ လူနာများအတွက် စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုများ လိုအပ်နေမှုတို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဆေးရုံများနှင့် ကုသရေးဌာနများတွင် လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးမှုနှင့် လိုအပ်ချက်များအား တင်ပြခြင်းတို့ကိုဆောင်ရွက်ကြသည်။

**ကိုဗစ်-၁၉ ဆိုင်ရာ ကုသမှုနည်းစနစ်ပုံစံများကို ရေးဆွဲပြုစု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းဖြည့်ဆည်းပေးခဲ့ကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ရာတွင် ဝန်ကြီးဌာနအနေဖြင့် ကုန်စည်စီးဆင်းမှုများကောင်းမွန်စေရန်နှင့် ရောဂါကူးစက်ပျံ့နှံ့မှု လျော့နည်းစေရန် ရည်ရွယ်ပြီး ကုန်တင်ကားမောင်းသူများအား Rapid Antigen Diagnostic Test Kit များဖြင့် စစ်ဆေးပေးလျက်ရှိရာ၌ ကုန်တင်ကားမောင်းသူများအနေဖြင့်လည်း စစ်ဆေးမှုခံယူပြီး ရောဂါမရှိကြောင်း အဖြေရရှိသော်လည်း စည်းကမ်းလိုက်နာမှုမရှိပါက နောက်တစ်ရက်တွင်ပင် ရောဂါပိုးကူးစက်ရရှိနိုင်သည်ဆိုသည့်အချက်ကို သတိပြုကြရမည်ဖြစ်ပါကြောင်း၊ စည်းကမ်းလိုက်နာမှုမရှိပါက နိုင်ငံတစ်ဝန်းရှိ နေရာအရပ်ရပ်သို့ ရောဂါကူးစက်ပျံ့နှံ့နိုင်သဖြင့် ၎င်းတို့ စည်းကမ်းလိုက်နာမှုရှိစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက အလေးထားကြီးကြပ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ မိမိအနေဖြင့် ပုဂ္ဂလိကဆေးရုံများတွင် ကိုဗစ်-၁၉ လူနာများ လက်ခံကုသနိုင်ရန်ကိစ္စအား လွှန်ခဲ့သော လကပင် သဘောတူညီခဲ့ပြီး ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်နှင့် ပုဂ္ဂလိကဆေးခန်းများဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ရှင်းလင်းပြတ်သားသော လုပ်ငန်းလမ်းညွှန်များကို အမြန်ဆုံး ရေးဆွဲဖြန့်ဝေပေးစေလိုပါကြောင်း၊ ပုဂ္ဂလိကဆေးခန်းများမှ ကုသမှုနှင့်ပတ်သက်၍ သိရှိလိုသည့်အချက်များကို ဝန်ကြီးဌာနမှ အထူးကုဆရာဝန်များထံ ဆက်သွယ်အကြံပြုချက် တောင်းခံနိုင်ရန်အတွက် hotline ဖုန်းနံပါတ်များကိုလည်း စီစဉ်ထားရှိစေလိုပါကြောင်း၊ ပုဂ္ဂလိကဆေးရုံနှင့် ဆေးခန်းများအတွက် ကိုဗစ်-၁၉ ဆိုင်ရာ ကုသမှုနည်းစနစ် ပုံစံများကိုလည်း ဆေးတက္ကသိုလ်များနှင့် ဆေးရုံကြီးများမှ ပါမောက္ခဆရာဝန်ကြီးများက ရေးဆွဲပြုစုကာ ဖြန့်ဝေထားရမည် ဖြစ်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အနေဖြင့် အောက်ဆီဂျင် plant နှင့် generator များ၊ Intensive Care Unit နှင့် High Dependency Unit များ ထပ်မံတပ်ဆင်ရန် ကိစ္စရပ်များအပါအဝင် အခြားဆေးရုံလုပ်ငန်းများ၊ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုကိစ္စရပ်များအား အဖွဲ့ဝင်များတိုင်ပင်ညှိနှိုင်းကာ အချိန်နှင့် တစ်ပြေးညီ ဆုံးဖြတ်ဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်မှုအခြေအနေကိုသာ ဗဟိုသို့ အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားရန်လိုပါကြောင်း၊ ယခု ကိုဗစ်-၁၉ အရှိန်မြင့် ဖြစ်ပွားစဉ်ကာလ၌ မူဝါဒပိုင်းဆိုင်ရာ၊ မဟာဗျူဟာဆိုင်ရာ ကိစ္စရပ်များကိုသာ မိမိနှင့် တာဝန်ရှိ အကြီးအကဲများထံသို့ တယ်လီဖုန်းနှင့် ဆက်သွယ်ပြောကြားရန် ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**



## ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ ရဲမှုထမ်းဟောင်းများအား ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာ ထောက်ပံ့ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး သွားလာမှုကန့်သတ်ချက်များ ရှိလာသဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ ရဲမှုထမ်းဟောင်းများ စားသောက်ရေး အခက်အခဲမရှိစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းက မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ရှိ အုပ်ချုပ်မှု အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ညွှန့်ဝင်းဆွေ က ရဲမှုထမ်းဟောင်းများသို့ ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာ ထောက်ပံ့ပေးအပ်ရခြင်းအား ရှင်းလင်းပြောကြားပြီး ရဲမှုထမ်းဟောင်း ၂၃၀ အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာ ထောက်ပံ့ပေးအပ်ရာ ရဲမှုထမ်းဟောင်းတစ်ဦးက လက်ခံရယူသည်။ **(ဝဲပုံ)**

ထို့နောက် ရဲမှုထမ်းဟောင်းများ ကိုယ်စား ရဲအရာခံ သန်းထွန်း (အငြိမ်းစား) က ကျေးဇူးတင်စကား ပြောကြားကြောင်းနှင့် ယနေ့ပြုလုပ်သည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ရဲမှုထမ်းဟောင်းများသို့ ရိက္ခာ လေးမယ် ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနား၌ ရဲမှုထမ်းဟောင်း တစ်ဦးလျှင် ၁၄ ရက်စာ စားသုံးနိုင်ရန်အတွက် ဆန် သုံးပြည် ခုနစ်ဘူး၊ ဆီ ၂၈ ကျပ်သား၊ ဆား ၂၄ ကျပ်သား၊ ပဲ ၄၂ ကျပ်သားအား ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်အား ဗီဒီယိုကွန်ဖရင့်ဖြင့် လက်ခံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၆

**အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့ညနေပိုင်းတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Virginia Gamba အား ဗီဒီယိုကွန်ဖရင့်ဖြင့် လက်ခံဆွေးနွေးသည်။**



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ နှစ်စဉ်အစီရင်ခံစာပါ ကလေးစစ်သည် စုဆောင်းမှုနှင့် အသုံးပြုမှုစာရင်းမှ မြန်မာ့တပ်မတော်ကို ပယ်ဖျက်ပေးခဲ့ပြီးနောက်ပိုင်း မြန်မာနိုင်ငံ၌ ကလေးစစ်သည် စုဆောင်းမှုနှင့် ကလေးသူငယ်များကို အသုံးပြုမှုများ တားဆီးကာကွယ်ရေးအတွက် ဆက်လက်၍ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ အသိပေးဆွေးနွေးပြောကြားသည်။

အဆိုပါ တားဆီးကာကွယ်ရေးလုပ်ငန်းများ ရေရှည်တည်တံ့မှု ရှိစေရန်အတွက် အမျိုးသားအဆင့် စောင့်ကြည့်ကွပ်ကဲသည့် ယန္တရားတစ်ရပ် တည်ထောင်ရန် ဖြစ်နိုင်မှု၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်အကြမ်းဖက်ကျူးလွန်မှုများကို တားဆီးကာကွယ်ရေးအတွက် မြန်မာနိုင်ငံ၌ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်တစ်ရပ် ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် လက်နက်ကိုင် ပဋိပက္ခများအတွင်း ကလေးသူငယ်များအား ကာကွယ်မှုပေးရေးအတွက် ကုလသမဂ္ဂနှင့် ပူးပေါင်း၍ တိုးမြှင့်ကြိုးပမ်းဆောင်ရွက်ရေး အလားအလာများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Virginia Gamba အား ဗီဒီယိုကွန်ဖရင့်ဖြင့် လက်ခံဆွေးနွေးစဉ်။

# ရန်ကုန်တက္ကသိုလ် ရာပြည့်အခမ်းအနား ကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

ရန်ကုန်တက္ကသိုလ် ရာပြည့်အခမ်းအနား ကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရန်ကုန်တက္ကသိုလ်ရာပြည့်အခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည့် အစီအစဉ်များ ရှိပါကြောင်း၊ ရန်ကုန်တက္ကသိုလ်ရာပြည့် အထိမ်းအမှတ်အဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရုပ်သံအစီအစဉ်များနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ သတင်းစာများတွင် ဆောင်ရွက်နေသည့် အစီအစဉ်များလည်း ရှိပါကြောင်း၊ ထို့အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်နေသည့် အစီအစဉ်များလည်း ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တက္ကသိုလ်ရာပြည့် အထိမ်းအမှတ် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်စေလိုသည့် အစီအစဉ်များရှိပါကလည်း ပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ၂၀၂၀ ဒီဇင်ဘာ ၁ ရက်တွင် သက်တမ်းနှစ် (၁၀၀)ပြည့်မည်ဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်သည်တက္ကသိုလ်အားလုံး၏ မိခင်တက္ကသိုလ်ကြီးဖြစ်ပြီး နိုင်ငံတကာတက္ကသိုလ်များ၏ စနစ်အတိုင်း ယခင်က ဖွဲ့စည်းထားခဲ့ခြင်း ဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ် ရာပြည့်အခမ်းအနားကို ကိုဗစ်- ၁၉ အခြေအနေအရ မည်သို့ကျင်းပနိုင်မည်ဆိုသည်ကို ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ရန်ကုန်တက္ကသိုလ် ရာပြည့်အခမ်း အနားတွင် ထည့်သွင်းသင့်သည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အစီအစဉ်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြီးစီးမှုနှင့် ဆက်လက်ထုတ်လွှင့်ရန် လျာထားဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အစီအစဉ်တွင် ပါဝင်မည့်ဖျော်ဖြေရေး အစီအစဉ်များအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန ပေါင်းစပ်ဆောင်ရွက်သွားမည့် အခြေအနေနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့အတူ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဖိုးကောင်းက ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ် အခမ်းအနားတွင် ထည့်သွင်းကျင်းပသွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အစီအစဉ်အဖြစ် ရောင်စုံခေတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်ကျင်းပနေမှုအခြေအနေနှင့် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်း ပြိုင်ပွဲများ ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသည့် ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်တို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။ ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိမ်းကြီးက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**



ရန်ကုန်တက္ကသိုလ် ရာပြည့်အခမ်းအနား ကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

❑ *ကျောဖုံးမှ*

အခုစက်မှုဇုန်ရဲ့ ၆၀ ရာခိုင်နှုန်းနီးပါး လည်ပတ်နေပါပြီ” ဟု ရွှေလင်ပန်းစက်မှုဇုန်ဥက္ကဋ္ဌ ဦးအေးသောင်းက ပြောသည်။ ယခုလုပ်ငန်းလည်ပတ်လျက်ရှိသော စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများအနေဖြင့် (A) အဆင့် လိုအပ်သည့်ပြင်ဆင်မှုများ ဆောင်ရွက်၍ Online စနစ်ဖြင့် တင်ပြလာမှုအပေါ် ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ လိုအပ်ချက်များအပေါ်မူတည်၍ စစ်ဆေးမှုများ ဆောင်ရွက်ရန်၊ လည်ပတ်နေသော စက်ရုံများအား သက်ဆိုင်ရာ စက်မှုဇုန်ကော်မတီမှ ကြပ်မတ်ဆောင်ရွက်ရန်၊ စက်မှုဇုန်ပြင်ပရှိ လုပ်ငန်းလည်ပတ်လျက်ရှိသော စက်ရုံ/ အလုပ်ရုံ/ အလုပ်ဌာနများကို သက်ဆိုင်ရာမြို့နယ်အလိုက် ဖွဲ့စည်းထားသော အဖွဲ့အစည်းများက တာဝန်ယူကြပ်မတ်ဆောင်ရွက်ရန်၊ လုပ်ငန်းလည်ပတ်လျက်ရှိသော စက်ရုံများ ကျန်းမာရေးညွှန်ကြားချက်နှင့်အညီ ပိုးသတ်ဆေးဖျန်းခြင်းကို အနည်းဆုံး တစ်ရက်တစ်ကြိမ် ဆောင်ရွက်ရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပါက အလုပ်ရှင်၊ အလုပ်သမားများအား သက်ဆိုင်ရာကြီးကြပ်မှုကော်မတီများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြဋ္ဌာန်းထားသော ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေတို့ဖြင့် အရေးယူဆောင်ရွက်သွားရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အောက်တိုဘာ ၁၄ ရက်တွင် ထုတ်ပြန်ထားကြောင်း သိရသည်။

“ကျွန်တော်တို့ကို အောက်တိုဘာ ၁၂ ရက်မှာ စက်ရုံတွေပြန်ဖွင့်ဖို့ အဆင်သင့် မဖြစ်သေးတာကြောင့် အခုဆိုရင် ၆၀ ရာခိုင်နှုန်းနီးပါး လည်ပတ်နေပါပြီ။ ၄၀ ရာခိုင်နှုန်းပြန်မဖွင့်နိုင်တာက ပထမကြေညာချက်မှာ ၂၁ ရက်နေ့အထိ ပိတ်ထားတယ်ဆိုတော့ ကုန်ကြမ်းဝယ်ထားတာ မရှိကြဘူး။ စက်ပိုင်းဆိုင်ရာ ပြင်ဆင်ထားမှုလည်း မရှိဘူး။ နယ်ပြန်ကြတဲ့သူ၊ ရောဂါစိုးရိမ်ပြီး အလုပ်ပြန်မဆင်းနိုင်တဲ့သူဆိုတော့ ၂၁ ရက်နောက်ပိုင်း ရာနှုန်းပြည့် အလုပ်ပြန်ဆင်းနိုင်ပြီလို့ ဆိုရမှာပါ။ အခုလို စက်ရုံတွေ ပြန်ဖွင့်ခွင့်ရတာကို အလွန်ပဲဝမ်းသာတယ်။ ဘယ်ကာလမှာ ပြီးဆုံးမလဲဆိုတာ မသိတဲ့ကပ်ရောဂါကြီးကို လုပ်ငန်းခွင်လည်ပတ်ဖြတ်သန်းပြီး လုပ်ဆောင်ရမယ်ဆိုတာ ကမ္ဘာကြီးက လက်ခံလာကြတယ်။ စက်ရုံတွေရဲ့ကျန်းမာရေး ကာကွယ်၊ ထိန်းချုပ်ရေးဆောင်ရွက်မှုကိုလည်း Online ကနေ စစ်ဆေးသွားဖို့လည်းရှိတယ်” ဟု ရွှေပြည်သာ၊ သာစုကန်၊ ဝါးတစ်ရာစက်မှုဇုန်ဥက္ကဋ္ဌ ဦးမျိုးသိန်းက ပြောကြားသည်။

ရန်ကုန်မြို့ရှိ စက်မှုဇုန်ပေါင်း ၂၉ ဇုန်မှ စက်ရုံများ ရာနှုန်းပြည့် လည်ပတ်နိုင်မှုမရှိသော်လည်း ကုန်စည်စီးဆင်းမှုနှင့် အလုပ်သမားထုတို့၏ စားဝတ်နေရေးကို အလုပ်လုပ်၍ ကိုဗစ်ကာလ၌ နိုင်ငံတော်နှင့်အတူ ရင်ဆိုင်ကျော်ဖြတ်နိုင်မှုသည် တိုင်းပြည်၏ ကုန်ထုတ်စွမ်းအားဆက်လက်ရှင်သန်နေမှုကို ပြလျက်ရှိသည်။ အခြားနိုင်ငံများနည်းတူ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကို သတိပြုလျက် စက်ရုံများလည်ပတ်ရာ၌ရွှေပြည်သာစက်မှုဇုန် ၁၊ ဝါးတစ်ရာစက်မှုဇုန်၊ သာစုကန်စက်မှုဇုန်နှင့် လှိုင်သာယာရွှေလင်ပန်းစက်မှုဇုန်တို့တွင် အောက်တိုဘာ ၁၄ ရက်မှစ၍ ၆၀ ရာခိုင်နှုန်းခန့် လည်ပတ်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**



# ရောဂါကူးစက်ဖို့ အန္တရာယ်ရှိနေသေးတယ်

ကိုဗစ်ရောဂါကို ဘယ်လောက်ကြာကြာ လုပ်ရဦးမှာလဲဆိုတော့ ကျွန်မတို့ နားလည်သလောက်ကတော့ပေ့ါ။ ပညာရှင်များရဲ့အမြင်မှာတော့ ကာကွယ်ဆေးဆိုတာ သိပ်ပြီးတော့မကြာတော့တဲ့ကာလမှာ ဖြစ်နိုင်မယ်။ ပေါ်တော့မယ်။ သုံးနိုင်တဲ့အခြေအနေရောက်မယ်လို့ ပြောကြပါတယ်။ ဒါလည်း ၁၀၀ ရာခိုင်နှုန်း သေချာတယ်လို့ မပြောလိုပါဘူး။ ဒါပေမယ့်လည်း နောက်ဆုံးအချိန်ကိုရောက်နေပြီလို့ တချို့၊ တချို့ဆိုတာ တော်တော်များများပေ့ါ။ ကျန်းမာရေးအမြင်ပိုင်းဆိုင်ရာ ပညာရှင်များက သတ်မှတ်ပါတယ်။ အဲဒီတော့ ဒီလိုအခြေအနေရောက်တဲ့အထိကို အားလုံးဟာ ရောဂါကူးစက်ဖို့ အန္တရာယ်ရှိနေသေးတယ်ဆိုတာကိုတော့ သတိပြုစေချင်ပါတယ်။ ရောဂါရပြီးပြန်ပြီးတော့ ကောင်းလာလို့ ဆေးရုံကဆင်းလာတဲ့သူတွေအတွက်လည်း အန္တရာယ်ရှိပါသေးတယ်။ အခုထက်ထိ ဒီရောဂါက (၂)ကြိမ် မကူးနိုင်ဘူးဆိုတာ ဘာအာမခံချက်မှ မရှိပါဘူး။ ဒါကြောင့် သတိထားကြပါ။

**(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၂–၁၀–၂၀၂၀ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ လေးဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် အောက်တိုဘာ ၁၆**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ မြန်မာ–တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်–၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက ၎င်းတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီက နေရပ်ပြန်ပြည်သူ လေးဦးအား လားရှိုးမြို့သို့ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးသည်။

အဆိုပါ ထပ်မံလွှဲပြောင်း ပို့ဆောင်ပေးသည့် နေရပ်ပြန်ပြည်သူ လေးဦးမှာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့ဖြစ်ကြပြီး ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်မှ တစ်ဦး၊ မြောက်ဥက္ကလာပမြို့နယ်မှ နှစ်ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်မှ တစ်ဦးတို့ဖြစ်သည်။

ချင်းရွှေဟော်မြို့ ကိုဗစ်–၁၉ရောဂါ ကာကွယ်၊ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများအား စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၈၅၈၇ ဦးနှင့် အမျိုးသမီး ၆၉၄၉ ဦးတို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၅၅၃၆ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

## ၁၆-၁၀-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၂၃၇၁ | ၅၃၂၀၇၅၁ | ၂၂၈၃၁ |
| ၂။ | အိန္ဒိယ | ၇၃၇၂၃၉၄ | ၆၄၅၃၀၅၄ | ၁၁၂၁၄ |
| ၃။ | ဘရာဇီး | ၅၁၇၀၉၉၆ | ၄၅၉၉၄၄၆ | ၁၅၂၅၁၃ |
| ၄။ | ရုရှား | ၁၃၆၉၃၁၃ | ၁၀၅၆၅၈၂ | ၂၃၇၂၃ |
| ၅။ | စပိန် | ၉၇၂၉၅၈ | စိစစ်ဆဲ | ၃၃၅၅၃ |
| ၆။ | အာဂျင်တီးနား | ၉၄၉၀၆၃ | ၇၆၄၈၅၉ | ၂၅၃၄၂ |
| ၇။ | ကိုလံဘီယာ | ၉၃၆၉၈၂ | ၈၂၆၈၃၁ | ၂၈၄၅၇ |
| ၈။ | ပီရူး | ၈၅၉၇၄၀ | ၇၆၄၇၅၀ | ၃၃၅၇၇ |
| ၉။ | မက္ကဆီကို | ၈၃၄၉၁၀ | ၆၀၈၁၈၈ | ၈၅၂၈၅ |
| ၁၀။ | ပြင်သစ် | ၈၀၉၆၈၄ | ၁၀၄၀၈၂ | ၃၃၁၂၅ |

## ပြည်ခရိုင်တွင် ရဲမှုထမ်းဟောင်း ၁၀၀ အတွက် တတိယအကြိမ် ရိက္ခာလေးမျိုး ထောက်ပံ့

**ပြည် အောင်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ရဲမှုထမ်းဟောင်း ၁၀၀ အတွက် တတိယအကြိမ် ရိက္ခာအမယ်လေးမျိုး ထောက်ပံ့ပေးအပ်ခြင်းကို ပြည်မြို့ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် နဝဒေးခန်းမ၌ အောက်တိုဘာ ၁၆ရက် နံနက် ၉ နာရီက ပြုလုပ်သည်။



အခမ်းအနားတွင် ပြည်ဒေသကွပ်ကဲမှုစစ်ဌာနချုပ် ကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး အောင်နိုင်ဦးနှင့် တပ်မတော် အရာရှိကြီးများက ရဲဝန်ထမ်းဟောင်း ၁၀၀ ကို ဆန်၊ ဆီ၊ ဆားနှင့် ပဲ စသည့်အခြေခံစားသောက်ကုန် ရိက္ခာလေးမျိုးထောက်ပံ့ပေးအပ်ပြီး ထောက်ပံ့ပေးအပ်ပွဲသို့ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မိုးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲမှုထမ်းဟောင်းများ တက်ရောက် ကြောင်း ပြည်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၆– ၁၀ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၅၃၄၆၁ | ၂၇၇၅၄၄ | ၁၂၃၄၇ |
| ဖိလစ်ပိုင် | ၃၅၁၇၅၀ | ၂၉၄၈၆၅ | ၆၅၃၁ |
| စင်ကာပူ | ၅၇၉၀၁ | ၅၇၇၆၄ | ၂၈ |
| မြန်မာ | ၃၃၄၈၈ | ၁၅၄၇၇ | ၇၉၉ |
| မလေးရှား | ၁၈၇၅၈ | ၁၂၂၅၉ | ၁၇၆ |
| ထိုင်း | ၃၆၆၉ | ၃၄၆၇ | ၅၉ |
| ဗီယက်နမ် | ၁၁၂၄ | ၁၀၃၀ | ၃၅ |
| ကမ္ဘောဒီးယား | ၂၈၃ | ၂၇၈ | ၀ |
| ဘရူနိုင်း | ၁၄၇ | ၁၄၃ | ၃ |
| လာအို | ၂၃ | ၂၂ | ၀ |

## COVID–19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် အောက်တိုဘာ ၁၆**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

သတင်းစဉ်

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၃၈ ဦး တွေ့ရှိ

**(၁၆-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၅-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၆-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၃,၅၁၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၁၃၈)ဦး တွေ့ရှိရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၆-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂,၄၀၅) ခု | (၃၄၅) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၃၉၅) ခု | (၉၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၈၃၄) ခု | (၅၇) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၆၀) ခု | (၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၁၉၂) ခု | (၂) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၄၈) ခု | (၄၃) ဦး |
| နေပြည်တော် အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉၂) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၀) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၂၆) ခု | (၂၆၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၅၆၈) ခု | (၃၂၆) ဦး |
| **စုစုပေါင်း** | **(၁၃,၅၁၀) ခု** | **(၁,၁၃၈)ဦး** |

**မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ (၁၆-၁၀-၂၀၂၀)ရက်နေ့၊ ည (၈:၀၀)နာရီအထိ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၃,၅၁၀) ဦး | (၄၇၈,၀၆၇) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၁၃၈) ဦး | (၃၃,၄၈၈) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၇၇၁) ဦး | (၁၅,၄၇၇) ဦး |
| သေဆုံးလူနာ | (၃၄) ဦး | (၇၉၉) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါ စစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ယနေ့ သေဆုံးသူ (၃၄) ဦး အနက် ရောဂါအခံရှိသူ (၂၉) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့သူ (၂,၃၀၅) ဦးအား ၎င်းတို့၏နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိ၍ ဆက်လက် စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၆-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀)နာရီ**

၁။ (၁၅-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ(၁,၀၂၅) ဦး ၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ | ၈၅ |
| | | စမ်းချောင်း | ၅၉ |
| | | လှိုင် | ၄၃ |
| | | ရွှေပြည်သာ | ၄၁ |
| | | အင်းစိန် | ၃၆ |
| | | ဆိပ်ကြီးခနောင်တို | ၃၅ |
| | | သဃ်န်းကျွန်း | ၃၂ |
| | | တာမွေ | ၂၉ |
| | | မင်္ဂလာဒုံ | ၂၈ |
| | | တောင်ဥက္ကလာပ | ၂၇ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂၆ |
| | | လှိုင်သာယာ | ၂၃ |
| | | ပန်းဘဲတန်း | ၂၃ |
| | | မရမ်းကုန်း * | ၂၂ |
| | | သန်လျင် | ၂၁ |
| | | လမ်းမတော် | ၁၈ |
| | | ဗဟန်း | ၁၇ |
| | | ဒဂုံဆိပ်ကမ်း | ၁၆ |
| | | မင်္ဂလာတောင်ညွန့် | ၁၅ |
| | | သာကေတ | ၁၅ |
| | | ထန်းတပင် | ၁၄ |
| | | အလုံ | ၁၃ |
| | | ဒလ | ၁၃ |
| | | ကျောက်တံတား | ၁၂ |
| | | ကြည့်မြင်တိုင် | ၁၁ |
| | | ဒေါပုံ | ၁၁ |
| | | လသာ | ၁၀ |
| | | ရန်ကင်း | ၉ |
| | | ဗိုလ်တထောင် | ၉ |
| | | မှော်ဘီ | ၈ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၇ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၆ |
| | | ပုဇွန်တောင် | ၆ |
| | | ခရမ်း | ၆ |
| | | ကမာရွတ် | ၄ |
| | | သုံးခွ | ၄ |
| | | ကော့မှူး | ၂ |
| | | တိုက်ကြီး | ၁ |
| | | ကွမ်းခြံကုန်း | ၁ |
| | | စုစုပေါင်း | ၇၅၈ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ၁၅ |
| | | အမရပူရ | ၃ |
| | | မဟာအောင်မြေ | ၃ |
| | | သာစည် | ၃ |
| | | တောင်သာ | ၂ |
| | | အောင်မြေသာဇံ | ၁ |
| | | မြင်းခြံ | ၁ |
| | | မြစ်သား | ၁ |
| | | ချမ်းမြသာစည် | ၁ |
| | | ပြည်ကြီးတံခွန် | ၁ |
| | | စုစုပေါင်း | ၃၁ |
| ၃။ | ရခိုင်ပြည်နယ် | မောင်တော | ၁၀ |
| | | ကျောက်ဖြူ | ၅ |
| | | မြောက်ဦး | ၃ |
| | | စစ်တွေ | ၂ |
| | | ပုဏ္ဏားကျွန်း | ၂ |
| | | ကျောက်တော် | ၂ |
| | | အမ်း | ၂ |
| | | သံတွဲ | ၁ |
| | | မြေပုံ | ၁ |
| | | စုစုပေါင်း | ၂၈ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ကဝ | ၁၈ |
| | | ရေတာရှည် | ၁၇ |
| | | ညောင်လေးပင် | ၁၀ |
| | | တောင်ငူ | ၉ |
| | | ဒိုက်ဦး * | ၉ |
| | | သနပ်ပင် | ၈ |
| | | ကျောက်ကြီး | ၈ |
| | | ဖြူး | ၃ |
| | | ပဲခူး | ၃ |
| | | ကျောက်တံခါး | ၁ |
| | | ရွှေကျင် | ၁ |
| | | ဒိုးကုန်း | ၁ |
| | | ပြည် | ၁ |
| | | အုတ်ဖို | ၁ |
| | | စုစုပေါင်း | ၉၀ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၁ |
| | | ဖျာပုံ | ၁ |
| | | ကြံခင်း | ၁ |
| | | လပွတ္တာ | ၁ |
| | | စုစုပေါင်း | ၄ |
| ၆။ | မွန်ပြည်နယ် | မော်လမြိုင် | ၃ |
| | | သထုံ | ၂ |
| | | ကျိုက်ထို | ၁ |
| | | ကျိုက်မရော | ၁ |
| | | စုစုပေါင်း | ၇ |
| ၇။ | မကွေးတိုင်းဒေသကြီး | နတ်မောက် | ၂၅ |
| | | တောင်တွင်းကြီး | ၇ |
| | | ချောက် | ၇ |
| | | မင်းဘူး * | ၆ |
| | | မကွေး | ၃ |
| | | ပခုက္ကူ | ၃ |
| | | သရက် | ၂ |
| | | မြိုင် | ၂ |
| | | ကံမ | ၁ |
| | | ဆိပ်ဖြူ | ၁ |
| | | ရေနံချောင်း | ၁ |
| | | ရေစကြို | ၁ |
| | | မြို့သစ် | ၁ |
| | | ပွင့်ဖြူ | ၁ |
| | | စုစုပေါင်း | ၆၁ |
| ၈။ | နေပြည်တော် | လယ်ဝေး | ၁ |
| | | ဒက္ခိဏသီရိ | ၁ |
| | | စုစုပေါင်း | ၂ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး | ဒီပဲယင်း | ၅ |
| | | ရွှေဘို | ၁ |
| | | မုံရွာ | ၁ |
| | | တမူး | ၁ |
| | | စုစုပေါင်း | ၈ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၆ |
| | | မြိတ် | ၄ |
| | | ကျွန်းစု | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၁၁။ | ကရင်ပြည်နယ် | ကော့ကရိတ် | ၆ |
| | | ကြာအင်းဆိပ်ကြီး | ၂ |
| | | ဘားအံ | ၁ |
| | | မြဝတီ | ၁ |
| | | စုစုပေါင်း | ၁၀ |
| ၁၂။ | ချင်းပြည်နယ် | မင်းတပ် | ၄ |
| | | ဟားခါး | ၂ |
| | | တွန်းဇံ | ၁ |
| | | စုစုပေါင်း | ၇ |
| ၁၃။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | မိုင်းရယ် | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၄။ | ကချင်ပြည်နယ် | မိုးညှင်း | ၂ |
| | | ဖားကန့် | ၂ |
| | | မြစ်ကြီးနား | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၅။ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | မိုင်းတုံ | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၆။ | ကယားပြည်နယ် | လွိုင်ကော် | ၁ |
| | | စုစုပေါင်း | ၁ |
| | (၁၅-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၀၂၅) ဦး |

* မင်းဘူးမြို့နယ်မှ (၁) ဦး၊ ဒိုက်ဦးမြို့နယ်မှ (၁)ဦး၊ မရမ်းကုန်းမြို့နယ်မှ (၁)ဦးတို့သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာပြီး အသွားအလာကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

မှတ်ချက်။ (၁၅-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၀၂၅) ဦးတွင် အနံ့မရရှိသူ (၁၇၄) ဦး ပါရှိပါသည်။

- (၁၅-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၀၂၆) ဦးအနက်(၁)ဦးမှာ ဒုတိယအကြိမ် ဓာတ်ခွဲနမူနာ ရယူစစ်ဆေးခြင်းဖြစ်သဖြင့် (၁၅-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာမှာ (၁,၀၂၅) ဦး ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၆**

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း စက်ရုံ/အလုပ်ရုံများ ဖွင့်လှစ်ဆောင်ရွက်နေမှုအခြေအနေများ လူမှုဖူလုံရေး အကျုံးဝင် စက်ရုံ၊အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမားများ၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြု ထုတ်ပေးနေသည့် အခြေအနေများနှင့် ပတ်သက်၍ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် Video Conference စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




### ဦးစားပေးကဏ္ဍအဖြစ် သတ်မှတ်ပြီး ဆောင်ရွက်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခု ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယလှိုင်း ကူးစက်ပြန့်ပွားမှုကာလတွင် အလုပ်သမားရေးရာကဏ္ဍအား ဦးစားပေးကဏ္ဍအဖြစ် သတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အောက်တိုဘာ ၁၂ ရက်မှစ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် A အဆင့်ရှိသည့် စက်ရုံ၊ အလုပ်ရုံများအား သတ်မှတ်ထားသည့် စည်းမျဉ်း/စည်းကမ်းချက်များနှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် လုပ်ကိုင်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ အလွန်ကာလတွင် စီးပွားရေး ပြန်လည်ကောင်းမွန်လာရေး၊ တည့်မတ်နိုင်ရေးအတွက် ရည်ရွယ်၍ ရေရှည်အကျိုးကို ကြည့်ကာ သက်ဆိုင်သူအားလုံးက ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အချို့စက်ရုံ၊ အလုပ်ရုံများအား မူလသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသည့်အတွက် ဆက်လက်လုပ်ကိုင်ခွင့်ပြုသည့်အပေါ် အလုပ်သမားအချို့၏ စိုးရိမ်ပူပန်မှုများကိုလည်း နားလည်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့် ကိုက်ညီစေရန် အလုပ်ရှင်နှင့် အလုပ်သမားအားလုံးက တိကျစွာ လိုက်နာလုပ်ဆောင်ကြရန် အထူးအရေးကြီးကြောင်း၊ တင်ပြလာသည့် သတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိဟုယူဆသော စက်ရုံ၊ အလုပ်ရုံများကိုလည်း သက်ဆိုင်ရာဌာနများက ရှောင်တခင်စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာစက်ရုံများရှိ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့များကလည်း မိမိစက်ရုံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးနှင့် ပတ်သက်၍ အလုပ်ရှင်၊ အလုပ်သမား ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လူမှုဖူလုံရေးအဖွဲ့မှ ကိုဗစ်-၁၉ ကာလအတွင်း ဖြေလျှော့ပေးမှုများအနေဖြင့် ထည့်ဝင်ကြေးပေးသွင်းသည့်ကာလကို သက်ဆိုင်ရာလကုန်ဆုံးပြီးနောက် (၃) လ နောက်ဆုတ်ပေးသွင်းခွင့်ပြုခြင်း၊ အလုပ်လက်မဲ့ကာလအတွင်း မကျန်းမာမှု ငွေကြေးအကျိုးခံစားခွင့်/ဆေးဖိုးနှင့် ခရီးစရိတ်များကို ၆ လမှ ၁ နှစ်အထိခံစားခွင့်ပြုခြင်း၊ ကိုယ်ဝန်ဆောင်အာမခံ အလုပ်သမားများကို မကျန်းမာမှု ငွေကြေးအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်း ခွင့်ပြုခြင်းနှင့် Quarantine ဝင်ရသည့် အာမခံအလုပ်သမားများ မကျန်းမာမှု ငွေကြေးအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်း ခွင့်ပြုပေးခဲ့ပါကြောင်း။

### ထောက်ပံ့မှုများ

ထောက်ပံ့မှုများအနေဖြင့် COVID -19 1st Wave ကာလ ဧပြီ ၂၀ ရက်မှ မေ ၁၅ ရက်အတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များနှင့်အညီ အစစ်ဆေးခံရန် ခေတ္တပိတ်ထားသောစက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနပေါင်း ၆,၄၂၉ ခုမှ၊ အလုပ်သမားပေါင်း ၈၀၀,၂၆၀ အတွက် ငွေကျပ်သန်း ၁,၉၆၄၀ ဒသမ ၆၃၆ ကို ခွင့်ပြုထုတ်ပေးခဲ့ပြီး ကျန်သောဌာနများကိုလည်း စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ COVID-19 2nd Wave ကာလရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၉၆/၂၀၂၀ နှင့် ၁၉၈/၂၀၂၀ တို့အရ Stay at Home အစီအစဉ်တွင် အကျုံးဝင်သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများတွင်ရှိသော အလုပ်သမား ၈၆၃,၉၀၀ အတွက် လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်းအား ခွင့်ပြုပေးရန် ငွေကျပ်သန်း ၆၀,၁၄၆ သန်း လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုဖူလုံရေးထောက်ပံ့ငွေများ လျှောက်ထားရာတွင် Online Webportal နှင့် မြို့နယ်ရုံးခွဲမှတစ်ဆင့် လျှောက်ထားခြင်းများအား အောက်တိုဘာ ၁၅ ရက်အထိ လျှောက်ထားမှုအချက်အလက်ပြည့်စုံသည့် ဌာန ၁,၁၂၃ ဌာနမှ အာမခံအလုပ်သမား ၁၅၅,၈၂၂ ဦးအတွက် ခွင့်ပြုငွေကျပ်သန်း ၁၀၅၅၀ ဒသမ ၀၃၂ ကို ခွင့်ပြုပေးခဲ့ပြီး ကျန်အလုပ်ဌာနများကိုလည်း ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ Stay at Home အဖြစ် သတ်မှတ်ထားသောကျန်သည့် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးများရှိ မြို့နယ် ၁၁ မြို့နယ်ရှိ အလုပ်ဌာန ၄,၇၂၇ ဌာနရှိ အာမခံအလုပ်သမား ၁၀၂,၃၅၉ ဦးအတွက် လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်းအား ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ပါကြောင်း။

### ဆေးကုသမှု ဆောင်ရွက်ပေးနေ

ဆေးကုသမှု ဆောင်ရွက်ပေးနေမှုများအနေဖြင့် PUI လူနာများအတွက် ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်ဆေးရုံ၊ မန္တလေးအလုပ်သမားဆေးရုံများတွင် ICU နှစ်ခုတင်၊ Isolation ၁၈ ခုတင် စုစုပေါင်း ခုတင် ၂၀ ပြင်ဆင်၍ ကုသမှုများဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ 1st Wave ကာလ မတ် ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ အတွင်းလူနာ ၁,၈၅၉ ဦး၊ ပြင်ပလူနာ ၄၀၃,၉၇၂ ဦးအား ဆေးကုသမှုပေးနိုင်ခဲ့ပြီး 2nd Wave ကာလ ဩဂုတ် ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ အတွင်းလူနာ ၉၃၈ ဦး၊ ပြင်ပလူနာ ၁၇၂,၅၂၂ ဦးအား ဆေးကုသမှုပေးနိုင်ခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း အာမခံအလုပ်သမား ၇၇၂ ဦးမှာ Positive လူနာရှိပြီး သက်ဆိုင်ရာကျန်းမာရေးဌာန၊ တိုင်းဒေသကြီး ကိုဗစ်ကော်မတီမှ သတ်မှတ်ထားသောဆေးရုံများတွင် ဆေးကုသမှု ခံယူလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း Quarantine ပြုလုပ်ခံရသည့် အာမခံအလုပ်သမား ၈၀၅၇ ဦး၊ ဆေးသက်သေခံ လက်မှတ်ထုတ်ပြီးသူ ၁,၆၈၈ ဦး၊ မကျန်းမာမှု ငွေကြေးအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်းထုတ်ပြီးသူ အာမခံအလုပ်သမား ၄၉၉ ဦးအတွက် ငွေကျပ် ၄၅ ဒသမ ၃၉၅ သန်းကို ခွင့်ပြုထုတ်ပေးပြီးဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း အာမခံအလုပ်သမား ကိုယ်ဝန်ဆောင်မိခင် ၉,၈၈၂ ဦး၊ မကျန်းမာမှု ငွေကြေးအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်းထုတ်ပြီးသူ ၃,၃၉၅ ဦးအတွက် ၅၀၁ ဒသမ ၀၈၅ သန်းကို ခွင့်ပြုထုတ်ပေးပြီးဖြစ်ပါကြောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အလုပ်သမားများ၏အကျိုး၊ အလုပ်ရှင်များအကျိုးကို ဦးစားပေး စဉ်းစားလုပ်ဆောင်ပေးလျက်ရှိကြောင်း၊ အလုပ်သမားများအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါထိရောက်စွာ ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်သွားကြရန်နှင့် သက်ဆိုင်ရာများနှင့် ပူးပေါင်းလုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားသည်။

### ဝိုင်းဝန်းအကြံပြုတင်ပြ

ဆက်လက်၍ တက်ရောက်လာသည့် အလုပ်သမားအဖွဲ့အစည်းများမှ လတ်တလော စက်ရုံ၊ အလုပ်ရုံများ ဖွင့်လှစ်ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ ပြဿနာများနှင့် ရောဂါကူးစက်ပြန့်ပွားမှု ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမားများ ပူးပေါင်းဆောင်ရွက်ထားသည့် အခြေအနေများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအား လိုက်နာမှုမရှိသည့် စက်ရုံအလုပ်ရုံများအား တာဝန်ရှိသူများမှ စစ်ဆေးကြပ်မတ်ပေးနိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများနှင့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ဂျာမနီနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သား ၂၄၂ ဦးကို ဘာလင်မြို့ မြန်မာသံရုံးမှ စီစဉ်သည့် Condor Airlines ကယ်ဆယ်ရေးလေယာဉ်ဖြင့်ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ နံနက်ပိုင်း တွင်လည်းကောင်း**(အောက်ပုံ)**၊ ဗီယက်နမ်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သား ၁၀၀ ကို ဟနွိုင်းမြို့ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေပိုင်းတွင် လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ အသီးသီး ပြန်လည်ရောက်ရှိခဲ့ကြသည်။

ထို့အပြင် စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၀ ကို စင်ကာပူမြို့ မြန်မာသံရုံးမှ စီစဉ်သည့် (၂၂) ကြိမ်မြောက် မြန်မာအမျိုးသားလေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့်ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည် ရောက်ရှိခဲ့ကြသည်။



၎င်းတို့ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု (၇)ရက်နှင့် နေအိမ်တွင် အသွားအလာ ကန့်သတ်မှု (၇) ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများနှင့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့နယ်အတွင်း ကျေးရွာ ၅၆ ရွာတွင် သောက်သုံးရေသန့်ရှင်းမှု စမ်းသပ်စစ်ဆေး

**သထုံ အောက်တိုဘာ ၁၆**

မွန်ပြည်နယ် သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၇၅ ရွာအနက်မှ ကျေးရွာ ၅၆ ရွာတွင် ပြည်သူများ သောက်သုံးလျက်ရှိသည့် အများသုံးနေရာမှ ရေနမူနာများကိုရယူကာ စမ်းသပ်စစ်ဆေးလျက်ရှိသည်။

ထိုသို့ စမ်းသပ်ရာတွင် ရေထဲတွင်ပါဝင်သော လူနှင့် တိရစ္ဆာန် အညစ်အကြေးခတ်ကြောင့် ဝမ်းပျက်ဝမ်းလျှောဖြစ်စေတတ်သော အီးကိုလီ ဗက်တီးရီးယားပိုးများ ပါဝင်မှုရှိ/မရှိကို သိရှိနိုင်ရန် အီးကိုလီစမ်းသပ်ကိရိယာများနှင့် သထုံမြို့နယ်ကျေးလက်ရုံး၌ အောက်တိုဘာလ ဒုတိယပတ်မှ စတင်ပြီး စမ်းသပ်စစ်ဆေးလျက်ရှိရာ ဒီဇင်ဘာလအတွင်း အပြီးစမ်းသပ်စစ်ဆေးသွားမည်ဖြစ်သည်။

သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရေး တွင်းတိမ်တွင်းနက်၊ လက်တူးတွင်း၊ မြေသားရေကန်များ၊ စိမ့်စမ်းများနှင့် အခြားရေရရှိနိုင်မည့် နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးဝင်း(ကျေးလက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၁၆**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၈၃လက်မ၊ သိမ်ဇရပ်မြို့တွင် ၂ ဒသမ ၃၂ လက်မ၊ နေပြည်တော်(ဥတ္တရသီရိမြို့နယ်)တွင် ၂ ဒသမ ၂၀ လက်မ၊ ပဲခူးမြို့တွင် ၂ ဒသမ ၀၀ လက်မ၊ ဘီးလင်းမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ဇေါင်းတူမြို့နှင့် ကော့သောင်းမြို့တို့တွင် ၁ ဒသမ ၅၈ လက်မစီနှင့် လယ်ဝေးမြို့နှင့် ဇလောမြို့တို့တွင် ၁ ဒသမ ၅၀ လက်မစီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ပျူခေတ်ရွှေစေတီတော်နှင့် ဆက်စပ်ရှေးဟောင်းဝတ္ထုပစ္စည်းများ အပ်နှံခြင်းအတွက် ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဟန်လင်းကျေးရွာနေ ဦးမျိုးဝင်း၊ ဦးမြင့်မောင်၊ ဦးအောင်မြင့်၊ ဦးဇော်နှင့် ဦးကြက်တောတို့သည် ယာမြေရှင်းလင်းရာမှ တွေ့ရှိရသည့် ရွှေဖြင့်ပြုလုပ်ထားသည့် ခေါင်းလောင်းပုံစေတီ အစိတ်အပိုင်း တစ်ခုနှင့် ထီးတော်တစ်ခု၊ ငွေဖြင့်ပြုလုပ်ထားသည့် စေတီတော်ပစ္စယာ တစ်ခု၊ စေတီတော်အောက်ခံပြား တစ်ခု၊ ငွေနန်းကြိုးအပိုင်းအစ သုံးခု၊ ငွေပြားအပိုင်းအစနှစ်ခုတို့ကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ လာရောက်အပ်နှံခဲ့သဖြင့် ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ကမ္ဘာ့အမွေအနှစ်မြို့ဟောင်းရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဟန်လင်းဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ယခုကဲ့သို့ ပျူခေတ်ရွှေစေတီငယ်နှင့် ဆက်စပ်ရှေးဟောင်းဝတ္ထုပစ္စည်းများကို တာဝန်သိစွာဖြင့် လာရောက် အပ်နှံခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိ ပါကြောင်းနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းတွင် ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုသည် အရေးကြီးပါကြောင်း၊ ယခု လဆန်းပိုင်းကလည်း စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ခုံကြီးကျေးရွာအုပ်စု ပါဟဲ(မြောက်)ရွာနေ ဦးဘိုမြင့် အပါအဝင် ခြောက်ဦးတို့က မိမိတို့ကျေးရွာအနောက်ဘက်ရှိ ကျေးရွာချင်းဆက်လမ်းခင်းရန် စက်ယန္တရားဖြင့် တူးဖော်ထားသော မြေစာပုံအတွင်းမှ ကြေးခေတ်၊ သံခေတ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ဖြစ်သည့် သံလှံသွား၊ သံလက်နက်၊ သံပုဆိန်သွား၊ ကျောက်ပုတီးစေ့၊ သံတူးရွင်း၊ သံဓားနှင့် ကြေးပုဆိန်သွားများ စုစုပေါင်း ပစ္စည်း ၂၅ မျိုးကို လာရောက်အပ်နှံခဲ့သဖြင့် ဆုကြေးငွေကျပ် ၉၉၇၄၇၉ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်က ဆုကြေးငွေကျပ် ၁၁၉၀၂၉၇၀ ကို ပျူခေတ်ရွှေစေတီငယ်နှင့် ဆက်စပ်ရှေးဟောင်းဝတ္ထုပစ္စည်းများ တွေ့ရှိအပ်နှံသူငါးဦးနှင့် ယာခင်းပိုင်ရှင်တို့အား ပေးအပ်ချီးမြှင့်ရာ ဆုကြေးငွေရရှိသူများကိုယ်စား ရပ်မိရပ်ဖ ဦးခင်သောင်းက ဆုကြေးငွေချီးမြှင့်ခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ရှေးဟောင်းဝတ္ထုပစ္စည်းများကို စက်တင်ဘာ ၂၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ထံသို့ အပ်နှံခဲ့ရာ ဝန်ကြီးချုပ်ကကြိုတင်ချီးမြှင့်ငွေကျပ် ၂၆ သိန်း ပေးအပ်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးပို့ခဲ့ရာ မူလရွှေထည်နှင့်ငွေထည်တန်ဖိုးအပြင် ခေတ်ကာလ




တန်ဖိုးနှင့် လက်ရာတန်ဖိုးများ ထပ်ဆောင်း၍ ဆုကြေးငွေကျပ် ၁၁၉၀၂၉၇၀ ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထိုက်တန်စွာ ချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်သည်။


သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် နိုင်ငံအနှံ့အပြားရှိ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများနှင့် အညီ ကာကွယ်စုဆောင်းထိန်းသိမ်းလျက်ရှိရာ ပြည်သူလူထု၏ ပူးပေါင်းကူညီဆောင်ရွက်မှုမှာ အရေးကြီးဆုံးကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့အပြင် ယခုတွေ့ရှိမှုသည် ကမ္ဘာ့အမွေအနှစ် ဟန်လင်းမြို့ဟောင်းတွင် ပထမဆုံး ပျူခေတ်စေတီငယ် တွေ့ရှိခြင်းဖြစ်၍ သမိုင်းတန်ဖိုးကြီးမားသော တွေ့ရှိမှုဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေ

**နေပြည်တော် အောက်တိုဘာ ၁၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ **မိုး/ဇလ**




# အိတ်ချ်ပီဗွီကာကွယ်ဆေးကို အောက်တိုဘာ ၂၀ ရက်တွင် စတင်ထိုးနှံပေးသွားမည်

**နေပြည်တော် အောက်တိုဘာ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပုံမှန်ကာကွယ်ဆေးထိုးခြင်း အစီအစဉ်တွင် (၁၃)ခုမြောက် ကာကွယ်ဆေးအဖြစ် အိတ်ချ်ပီဗွီကာကွယ်ဆေးကို အောက်တိုဘာ ၂၀ ရက်မှစ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ Stay at Home အမိန့်ကြေညာထားသည့် မြို့နယ်များမှလွဲ၍ စတင်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အိတ်ချ်ပီဗွီကာကွယ်ဆေးသည် အိတ်ချ်ပီဗွီပိုးကြောင့် ဖြစ်ပွားသော သားအိမ်ခေါင်းကင်ဆာနှင့် အခြားကင်ဆာရောဂါများမှ ကာကွယ်ပေးနိုင်ပြီး အမျိုးသမီးငယ်များကို အိတ်ချ်ပီဗွီကာကွယ်ဆေး စောနိုင်သမျှ အစောဆုံး ထိုးနှံပေးခြင်းဖြင့် ကာကွယ်မှုအမြင့်မားဆုံးရရှိနိုင်မည့် အခွင့်အလမ်းတစ်ခုလည်းဖြစ်သည်။

အိတ်ချ်ပီဗွီကာကွယ်ဆေးထိုးနှံပေးခြင်း အစီအစဉ်အနေဖြင့် ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလမှ ၂၀၁၁ ခုနှစ် ဩဂုတ်လအတွင်းမွေးဖွားသည့် အမျိုးသမီးများအား မွေးစာရင်း (သို့မဟုတ်) ကျောင်းဝင်ခွင့်ကတ် (သို့မဟုတ်) အိမ်ထောင်စုစာရင်း(သို့မဟုတ်) ပုံမှန်/ အစုလိုက်/ အပိုဆောင်း ကာကွယ်ဆေးထိုးမှတ်တမ်းကတ်များဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးစာရင်းပေးသွင်း၍ ဖိတ်ကြားစာများရယူကြရမည်ဖြစ်သည်။


အိတ်ချ်ပီဗွီကာကွယ်ဆေးထိုးရာတွင် လူစုလူဝေးမဖြစ်စေရေးအတွက် မိဘ (သို့မဟုတ်) အုပ်ထိန်းသူတစ်ဦးလိုက်ပါ၍ အမျိုးသမီးငယ်ကို ချိန်းဆိုထားသော နေ့ရက် (သို့မဟုတ်)အချိန်အတိုင်း သတ်မှတ်ထားသော ကာကွယ်ဆေးစုရပ်သို့ ဖိတ်ကြားစာနှင့်အတူ သွားရောက်ထိုးနှံပေးကြရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားသည့်အတိုင်း ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ နေရာယူခြင်း၊ လက်ကို မကြာခဏဆေးခြင်းစသည့် ရောဂါကာကွယ်ရေးနည်းလမ်းများကို တိကျစွာလိုက်နာကြရမည်ဖြစ်သည်။

Stay at Home မြို့နယ်များတွင် Stay at Home ညွှန်ကြားချက်ပြီးဆုံးသည့် နောက်ရက်တွင် အိတ်ချ်ပီဗွီကာကွယ်ဆေးအပါအဝင် ပုံမှန်ကာကွယ်ဆေးများကို ထိုးနှံပေးသွားမည်ဖြစ်ပြီး ကာကွယ်ဆေးမထိုးရသည့် ကလေးမရှိစေရန် ထိုးနှံပေးသွားမည်ဖြစ်သဖြင့် မိဘများ စိတ်ပူပန်မှုမရှိစေရန်နှင့် Stay at Home ကာလအတွင်း မိမိတို့နေအိမ်များ၌သာ နေထိုင်ကြပါရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တိုက်တွန်းထားသည်။

**သတင်းစဉ်**

### တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးချေးငွေ JICA Two Step Loan ထုတ်ချေးထားမှုအခြေအနေ (၂၁-၇-၂၀၁၇) မှ (၃၀-၉-၂၀၂၀) ရက်နေ့အထိ


(ကျပ်သန်းပေါင်း)




ဇာစ်မြစ် : မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

### တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးချေးငွေ MEB Two Step Loan ထုတ်ချေးထားမှုအခြေအနေ (၂၄-၄-၂၀၁၈) မှ (၃၀-၉-၂၀၂၀) ရက်နေ့အထိ

(ကျပ်သန်းပေါင်း)




ဇာစ်မြစ် : မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

# ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်နေရချိန် တီဘီရောဂါဖြင့် သေဆုံးရသူပိုများလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေး

**ဂျီနီဗာ အောက်တိုဘာ ၁၆**

ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်ရန်အတွက် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများ အသည်းအသန်လုပ်ဆောင်နေရသည်ဖြစ်ရာ တီဘီရောဂါဖြင့် အသက်ဆုံးရှုံးရသူအရေအတွက် များပြားလာနေပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အောက်တိုဘာ ၁၄ ရက်တွင် တီဘီရောဂါနှင့်ပတ်သက်သည့် နှစ်ပတ်လည်အစီရင်ခံစာ၌ ထိုသို့ဖော်ပြခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ၂၀၁၉ ခုနှစ်အတွင်း တီဘီရောဂါဖြစ်ပွားသူ ၁၀ သန်းခန့်ရှိခဲ့ပြီး အဆိုပါနှစ်၌ပင် တီဘီရောဂါနှင့်ဆက်နွှယ်သည့် သေဆုံးသူ ၁ ဒသမ ၄ သန်းအထိရှိခဲ့ကြောင်း ၎င်းအဖွဲ့က ပြောသည်။

၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း တီဘီရောဂါဖြစ်ပွားမှုကို ၉ ရာခိုင်နှုန်းလျှော့ချနိုင်ခဲ့ပြီး အဆိုပါကာလအတွင်း ရောဂါကြောင့်သေဆုံးသူ ၁၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

သို့ရာတွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ရင်ဆိုင်နေရသည့် လက်ရှိကာလ၌ တီဘီရောဂါ ရှာဖွေစစ်ဆေးမှုများ နှောင့်နှေးခဲ့ရကြောင်း ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများက ပြောသည်။

ထို့ပြင် အသွားအလာကန့်သတ်မှုများနှင့် ဝင်ငွေလျော့ကျမှုကလည်း ဆေးကုသရေးအတွက် အခက်အခဲဖြစ်စေခဲ့ကြောင်း ၎င်းတို့က သုံးသပ်ခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တီဘီရောဂါခံစားနေရသည့်လူနာများအား ဆေးဝါးကုသမှုပေးသည့်ဝန်ဆောင်မှုများကို လက်ရှိအခြေအနေအောက် လျော့မသွားစေရေး ဆက်လက်ထိန်းထားရန် နိုင်ငံတကာသို့ တိုက်တွန်းပြောကြားလိုက်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



လူထုကျန်းမာရေးဌာနတစ်ခုတွင် ကလေးငယ်ကို တီဘီရောဂါ ကာကွယ်ဆေးတိုက်ကျွေးရန် စောင့်ဆိုင်းနေသည့် အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။

# ကမ္ဘောဒီးယားနိုင်ငံ၌ ရုတ်တရက်ရေကြီးမှုကြောင့် ၁၃ ဦး သေဆုံးပြီး လူထောင်ချီကယ်ဆယ်ရွှေ့ပြောင်း

**ဖနောင်ပင် အောက်တိုဘာ ၁၆**

ကမ္ဘောဒီးယားနိုင်ငံရှိ မြို့ကြီးများနှင့် ပြည်နယ်ပေါင်း ၂၅ ခုအနက် ၁၉ ခုတို့တွင် အပူပိုင်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးမှုဖြစ်ပေါ်ခဲ့ရာ လူ ၁၃ ဦး သေဆုံးပြီး ၁၂၃၇၆ ဦးကို ကယ်ဆယ်ရွှေ့ပြောင်းမှုများပြုလုပ်ခဲ့ရကြောင်း အင်ဒိုနီးရှားသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီ ပြောရေးဆိုခွင့်ရှိသူ စိန်ဗီချက်က အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားသည်။



ကမ္ဘောဒီးယားနိုင်ငံတွင် ရေကြီးမှုဖြစ်ပွားနေသည့်တစ်နေရာကို တွေ့ရစဉ်။

ယခုလအစောပိုင်းမှ စတင်ကာ ရေကြီးမှုဒဏ်ခံစားခဲ့ရသူ ၁၉၃၂၆၈ ဦးရှိပြီး ရေဘေးလွတ်ရာသို့ ကယ်ဆယ်ရွှေ့ပြောင်းခဲ့ရသူ ၁၂၃၇၆ ဦးရှိကြောင်း သိရသည်။ ရေကြီးမှုကြောင့် ပြည်သူ ၁၃ ဦး သေဆုံးခဲ့ပြီး ၎င်းတို့ထဲတွင် ကလေးငယ်ငါးဦး ပါဝင်ကြောင်း စိန်ဗီချက်က ဆင်ဟွာသို့ ပြောသည်။ ရေကြီးမှုဒဏ် အဆိုးဆုံးခံစားရသည့် ပြည်နယ်များတွင် ဘက်တမ်ဘန်အနောက်မြောက်ပိုင်း ပြည်နယ်၊ ပါဆတ် ပြည်နယ်၊ ဘန်တေမိန်ချေပြည်နယ်နှင့် တောင်ပိုင်းကန်ဒယ်လ်ပြည်နယ်တို့ ပါဝင်ကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေအိမ်အလုံးပေါင်း ၄၇၉၂၃ လုံး ရေနစ်မြုပ်ခဲ့ပြီး စပါးစိုက်ခင်းနှင့် ကောက်ပဲသီးနှံ စိုက်ခင်းပေါင်း ၁၈၆၆၈၉ ဟက်တာခန့် ရေနစ်မြုပ်ပျက်စီးခဲ့ရကြောင်း သိရသည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုလည်း ရပ်နားထားပြီး ရေဘေးဒဏ် အဆိုးဆုံးခံစားရသည့် ပြည်နယ်များရှိ အဓိကလမ်းများကို ပိတ်ထားကြောင်း သိရသည်။ အပူပိုင်းမုန်တိုင်း ဆော်ဒယ်လ် ဝင်ရောက်မှု၏ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုကို ခံစားနေရသည့် ကမ္ဘောဒီးယားနိုင်ငံတွင် လာမည့်အောက်တိုဘာ ၁၇ ရက်မှ ၁၉ ရက်အထိ မိုးဆက်လက်ရွာသွန်းနိုင်ပြီး လေပြင်းများ တိုက်ခတ်ကာ လှိုင်းကြီးနိုင်ကြောင်း ရေအရင်းအမြစ်နှင့် မိုးလေဝသဌာနဝန်ကြီး လင်ကင်ဟော်က အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားသည်။

**ဆင်ဟွာ**

## နျူကလီးယားလက်နက်တားဆီးရေးသဘောတူစာချုပ် အသက်ဝင်ရန် အတည်ပြုနိုင်ငံ သုံးနိုင်ငံသာလိုတော့သည်

**ဂျီနီဗာ အောက်တိုဘာ ၁၆**

ကုလသမဂ္ဂ၏ နျူကလီးယားလက်နက်တားဆီးရေး သဘောတူစာချုပ်ကို အတည်ပြုသည့် နောက်ထပ်တစ်နိုင်ငံ ထပ်တိုးလာခဲ့ပြီး ယင်းနိုင်ငံမှာ တောင်ပစိဖိတ်ကျွန်းနိုင်ငံဖြစ်သည့် တူဗာလု နိုင်ငံဖြစ်ကြောင်း သိရသည်။

တူဗာလုနိုင်ငံသည် နျူကလီးယားလက်နက်တားဆီးရေး သဘောတူစာချုပ်ကို အောက်တိုဘာ ၁၂ ရက်က အတည်ပြုခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့ကြီးက အောက်တိုဘာ ၁၄ ရက်တွင် ကြေညာခဲ့သည်။ သို့ဖြစ်ရာ ယခုအခါ စာချုပ် အသက်ဝင်ရန် အတည်ပြုမည့်နိုင်ငံ သုံးနိုင်ငံသာ ကျန်ရှိတော့ကြောင်း သိရသည်။

ပြီးခဲ့သည့်လနှောင်းပိုင်းက တူဗာလုဝန်ကြီးချုပ် ကူဆီ နာတာနို ကုလသမဂ္ဂအထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားခဲ့မှုအတွင်း ပစိဖိတ်သမုဒ္ဒရာ၌ နျူကလီးယားလက်နက်ပပျောက်ရေးဆီ ဦးတည်သည့် နိုင်ငံတကာ၏ ကြိုးပမ်းမှုအတွက် ကျေးဇူးတင်ကြောင်း ၎င်းကပြောကြားခဲ့သည်။

သို့ရာတွင် နျူကလီးယားလက်နက်စမ်းသပ်မှု၏ နောက်ဆက်တွဲဂယက်ရိုက်ခတ်သည့် ပစိဖိတ်သမုဒ္ဒရာရှိ ပြည်သူတို့၏ လူမှုဘဝ၌ ဒဏ်ရာဟောင်းအဖြစ် ဆက်လက်ကျန်ရှိနေသေးသည်ကို မြင်တွေ့နိုင်ကြောင်း ၎င်းကပြောသည်။

နျူကလီးယားလက်နက်တားဆီးရေးသဘောတူစာချုပ်ကို အတည်ပြုမည်ဟု ကြေညာထားသည့်နိုင်ငံ အများအပြားရှိနေသည်ဖြစ်ရာ မကြာမီ နိုင်ငံပေါင်း ၅၀ ပြည့်မီကာ စာချုပ်အသက်ဝင်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အစ္စရေးနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၀၀၀၀၀ ကျော်သွားပြီဖြစ်

**ဂျေရုဆလင် အောက်တိုဘာ ၁၆**

အစ္စရေးနိုင်ငံတွင် အောက်တိုဘာ ၁၅ ရက်၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ၃၀၀၀၀၀ ကျော်သွားပြီဖြစ်ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ နိုင်ငံအတွင်း နေ့စဉ်ရောဂါကူးစက်ဖြစ်ပွားမှုအရေအတွက် လျော့ကျလာသည်မှာ မကြာသေးကြောင်း သိရသည်။

အစ္စရေးနိုင်ငံတွင် အောက်တိုဘာ ၁၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၇၀၁ ဦးထပ်တိုးလာပြီးနောက် တစ်နိုင်ငံလုံး ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက် စုစုပေါင်း ၃၀၀၂၀၀ ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ကြောင့် သေဆုံးသူ ၂၉ ဦးထပ်တိုးလာပြီးနောက် တစ်နိုင်ငံလုံးသေဆုံးသူအရေအတွက် စုစုပေါင်း ၂၁၂၇ ဦးရှိလာခဲ့သည်။ ရောဂါလက္ခဏာပြင်းထန်မှုကြောင့် အရေးပေါ်ကုသမှုခံယူရသူ အရေအတွက်မှာ ၇၅၅ ဦးမှ ၇၄၂ ဦးသို့ လျော့ကျလာခဲ့ကြောင်း သိရသည်။

ရောဂါပျောက်ကင်းသွားသူ ၅၅၁၅ ဦးထပ်မံပေါ်ထွက်လာပြီးနောက် ရောဂါပျောက်ကင်းသူ အရေအတွက် စုစုပေါင်း ၂၅၇၂၂၆ ဦးရှိလာပြီဖြစ်ကြောင်း သိရသည်။ အောက်တိုဘာ ၁၅ ရက် အစောပိုင်းက ကပ်ရောဂါ စီမံခန့်ခွဲမှုဆိုင်ရာ အထူးအစိုးရအဖွဲ့သည် တစ်လကြာအောင် အသွားအလာကန့်သတ်ပိတ်ဆို့ထားမှုကို အောက်တိုဘာ ၁၈ ရက်မှ စတင်ဖြေလျှော့ပေးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ပြင်သစ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ သုံးသောင်းကျော်ရှိ

**ပါရီ အောက်တိုဘာ ၁၆**

ပြင်သစ်နိုင်ငံ၌ အောက်တိုဘာ ၁၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ အရေအတွက် ၃၀၆၂၁ ဦးအထိရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ ပါရီမြို့နှင့် အခြားမြို့ကြီးများတွင် ညမထွက်ရအမိန့် စတင်သက်ရောက်ရန် ရက်ပိုင်းအလိုတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ အရေအတွက် မြန်မြန်ဆန်ဆန် ခုန်တက်လာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ပြည်သူတို့၏ အသက်ကို ကယ်တင်ရန် ကိုဗစ်-၁၉ ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်အသစ်များကို ချမှတ်ရန်မဖြစ်မနေလိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တိုက်တွန်းလျက်ရှိသည်။ ဥရောပနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ဒုတိယအကျော့ ထပ်မံကူးစက်ဖြစ်ပွားမှုကို အစိုးရများက ရင်ဆိုင်ရလျက်ရှိရာ ကပ်ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများနှင့် လမ်းညွှန်ချက်များအတိုင်း တိတိကျကျလိုက်နာ ဆောင်ရွက်ကြရန် သန်းနှင့်ချီသည့် ပြည်သူများကို တိုက်တွန်းထားကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် လာမည့် အောက်တိုဘာ ၁၇ ရက်မှ စတင်ကာ အဆောက်အအုံများအတွင်း လူထုစုဝေးခြင်းကို ပိတ်ပင်လိုက်ပြီး လန်ဒန်မြို့နှင့် အခြားဒေသများကို ကိုဗစ်-၁၉ အန္တရာယ် သတိပေးနှိုးဆော်ချက်အဆင့်ကို တိုးမြှင့်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ပြင်သစ်၊ အီတလီ၊ ပိုလန်နှင့်ဂျာမနီနိုင်ငံများတွင်လည်း နေ့စဉ်ရောဂါကူးစက်ဖြစ်ပွားမှု အရှိန်မြင့်လျက်ရှိကြောင်း သိရသည်။ **အေအက်ဖ်ပီ**



ပါရီမြို့ရှိ ဒစ္စနေးလန်းဥယျာဉ်မှ ဝန်ထမ်းများ နှာခေါင်းစည်းတပ်ဆင်၍ အလုပ်လုပ်နေစဉ်။



တုပ်ကွေးရောဂါကုသဆေး Avigan

# Avigan ဆေးထုတ်လုပ်သူများက အစိုးရ ခွင့်ပြုချက်ရရန် လျှောက်ထား

တိုကျို အောက်တိုဘာ ၁၆

**ဂျပန်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီသည် ကိုဗစ်- ၁၉ လူနာများကိုကုသသည့် Avigan ဆေးကို အစိုးရက ထောက်ခံခွင့်ပြုပေးရန် လျှောက်ထားလျက်ရှိကြောင်း သိရသည်။ ဖူဂျီ ဖလင်အုပ်စုအောက်ရှိ ဖူဂျီဖလင်တိုယာမာ ဆေးဝါးကုမ္ပဏီသည် ၎င်းတို့၏ ဆေးဝါးအတွက် ထောက်ခံချက်ရရှိရန် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနထံ အောက်တိုဘာ ၁၆ ရက်က လျှောက်ထားခဲ့ကြောင်း သိရသည်။**

အဆိုပါ ကုမ္ပဏီသည် လွန်ခဲ့သည့်လအတွင်းက ကိုဗစ် – ၁၉ လူနာများပါဝင်သည့် စမ်းသပ်ချက်ရလဒ်များကို ကြေညာခဲ့သည်။ Avigan ဆေးကို သုံးစွဲသည့် လူနာသည် အခြားလူနာနှင့် ယှဉ်လျှင် နှစ်ရက်ခွဲခန့်စောကာ ပြန်လည်နာလန်ထူနိုင်သည်ဟု ပြောကြားခဲ့သည်။

ယင်းဆေးဝါးနှင့် ပတ်သက်ပြီး စိုးရိမ်စရာလက္ခဏာများ မတွေ့ရှိရကြောင်း ကုမ္ပဏီဘက်မှ ပြောသည်။ ဂျပန်နိုင်ငံတွင် အီဘိုလာလူနာများကို ကုသသည့် ရမ်ဒက်ဆဗီယာ ဆေးကို ကိုဗစ်- ၁၉ လူနာ ကုသရာတွင် အကျိုးရှိသည့် ကုသမှုအတွက် ခွင့်ပြုချက်ပေးခဲ့သည်။ နောက်ဆုံး ဆုံးဖြတ်ချက်မချမီ Avigan ဆေး၏ လုံခြုံစိတ်ချရမှုနှင့် အကျိုးသက်ရောက်မှုတို့ကို သေချာစဉ်းစားသွားမည်ဟု ဂျပန်ကျန်းမာရေးဝန်ကြီး တာမူရာ နိုရီဟီဆာက ပြောသည်။

ယင်းဆေးနှင့် ပတ်သက်ပြီး စစ်ဆေးရန် အချိန်မည်မျှယူမည်ကိုမူ ပြောကြားသွားခဲ့ခြင်း မရှိပေ။

အင်န်အိတ်ချ်ကေ

# ဂျပန်နိုင်ငံတွင် လေယာဉ်ဆင်းသက်ခငွေကြေးကို ၄၅ ရာခိုင်နှုန်း ယာယီလျှော့ချပေး

တိုကျို အောက်တိုဘာ ၁၆

ဂျပန်နိုင်ငံတွင်ပြည်တွင်းလေကြောင်းလိုင်းများအား အကူအညီပေးရန်အတွက် အစိုးရသည် လေယာဉ်ဆင်းသက်ခကို ၄၅ ရာခိုင်နှုန်း လျှော့ချသွားမည်ဟု ဂျပန်သယ်ယူပို့ဆောင်ရေးဝန်ကြီးက ပြောသည်။

ကိုဗစ်– ၁၉ ကူးစက်မှု ကာလရှည်ကြာဖြစ်ပွားနေသည့်အတွက် ခရီးသွားလာမှုနှုန်းမှာ မကြုံစဖူး ကျဆင်းလျက်ရှိသည့်အတွက် ယခုလို ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း အကာဘာကာဇူယိုရှီက သတင်းထောက်များကို ပြောသည်။

နိုင်ငံပိုင် လေယာဉ်ကွင်းများတွင် ဆင်းသက်မည့် ပြည်တွင်းလေကြောင်းလိုင်းများအတွက်သာ ဆင်းသက်ခကို လျှော့ချပေးမည်ဖြစ်သည်။ ပြီးခဲ့သည့် ဩဂုတ်လအတွက်ပါ နောက်ကြောင်းပြန်ပြီး လေယာဉ်ဆင်းသက်ခများကို လျှော့ချပေးမည်ဖြစ်ရာ လာမည့် ဖေဖော်ဝါရီလအထိ သက်ရောက်မှုရှိမည်ဟု သိရသည်။

သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနသည် ပြီးခဲ့သည့် ကာလကလည်း ဇူလိုင်လအထိ ခြောက်လတာ လေယာဉ်ဆင်းသက်ခ ဆိုင်းငံ့ပေးထားရန် ခွင့်ပြုပေးခဲ့ဖူးသည်။

အင်န်အိတ်ချ်ကေ

# ပါလက်စတိုင်းတို့ အစ္စရေးနှင့် ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ရန် ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး တောင်းဆို

ရီယာ့ဒ် အောက်တိုဘာ ၁၆

ပါလက်စတိုင်းတို့အနေဖြင့် အစ္စရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပြန်စလိမ့်မည်ဟု မျှော်လင့်ထားကြောင်း ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန် သုခမိန် အဖွဲ့နှင့် ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး မင်းသားဖိုင်ဆယ်ဘင်ဖာဟန်အယ်ဆွတ်ဒ်တို့ အွန်လိုင်းမှ ဆွေးနွေးကြစဉ် ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုအချိန်တွင် ပါလက်စတိုင်းနှင့် အစ္စရေးတို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဆီပြန်လာရန် လိုအပ်သည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောကြားသည်။

ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးရရှိရန် တစ်ခုတည်းသော လုပ်ဆောင်နိုင်သည့်အရာမှာ ပါလက်စတိုင်းနှင့် အစ္စရေးတို့ကြား သဘောတူညီမှုရယူရန်ပင်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လအတွင်းကလည်း ယူအေအီးနှင့် ဘာရိန်းနိုင်ငံတို့သည် အစ္စရေးနှင့် ပုံမှန်ဆက်ဆံရေး ထူထောင်ရန် သဘောတူလက်မှတ် ရေးထိုးခဲ့ကြသည်။

ပါလက်စတိုင်းအာဏာပိုင်များက ပြင်းပြင်းထန်ထန် ဆန့်ကျင်ခဲ့ကြပြီး ထိုသို့လုပ်ဆောင်ခြင်းဖြင့် ငြိမ်းချမ်းရေးကို ရယူနိုင်မည်မဟုတ်ဟု တုံ့ပြန်ခဲ့ကြသည်။

အမေရိကန်က ကြားဝင်စီစဉ်ပေးထားသည့် အစ္စရေးနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရန်လည်း ပါလက်စတိုင်းအာဏာပိုင်များက ငြင်းဆိုထားသည်။ ပါလက်စတိုင်းတို့သည် ၎င်းတို့၏ ရပ်တည်ရေးအတွက် ဆော်ဒီအာရေဗျမှ ထောက်ခံမှုရရှိရန် ရှာဖွေလျက်ရှိသည်။

အင်န်အိတ်ချ်ကေ

# အိန္ဒိယတွင် ခုနစ်လကြာ ပိတ်ထားရသည့် ရုပ်ရှင်ရုံများနှင့် ရေကူးကန်များ ပြန်လည်ဖွင့်လှစ်

**နယူးဒေလီ အောက်တိုဘာ ၁၆** အိန္ဒိယနိုင်ငံတွင် ရုပ်ရှင်ရုံ၊ ကဇာတ်ရုံနှင့် ရေကူးကန်များကို ခုနစ်လနီးပါးကြာ ပိတ်ထားခဲ့ရာမှ အောက်တိုဘာ ၁၅ ရက်တွင် ပြန်လည်ဖွင့်လှစ်ခွင့်ပေးလိုက်ကြောင်း သိရသည်။

စက်တင်ဘာ ၃၀ ရက်က ထုတ်ပြန်သည့် လမ်းညွှန်ချက်များနှင့်အညီ ပြန်ဖွင့်ခွင့်ပေးလိုက်ခြင်းဖြစ်သည်။ လမ်းညွှန်ချက်များအရ ရုပ်ရှင်ရုံများသည် ဧည့်သည်ဝင်ဆံ့သည့် ပမာဏ၏ ၅၀ ရာခိုင်နှုန်းကိုသာ လက်ခံရမည်ဖြစ်သည်။

ရုပ်ရှင်ရုံအတွင်း၌လည်း လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရမည့် စည်းကမ်းများအတိုင်း ခုံခြားထိုင်ကာ ကြည့်ရှုရမည်ဖြစ်သည်။


ရုပ်ရှင်ရုံအတွင်း ပရိသတ်များကို တွေ့ရစဉ်။

ရုပ်ရှင်ရုံဝန်ထမ်းများကိုလည်း ရောဂါကာကွယ်ရေး ဝတ်စုံကဲ့သို့ အကာအကွယ်များ ပေးထားပြီး ခြေရာခံလိုက်ရန်အတွက် ဖုန်းနံပါတ်ကို မဖြစ်မနေ ကောက်ခံထားရမည်ဖြစ်သည်။

ပြသချိန်ပြီးတိုင်း ရုပ်ရှင်ရုံအတွင်း သန့်စင်မှု ပြုလုပ်ရမည်ဖြစ်သည်။ ရေကူးကန်များအတွက်မူ လိုက်နာရမည့် စည်းကမ်းများကို အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားပြီး အိုလံပစ်ဆိုက် ရေကူးကန်တွင် လူ ၂၀ သာ ရေကူးခွင့်ပေးထားသည်။

ရေကူးသူများသည် ကိုဗစ်– ၁၉ ကင်းစင်ကြောင်း ပြသနိုင်ရမည်ဖြစ်ပြီး လေ့ကျင့်ရေးစင်တာများတွင် ရေကူးသူ သင်တန်းသားများ၊ နည်းပြများနှင့် ဝန်ထမ်းများအတွက် ကိုဗစ်– ၁၉ စစ်ဆေးရေး လုပ်ငန်းအဖွဲ့ ထားရှိရမည်ဖြစ်သည်။

အောက်တိုဘာ ၁၅ ရက်က အိန္ဒိယတွင် ကိုဗစ် – ၁၉ နောက်ထပ်ကူးစက်ခံရသူ ၆၇၇၀၈ ဦး တွေ့ရှိခဲ့သည်။

ဆင်ဟွာ

# ကိုဗစ်- ၁၉ ကန့်သတ်ချက်များ လုပ်ဆောင်ရန် အထူးလိုအပ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြော

**ဂျီနီဗာ အောက်တိုဘာ ၁၆**

ကိုဗစ်– ၁၉ တိုက်ဖျက်ရေးအတွက် ဥရောပနိုင်ငံများတွင် ကန့်သတ်ချက်အစီအမံများ လုပ်ဆောင်ရန် အထူးလိုအပ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်။

ယခုလအတွင်း ဥရောပနိုင်ငံများတွင် ကိုဗစ်– ၁၉ နေ့စဉ် ကူးစက်ခံရမှုမှာ ၁၂၀၀၀၀ ရှိလာပြီး နှစ်ဆတိုးလာခြင်းဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။

အောက်တိုဘာ ၁၅ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဥရောပဆိုင်ရာ ညွှန်ကြားရေးမှူး ဟန့်စ်ကလူဂီက ၎င်း၏ စိုးရိမ်မှုများကို ထုတ်ဖော်ပြောကြားခဲ့သည်။

ဧပြီလနှင့် နှိုင်းယှဉ်လျှင် ဥရောပနိုင်ငံများ၏ ကိုဗစ်– ၁၉ ကူးစက်မှုမှာ နှစ်ဆမှ သုံးဆဖြစ်လာကြောင်း၊ ဆေးရုံတက်ရောက် ကုသမှုခံယူရသည့် အရေအတွက်မှာလည်း များပြားလျက်ရှိကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

ဆေးစစ်မှု တိုးချဲ့ပြုလုပ်နိုင်ခြင်းကြောင့်လည်း ကိုဗစ်–၁၉ ကူးစက်မှုကို ပိုမို ထောက်လှမ်းမိခြင်းဖြစ်သည်။ ဆေးရုံများတွင် ကုသမှုကောင်းမွန်လာသည့်အတွက် သေဆုံးသူ အရေအတွက်မှာ ငါးပုံပုံတစ်ပုံလျော့နည်းသွားသည်ဟု ၎င်းက ဆက်ပြောသည်။

ဆောင်းရာသီတွင် ဥရောပနိုင်ငံများ၏ တုပ်ကွေးရောဂါပျံ့နှံ့မှုကို သေချာစောင့်ကြည့်သင့်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တောင်းဆိုခဲ့သည်။

တုပ်ကွေးနှင့် ကိုဗစ်–၁၉ လူနာများကြောင့် ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများကို ဝန်နှစ်ဆ ပိလာနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။

အင်န်အိတ်ချ်ကေ


အထူးကြပ်မတ်ကုသဆောင်သို့ လူနာသယ်ဆောင်လာသော ဆေးဝန်ထမ်းများကို တွေ့ရစဉ်။



## မြန်မာ- အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီ၏ သတ္တမအကြိမ် နှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

မြန်မာ- အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီ၏ သတ္တမအကြိမ် နှစ်နိုင်ငံအဆင့်မြင့် အရာရှိကြီးများအဆင့် (Senior Officials' Meeting) အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ Video Conferencing ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမင်းမင်းနှင့် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန၊ Joint Secretary Mr. Anant Swarup တို့က ဦးဆောင်ပြုလုပ်ကြသည်။

အစည်းအဝေးတွင် ယခင်နှစ်များ၏ နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေများကို ပြန်လည်သုံးသပ်ကာ နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏ တိုးတက်စေရေး၊ ပဲမျိုးစုံအပါအဝင် မြန်မာပို့ကုန်များ အိန္ဒိယနိုင်ငံသို့ ပိုမိုတင်ပို့နိုင်ရေးနှင့် မြန်မာ- အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးတက်စေရန်အတွက် ယခင်ထက် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်များကို ဖော်ထုတ်ခဲ့ကြပြီး မြန်မာနိုင်ငံသို့ အိန္ဒိယနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်ရေး၊ မြန်မာ့အထည်အလိပ်ကဏ္ဍ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံမှ ပူးပေါင်းပါဝင် ထောက်ပံ့ကူညီနိုင်ရေး၊ မြန်မာ- အိန္ဒိယ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် ကုန်စည်စီးဆင်းမှု လျင်မြန်စေရေးနှင့် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်ရှိ လမ်း/တံတားများ အဆင့်မြှင့်တင်နိုင်ရေး၊ ဌာနဆိုင်ရာဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍတို့တွင် အိန္ဒိယနိုင်ငံမှ နည်းပညာများ ထောက်ပံ့ပေးနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာ- အိန္ဒိယ နှစ်နိုင်ငံအကြား ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုအရ နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုချောမွေ့စေရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးနိုင်ခဲ့ကြပြီး နှစ်နိုင်ငံအတွက် အပြန်အလှန် အကျိုးဖြစ်ထွန်းကာ အောင်မြင်သည့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စင်ကာပူနိုင်ငံ အစိုးရနှင့် ပြည်သူများက ကိုဗစ်- ၁၉ ရောဂါ စမ်းသပ် ကိရိယာများနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၆**

စင်ကာပူနိုင်ငံ အစိုးရနှင့် ပြည်သူများက မြန်မာနိုင်ငံ၏ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကိုဗစ်- ၁၉ ရောဂါ စမ်းသပ်ကိရိယာများနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြုလုပ်သည်။


အဆိုပါ အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသည့် လေယာဉ်သည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး Ms. Chan Yuen Ying Vanessa Elisabeth က Covid-19 RT-PCR Tests အခုရေ ၂၅၀၀၀၊ နှာခေါင်းစည်း အခုတစ်သန်း၊ လက်သန့် ဆေးရည်ပုလင်း ၂၀၀၀၀ တို့ကို လွှဲပြောင်းပေးအပ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းက လက်ခံရယူသည်။

**ဒေါ်ခင်ယုမေ** ။ ။ နောက်ပိုင်းတော့ အများအားဖြင့် ကျန်းမာရေး ကောင်းနေတုန်းက ကိုကြည်စိုးထွန်းတို့ တွေ့ပါတယ် တီ-နီလေ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့တီ-နီမှာဟာဟုတ်တာပေ့ါ၊အစ်မအများကြီး ကုသိုလ်ရတာ။




**ဒေါ်ခင်ယုမေ** ။ ။ တီ-နီမှာ စွယ်တော်ရောက်တာ၊ အစ်မတို့ တီ-နီအဖွဲ့ တွေသွား မင်းသမီးတွေရော ဘာရော။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ကောင်းတယ်။

**ဒေါ်ခင်ယုမေ** ။ ။ ဝတ်သွားရွတ်ကြတာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ** ။ ။ အဲဒီအလုပ်ပဲ လိုက်လုပ်တာပေ့ါ။

**ကြည်စိုးထွန်း** ။ ။ မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ အဖွဲ့ပေ့ါနော်၊ ကောင်းလိုက်တာ အစ်မရယ် အဲ့ဒါလည်း အနုပညာသည်တွေ ပေါင်းပြီးတော့ လုပ်ကြတဲ့ဟာ ကောင်းပါတယ် အဲဒီဟာ။ နောက်ဆုံးတော့ အစ်မ တရားဘက်




အကယ်ဒမီခင်ယုမေပါဝင်သော တီ-နီအဖွဲ့ဝင်များ ဝတ်ရွတ်စဉ်။

ရောက်သွားတာပေ့ါနော်။

**ဒေါ်ခင်ယုမေ** ။ ။ ဟုတ်တယ်။ အခုကျတော့ တီ-နီတောင်မသွားနိုင် တော့ဘူး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ပါတယ် အစ်မရယ်။ ဒါပေမယ့်လည်း အစ်မ ပရိသတ်တွေ အများကြီးရှိပါတယ်။ အစ်မကို မမေ့သေးတာ၊ အစ်မကိုသတိရ နေတဲ့ ပရိသတ်တွေလည်း အများကြီး ရှိပါသေးတယ်။ အဲဒီတော့ အခုဟာက



အကယ်ဒမီခင်ယုမေနှင့် ဒါရိုက်တာကြည်စိုးထွန်း

ကျွန်တော်လည်း တောင်းဆိုတဲ့ ပရိသတ်တွေက ရှိနေတဲ့အတွက် အစ်မနဲ့ ကျွန်တော် လာတွေ့တာပါ။ တွေ့တော့ အစ်မရဲ့ပရိသတ်ပေ့ါ၊ နောက်ပြီးတော့ ကျွန်တော်တို့ရုပ်ရှင်ပရိသတ်ပေ့ါ။ ကျွန်တော်တို့နဲ့ ကျွန်တော်တို့ ရိုက်တဲ့ကား တွေမဟုတ်ပေမယ့် နောက် ကျွန်တော်တို့ရဲ့ ညီငယ်ညီမငယ် သားငယ်သမီး ငယ်တွေ ရိုက်တဲ့ကားတွေကိုကြည့်နေတဲ့ ပရိသတ်၊ အဲဒီလိုရုပ်ရှင်ကြည့် ပရိသတ်၊ ဗီဒီယိုကြည့်ပရိသတ်၊ နောက်ဂီတပရိသတ်နဲ့ ပတ်သက်လို့ အစ်မ ဘာများ ပြောစရာရှိပါသေးလဲ ပြောပါအစ်မ။

**ဒေါ်ခင်ယုမေ** ။ ။ အစ်မရဲ့ ပရိသတ်ကိုတော့ အစ်မခုထက်ထိ လေးစား ပါတယ်။ ပရိသတ်ကလည်း ကိုယ့်ကို တွေ့ရာနေရာမှာ ခင်မင်ကြပါတယ် ခေါ်ကြပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ** ။ ။ ဆေးရုံသွား ဆေးရုံတွေ့၊ လမ်းမှာသွား၊ အလှူဖြစ်ဖြစ် တွေ့တဲ့နေရာမှာ သူတို့ကလေ။

**ကြည်စိုးထွန်း** ။ ။ ချစ်တုန်းပဲ။

**ဒေါ်ခင်ယုမေ** ။ ။ နှုတ်ဆက်ကြပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ အဲဒီတော့ သူတို့ကို။

**ဒေါ်ခင်ယုမေ** ။ ။ ပရိသတ်ကိုလည်း ကိုယ်ကအမြဲတမ်းချစ်တော့ ပရိသတ်ကလည်း ကိုယ့်ကို အမြဲတမ်း ချစ်တာကို ခံယူရပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ** ။ ။ အဲ့ဒါကို အစ်မတို့က ဝမ်းသာတာပေ့ါနော်။

**ကြည်စိုးထွန်း** ။ ။ ဒါပေ့ါ။

**ဒေါ်ခင်ယုမေ** ။ ။ ကိုယ်လုပ်ခဲ့တဲ့အနုပညာ ကိုယ်ရှေ့လျှောက် မလုပ် နိုင်တော့။ ဒါပေမယ့် ပြီးခဲ့တဲ့ဟာလေးတွေကို သူတို့က ယနေ့ထိ အသိအမှတ် ပြုပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ** ။ ။ အဲဒါမျိုးပေ့ါနော်။ အခုနောက်ပိုင်း တွေ့တဲ့လူတွေက အစ်မလေ ကျွန်မတို့က ဟိုဇာတ်ကားထဲမှာ ဟိုနေရာလေးလေ အဲဒါလေးလုပ် သွားတာ၊ သူတို့က ဇာတ်လမ်းနဲ့ ဇာတ်ကွက်ကိုပါ သူတို့က အလွတ်ရနေတာ။ ဪ ဒါဆို သူတို့တွေက တကယ်သဘောကျကြတာပဲ။ ကိုယ်က ပိုပြီးတော့ လေ လေးစားတယ် ချစ်တယ်။

*စာမျက်နှာ ၂၂ သို့*






အကယ်ဒမီခင်ယုမေ၏ ရုပ်ရှင်ဇာတ်ကားများ

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒူကထောင်ရပ်ကွက်အတွင်း မဲစာရင်းကြေညာထားရှိမှု အခြေအနေနှင့် ရပ်ကွက်တွင်းလမ်းများခင်းကျင်းပေးနိုင်ရေး ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား အောက်တိုဘာ ၁၆**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက်အတွင်း မဲစာရင်း ကပ်ထားကြေညာထားရှိမှုအခြေအနေနှင့် ရပ်ကွက်အတွင်း လမ်းများ ခင်းကျင်းဆောင်ရွက်ပေးနိုင်ရေးအတွက် အောက်တိုဘာ ၁၄ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဒူကထောင်ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် မဲစာရင်းကပ်ထား ကြေညာမှုတွင် မဲဆန္ဒရှင်များ ကျန်ရှိမှုမရှိစေရေး ဥပဒေအတိုင်း ကူညီဆောင်ရွက်ရာတွင် လည်းကောင်း၊ မဲရုံများ ပြင်ဆင်ဆောင်ရွက်မည့် အခြေအနေများနှင့် မဲပေးရာတွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် စီမံဆောင်ရွက်ရာတွင် လည်းကောင်း လိုအပ်ချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါရပ်ကွက်အတွင်းရှိ နယ်မြေ (၄) ဝန်ပေါင်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး၊ နယ်မြေ(၁၃၊ ၁၄)အတွင်း ကြားလမ်းများ ကတ္တရာခင်းကျင်းပေးနိုင်ရေးနှင့် ရေနုတ်မြောင်းများစနစ်တကျ ဆောင်ရွက်ပေးနိုင်ရေးနှင့် အပိုင်း(၇)အတွင်း မျိုးစော့မ်လမ်းကို လမ်းတိုးချဲ့ပြီး အဆင့်မြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။ **ပြည်နယ်(ပြန်/ဆက်)**






# ရန်ကုန်-တောင်ငူရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုကိုခွင့်ပြုချက်ရရှိပါက ပြန်လည်စတင်မည်

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်မြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုကို ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ဒုတိယအကြိမ် စတင်ဖြစ်ပွားချိန်မှစ၍ ရထားလမ်း အဆင့်မြှင့်တင်မှု လုပ်ငန်းများကို ခေတ္တ ရပ်နားထားခဲ့ရာမှ ယခုအခါ ခွင့်ပြုချက်ရရှိပါက ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်း လုပ်ငန်းခွင်ကိုပြန်လည် တင်မည်ဖြစ်ကြောင်းလုပ်ငန်းခွင် စီမံကိန်းအင်ဂျင်နီယာထံမှ သိရသည်။

"ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်ထွက်တဲ့နေ့က စပြီး ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်းမှာ မြေသားလုပ်ငန်း၊ သံလမ်းလုပ်ငန်း၊ တံတားလုပ်ငန်းတွေ လုပ်ဆောင်နေမှုတွေကို ယာယီရပ်ထားပါတယ်။ ခွင့်ပြုချက်ရတာနဲ့ ချက်ချင်းပြန်စမှာပါ"ဟု ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်း စီမံကိန်းအင်ဂျင်နီယာ ဦးရဲလွင်စိုးက ပြောသည်။

ရန်ကုန်-မန္တလေး အမြန်ရထားလမ်းကို အဆင့်မြှင့်တင်မှုတွင် ရန်ကုန်-တောင်ငူအပိုင်းနှင့် မန္တလေး-တောင်ငူ အပိုင်းဟု နှစ်ပိုင်းခွဲ၍ စီမံဆောင်ရွက်လျက်ရှိပြီး ရန်ကုန်-တောင်ငူ လမ်းပိုင်းကို ဦးစွာ ဆောင်ရွက်လျက်ရှိကာ ထိုလမ်းပိုင်းတွင် အသုံးပြုမည့် ရထားသံလမ်းများကို ဂျပန်နိုင်ငံမှ ရန်ကုန်ဆိပ်ကမ်းသို့ သင်္ဘောဖြင့် ပို့ဆောင်လျက်ရှိသည်။

သင်္ဘောခေါက်ရေ ၂၀ ပေးပို့ရန် စီစဉ်ထားရာ မြန်မာနိုင်ငံသို့ ၁၆ ခေါက်မြောက်အထိ သံလမ်းများ ရောက်ရှိနေပြီဖြစ်ပြီး ရထားလမ်းအဆင့်မြှင့်တင်မှု ဆောင်ရွက်မည့် စီမံကိန်းနေရာများသို့ ဖြန့်ဝေပို့ဆောင်ထားပြီးဖြစ်ကြောင်းလည်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းတွင် လုပ်ငန်းခွင် ယာယီရပ်နားထားသော ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှု စီမံကိန်းကို ဆက်လက်လုပ်ကိုင်ရန် အဆင်သင့်ဖြစ်နေပြီး ခွင့်ပြုချက်ရရှိပါက လုပ်ငန်းခွင်ကို ပြန်လည်စတင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်**

# အနူးအညွတ်တောင်းပန်အပ်ပါသည်

အောက်တိုဘာလ ၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၂ တွင် "အမျိုးသားစာပေဆုရှင် စာရေးဆရာ၊ သတင်းစာဆရာ တက္ကသိုလ်စိန်တင် ကွယ်လွန်" သတင်းကို ဖော်ပြခဲ့ပါသည်။

အဆိုပါသတင်းနှင့် ဓာတ်ပုံကို ကြေးမုံသတင်းစာတိုက်မှ တစ်ဆင့်ရယူပြီး မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာ့အလင်းတွင် ဖော်ပြခဲ့သည့် ဆရာတက္ကသိုလ်စိန်တင်၏ ဓာတ်ပုံမှာ မြန်မာသံတော်ဆင့် သတင်းစာမှ ဓာတ်ပုံဖြစ်ကြောင်း အောက်တိုဘာလ ၁၆ ရက်နေ့တွင် လူမှုကွန်ရက်၌ ဖော်ပြချက်အရ သိရှိရသဖြင့် ဓာတ်ပုံကို Credit အနေဖြင့် မြန်မာသံတော်ဆင့်သတင်းစာဟု သိမှတ်ပေးပါရန်နှင့် ယခုကဲ့သို့ ကြိုတင်ခွင့်ပြုချက်ရယူခြင်း မပြုဘဲ ဖော်ပြမိခဲ့ခြင်းအတွက် စာတည်းအဖွဲ့က အနူးအညွတ်တောင်းပန်အပ်ပါသည်။ **(စာတည်းအဖွဲ့)**

# ထာဝရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

*စာမျက်နှာ ၂၁ မှ*

**ကြည်စိုးထွန်း** ။ ။ မှန်ပါတယ်အစ်မရယ်၊ ကျွန်တော်တို့ အနုပညာသည်တွေရဲ့ ဘဝဆိုတာက ပရိသတ်ပေါ် မှီတည်နေရတာကိုးနော်။ ရေမြင့်မှ ကြာတင့်တာပေါ့နော်။ ပရိသတ်ဖွံ့ဖြိုးတိုးတက်မှ၊ ပရိသတ်ရဲ့ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်မှ ကျွန်တော်တို့ရဲ့ အနုပညာကလည်း တိုးတက်မှာကိုး အစ်မရဲ့နော်။

**ဒေါ်ခင်ယုမေ** ။ ။ ဟုတ်တယ်လေ။

**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ တစ်ပိုင်းက ကျွန်တော်တို့ ကိုယ်တိုင်ကလည်း အနုပညာကို တိုးတက်အောင် ကြိုးစားရမယ်။ တိုးတက်နေတဲ့ အနုပညာကို ကျွန်တော်တို့ ပရိသတ်ကလည်း အားပေးမယ်လို့ ကျွန်တော်တို့က မျှော်လင့်ပါတယ်။ အစ်မရေ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ရဲ့ ပရိသတ်အပေါ်မှာထားတဲ့ မေတ္တာစေတနာ၊ ပရိသတ်အပေါ်မှာထားတဲ့ ကျေးဇူးတရားကို သိတတ်မှုနဲ့ အစ်မဟာ ဒီနေ့ထိလည်း ကျန်းကျန်းမာမာ ရွှင်ရွှင်လန်းလန်းနဲ့ ရှိနေတဲ့အတွက် အခုကျွန်တော့်ရဲ့ ရုပ်ရှင်စကားဝိုင်းလေးမှာ အခုလိုအချိန်ပေးပြီး ပြောကြားတဲ့အတွက် အထူးကျေးဇူးတင်ပါတယ် အစ်မရယ်၊ နောင်လည်း တွေ့ကြပါဦးစို့နော်။

**ဒေါ်ခင်ယုမေ** ။ ။ ဟုတ်ပါပြီ၊ ကိုကြည်စိုးထွန်း ကျေးဇူးကြောင့် ပရိသတ်တွေလည်း တွေ့ရတာပေါ့နော်၊ အစ်မဘာသာ အစ်မဆိုရင် မပြောဖြစ်ဘူးလေ။

**ကြည်စိုးထွန်း** ။ ။ အခုလို ရယ်တာကိုက ပရိသတ်ဘယ်လောက်ချစ်နေမလဲ အစ်မစဉ်းစားကြည့်။ ကျေးဇူးတင်ပါတယ် အစ်မရယ်နော်၊ ကန်တော့ပါတယ် အစ်မရယ်။





အကယ်ဒမီခင်ယုမေ၏ ရုပ်ရှင်ဇာတ်ကားများ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ သတင်းထုတ်ပြန်ချက် (၁၀ / ၂၀၂၀)

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၆ ရက်

၁။ Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေး (၁၀/၂၀၂၀) ဆုံးဖြတ်ချက်အရ ချေးငွေလျှောက်ထားသည့် လုပ်ငန်းများ အနက် ပူးတွဲပါ လုပ်ငန်း (၁၂၀၀) ခုသို့ ခွင့်ပြုငွေ ပမာဏ ကျပ် (၂၁ ဒသမ ၁၂၂) ဘီလီယံကို ဒုတိယအကြိမ် COVID-19 Fund မှ ချေးငွေထုတ်ယူခွင့်ပြုလိုက်ပါသည်။

**ဒုတိယအကြိမ် Covid-19 Fund မှ ဒုတိယအသုတ် ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/လုပ်ငန်းများစာရင်း**

| စဉ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၁ | Lin Win Furniture & Manufacturing Company Limited | 89, Hnin Sin Kone Road, Ahlone Township, Yangon |
| ၂ | DELTA QUEEN INTERNATIONAL COMPANY LIMITED | No. 107/ 09, 15th FL, Wah Wah Win Tower, 4 Ward, Latha, Yangon |
| ၃ | Sinma Furnishings Co., Ltd. | Third Floor, Thirimingalar Old Market, Kyeemyindine Tsp, Yangon |
| ၄ | ထိပ်တန်းဘုရင် ဆီစက်နှင့် ဆီရောင်းဝယ်ရေးလုပ်ငန်း | စုန်းချောင်းကျေးရွာ၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၅ | အောင်ကျော်ကျော် ငါးပုံဆန်စက်လုပ်ငန်း | အမှတ်(၇)၊ အောင်မင်္ဂလာကျေးရွာ၊ တင်သာအုပ်စု၊ ကလေးမြို့နယ် |
| ၆ | ဦးတင်အောင်မြင့် အဏ္ဏဝါ သောက်ရေသန့်လုပ်ငန်း | စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အမှတ်(၃/၁၃၆)၊ ဗိုလ်ချုပ်လမ်း၊ နတ်လူထိပွန် (မြို့ဝင်) |
| ၇ | "အောင်မေတ္တာ" ဆန်စက်လုပ်ငန်း | ရန်ကုန်-ပြည်လမ်း၊ ရွှေတည် (၁)၊ မင်းကွက် (၃) ရပ်ကွက်၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်း |
| ၈ | ပြည့်စုံငွေ ဇီးခွဲစက်လုပ်ငန်း | တ.၅၀၆၊ ရွှေလီလမ်း၊ စက်မှုဇုန်၊ ပခုက္ကူမြို့နယ် |
| ၉ | စန်း စက်ချုပ်သင်တန်းကျောင်း | ရွှေဝတ်မှုန်လမ်းသွယ်၊ အမှတ်(၃)ရပ်ကွက်၊ ပုသိမ်မြို့ |
| ၁၀ | ဦးအောင်နေလင်း (အောင်ဇမ္ဗူကျော် ဆန်စက်) | ကျွဲထိကျေးရွာ၊ ပွင့်ဖြူမြို့နယ် |
| ၁၁ | တက်လူ ယိုစုံ | အမှတ် ၃၄၁၊ ကားဆိပ်ရပ်၊ ပလိပ်မြို့၊ စဉ့်ကိုင်မြို့နယ်၊မန္တလေးတိုင်း |
| ၁၂ | ရွှေလမင်း ဆန်စက် | မ/၄၇၇၊ ဗိုလ်မိုးညိုလမ်း၊ အောင်ဇေယျရပ်ကွက်၊ တပ်ကုန်းမြို့ |
| ၁၃ | ရွှေဖြိုးမောက် ဟာလာဆန်စက် | အမှတ် (၅ က) ရပ်ကွက်၊ နတ်သံကွင်း၊ ကျောက်ကြီးမြို့နယ် |
| ၁၄ | ဦးနိုင်ဦး နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | ဝယ်ကဝါကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၁၅ | ဦးသာ၁ဝ ဆန်စက် | ကရင်ကုန်းရွာ၊ ကရင်ကုန်းအုပ်စု၊ သဲကုန်းမြို့နယ်၊ ပြည်ခရိုင်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၆ | ရွှေလင်းယုန် ဆန်စက် | အရှေ့မြို့ပတ်လမ်း၊ ကြို့ပင်ကောက်မြို့ |
| ၁၇ | ပြေဟိဏ်း ငါးမုန့်နှင့် ငှက်ပျောကြော်လုပ်ငန်း | အမှတ်(၃)ရပ်ကွက်၊ ချောင်းသာ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၈ | သုခရွှေ ဆန်စက် ဒေးဒရဲမြို့နယ်၊ | ခြောက်အိမ်စုကျေးရွာ၊ ချောင်းဖျားကျေးရွာအုပ်စု၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၉ | BT ဆန်စက် | အမှတ်(အေ-၆) စက်မှုဇုန်၊ ရွှေဘိုမြို့ |
| ၂၀ | မေစိမ်းရင်-မုန့်ဟင်းခါးစက် | အမှတ်(၅၁) ဗိုလ်ချုပ်လမ်း၊ (၂)ရပ်ကွက်၊ ရေတာရှည်မြို့ |
| ၂၁ | ရွှေအုန်း ဆန်စက် | အမှတ်(၁၄၅)၊ အောင်သုခလမ်း၊ ကွင်းတောင်ရပ်ကွက်၊ ကျောက်တံခါးမြို့ |
| ၂၂ | လင်း ဆန်စက် | ဥယျာဉ်တော်ကျေးရွာ၊ အုတ်တွင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၂၃ | စိန်ပင်နှစ်ဆယ် ဆန်စက် | အပင်နှစ်ဆယ်တံတားရင်း၊ ဆန်စက်၊ အပင်နှစ်ဆယ်ရွာ၊ ကန်ကြီးထောင့်မြို့နယ် |
| ၂၄ | မိဘမေတ္တာ ဆန်စက်လုပ်ငန်း (ဦးတိုးသီဟ) | ရန်-မန်းလမ်း၊ ခင်ကြီးစံပြကျေးရွာ၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်း |
| ၂၅ | ရွှေကံ့ကော် သောက်ရေသန့် | ရတနာလမ်း၊ ကန်သာဦးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၆ | ဦးဂျူးနပ်စ် ဆန်စက် | ဒဂုံ-မန်းလမ်း၊ ဘာဘူကုန်း၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်း |
| ၂၇ | နွေမိုးဆောင်း ဆန်စက် | မြရတနာလမ်း၊ နွယ်ခွေရပ်ကွက်၊ ကြို့ပင်ကောက်မြို့နယ်၊ ပဲခူးတိုင်း |
| ၂၈ | လွင်မိသားစု ဆီစက် | မုံရွာမြို့၊ စက်မှုဇုန်(၂)၊ စိန်ပန်းနီလမ်း |
| ၂၉ | ရွှေပြည်စိုး ဝါစက်၊ ဆီစက် | ဆန်တန်းလမ်း၊ ရွာတောင်ရပ်ကွက်၊ အောင်လံမြို့ |
| ၃၀ | စန္ဒာလှိုင် ဆန်စက် | ကွင်းဘတ်ကျေးရွာ၊ ငပုတောမြို့နယ်၊ ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်း |
| ၃၁ | သိမ်းမင်းဖြူ ဆန်စက် | ရန်ကုန်-ပြည်လမ်း၊ ဥက္ကံအုပ်စု၊ ကုန်းမြင့်ရွာ၊ ကြို့ပင်ကောက်မြို့ |
| ၃၂ | လျှမ်းလျှမ်းတောက် (လက်ဖက်နှင့်ပဲကြော်) | က (၃၉-၄၄)၊ နီလာစက်မှုဇုန်၊ စစ်ကိုင်းမြို့ |
| ၃၃ | Golden Crown သောက်ရေသန့် | ခွန်တောင်းကြီးကျေးရွာ၊ ရွှေဘိုမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၄ | ဦးမြင့်နိုင်၊ ဒေါ်ကြူကြူ ဆီစက် | ဆပ်သွားကျေးရွာ၊ တောင်တွင်းကြီးမြို့ |
| ၃၅ | ခိုင် ပေါင်မုန့်လုပ်ငန်း | ပုညဝါဒီလမ်း၊ မြို့မရပ်ကွက်၊ လက်ပံတန်းမြို့နယ် |
| ၃၆ | ဒေါ်စိန်ဝင်းနှင့် ဒေါ်အုံးသန်း နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | ပငကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၃၇ | နေဝင်းသူရိန် ပဲယို၊ နှမ်းယိုနှင့်ယိုမျိုးစုံလုပ်ငန်း | အမှတ် ၈၅၊ နုပ်တန်းကွက်သစ်(၂)လမ်း၊ သရက်တောရပ်ကွက်၊ ရွှေတောင်မြို့ |
| ၃၈ | ဦးနိုင်တင်အောင် နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | ပငကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၃၉ | ဦးဇာနည်ငွေး ကုန်းသာဆန်စက် | ကုန်းသာရွာ၊ ကုန်းသာအုပ်စု၊ နတ်တလင်းမြို့နယ် |
| ၄၀ | ဦးမြဆိုင် (ကလောကြိတ်လုပ်ငန်း) | ရွာသစ်ကုန်းကျေးရွာ၊ သမုဒ္ဒရိုးအုပ်စု၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၁ | ဦးသိန်းနိုင် ဆီစက် | သုံးပန်လှကျေးရွာ၊ ချောင်းဦးမြို့နယ်၊ မုံရွာခရိုင် |
| ၄၂ | ဦးပန်းအောင် နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | ဝဲကလောင်းကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၄၃ | ဦးအောင်ချိန် (နေလှန်းဆားကြမ်းလုပ်ငန်း) | အံခဲကျေးရွာ၊ သံဖြူဇရပ်မြို့နယ် |
| ၄၄ | ထက်လျှံ ဆန်စက်နှင့် ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်း | ရန်ကုန် ပြည်လမ်း၊ ကျွန်းကလေးကျေးရွာ၊ လက်ပံတန်းမြို့နယ်၊ ပဲခူးတိုင်း |
| ၄၅ | ဦးမောင်စိုး (ထူးရေခဲစက်) | ဒဂုံ/ မန်းလမ်း၊ မြောက်ပိုင်းရပ်၊ တောကျွဲအင်း(ခ) အောင်မြင်မြို့၊ ကျောက်တံခါးမြို့နယ် |
| ၄၆ | ဒေါ်သန်းသန်းနွယ် (နေလှန်းဆားကြမ်း ထုတ်လုပ်ရေး) | ပငကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ်/ သီရိမာလာလမ်း၊ ကျောက်ပိုင်းရပ်၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၄၇ | ဒေါ်တင်ရီ (နေလှန်းဆားကြမ်း ထုတ်လုပ်ငန်း) | ဗိုလ်နေဝင်းလမ်း၊ ကျောင်းပိုင်းရပ်ကွက်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ် |
| ၄၈ | ဒေါ်မာမာစမ်း နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | ပငကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၄၉ | ဦးစံသိန်း နေလှန်းဆားကြမ်းလုပ်ငန်း | နှစ်ကရင်ကျေးရွာ၊ ရေးမြို့၊ မွန်ပြည်နယ် |
| ၅၀ | အောင်ကျော်ဟိန်း (ဝါစက်) | လလ ၇၁ - ၂၉+၃၈+၃၀+၃၁+၃၆+၃၇၊ ၄၆ x ၄၇ လမ်း၊ ကနောင်မင်းသားကြီးလမ်း၊ စက်မှုဇုန်(၂) ၊ ပြည်ကြီးတံခွန်မြို့နယ် |
| ၅၁ | ကိုမျိုး ပလပ်စတစ်ဗူး ထုတ်လုပ်သည့်လုပ်ငန်း | ပန်းဘဲတန်းရပ်၊ စစ်ကိုင်းမြို့ |
| ၅၂ | ဦးညွန့်မောင် နေလှန်းဆား ထုတ်လုပ်ရေးလုပ်ငန်း | အမှတ် - ၁၂၀၊ ပန်းခြံလမ်း၊ ရှုပမြောက်ရပ်ကွက်၊ စစ်တွေမြို့ |
| ၅၃ | ဦးညီညီ ဆားကြမ်းလုပ်ငန်း | ကွင်းအမှတ် ၁၇၁၇၊ သပြေကွင်း၊ သုံးခွကျေးရွာ၊ ငပုတောမြို့နယ် |
| ၅၄ | ဦးအေးလွင် ဆန်စက်နှင့် ဆန်စပါးရောင်းဝယ်ရေး | အောက်တင်းကုတ်ကျေးရွာ၊ ဇီးဖြူသောင်ကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ် |
| ၅၅ | ဒေါ်ကျေး နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | ဝဲကလောင်းကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၅၆ | ရွှေပြည်ရခိုင် သောက်ရေသန့်လုပ်ငန်း | အမှတ် ၂၈၉၊ နိဗ္ဗာန်လမ်း၊ ကိုင်းရှည်ရပ်ကွက်၊ တောင်ကုတ်မြို့ |
| ၅၇ | ဦးမြင့်အောင် (အမှုန့်ကြိတ်စက်) | အမှတ်- ၃၄၇၊ ပန်းဘဲတန်းရပ်၊ စစ်ကိုင်းမြို့ |
| ၅၈ | သန်းထွေး အမှုန့်ကြိတ်စက် | စက်မှုဇုန်၊ ရွှေဘိုမြို့ |
| ၅၉ | ဒေါ်စန်းရီ နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | ကော့ထော်ပိုင်း၊ ပငရွာ၊ သံဖြူဇရပ်မြို့ |
| ၆၀ | ဦးခြောက် နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | ဝဲကလောင်းကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၆၁ | ဦးသန်း နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | အံခဲကျေးရွာ၊ သံဖြူဇရပ်မြို့နယ် |
| ၆၂ | ဦးအောင်မြင့် နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | ဝဲကလောင်းကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၆၃ | ဒေါ်တင်အေး (သုခချမ်းသာ ဆီစက်) | A- 15 စက်မှုဇုန်၊ မြင်းခြံမြို့ |
| ၆၄ | မြသင်းကြူ ပဲကြော်လုပ်ငန်း | ရွှေအိုး(၁)ရပ်ကွက်၊ မြို့ရိုးပတ်လမ်း၊ တောင်တွင်းကြီးမြို့ |
| ၆၅ | စိန်ကမ္ဘာ့ ဟာလာဆန်စက် | ရန်ကုန်-မန္တလေးလမ်း၊ ရမ်မကျန်းရွာ၊ ကျောက်တံခါးမြို့နယ် |
| ၆၆ | စွန်ကမ္ဘာ ဆားကြိတ်စက်နှင့် ဆားထုတ်လုပ်ရေး | အမှတ်(၄၂၈)၊ စဉ့်အိုးဘိုလမ်း၊ ပုသိမ်မြို့၊ ကမ်းနားလမ်း |
| ၆၇ | ဒေါ်ညိုညိုထွန်း ဆေးပေါ့လိပ်နှင့် ဆန်စက်လုပ်ငန်း | ခြံအမှတ် (၂,၃)၊ ခရိုက်သစ်ကျေးရွာ၊ ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ် |
| ၆၈ | ဦးမင်းချစ်ငွေ နေလှန်းဆားကြမ်းလုပ်ငန်း | အမှတ် ၁၅၁၁၊ လဂွန်းအိမ်လမ်း၊ မြိုင်သာယာရပ်၊ မော်လမြိုင်မြို့ |
| ၆၉ | ငွေဇွန် ပေါင်မုန့်လုပ်ငန်း | အမှတ် (၆) ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၇၀ | ထိန်ထိန်လင်း မုန့်ဟင်းခါးဖတ်လုပ်ငန်း | ထားဝယ်-မြိတ်ကားလမ်း၊ မော်ရှည်ကုန်းရပ်၊ သရက်ချောင်းမြို့ |
| ၇၁ | ရွှေနဒီ သရက်တော ထိုးမုန့်လုပ်ငန်း | အမှတ်(၂)ရပ်ကွက်၊ ချောင်းသာ၊ ဧရာဝတီတိုင်းဒေသကြီး |
| ၇၂ | တိုးတက်အောင် ဆန်စက် နှင့် ဆန်၊ စပါးရောင်းဝယ်ရေး | ကျေးသားရွာ၊ ထန်းပင်မှော်အုပ်စု၊ သဲကုန်းမြို့နယ် |
| ၇၃ | ဦးမဲလှအောင် ဆန်စက်လုပ်ငန်း | ကစ္ဆပနဒီတံတားအနီး၊ သဝင်ကိုင်းကျေးရွာ၊ ကျောက်တော်မြို့ |
| ၇၄ | ဦးညီမြင့် (မြေပဲခွဲစက်လုပ်ငန်း) | အမှတ်- စီ- ၄၂၊ စိတ္တသုခလမ်း၊ အောင်ဇေယျာရပ်၊ မကွေး |
| ၇၅ | နဒီမြန်မာ ဆန်စက် | ပင်းဇင်းကျေးရွာ၊ ဝက်လက်မြို့နယ်၊ ရွှေဘိုခရိုင် |
| ၇၆ | ဦးတင်လှိုင် ဆန်စက်နှင့် ဆန်စပါးထုတ်လုပ် ရောင်းဝယ်ရေး | ၁၄ ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး |

၂။ အဆိုပါ ချေးငွေထုတ်ယူခွင့်ရရှိသူများအား ဘဏ်လုပ်ထုံး လုပ်နည်းများနှင့်အညီ စိစစ်၍ ချေးငွေထုတ်ပေးရာတွင် ဘဏ်တစ်ခုခု၌ တရားစွဲဆိုခံထားရသည့် လုပ်ငန်းဖြစ်ပါက ချေးငွေများ ထုတ်ပေးမည် မဟုတ်ပါကြောင်းနှင့် ကျန်ရှိသည့် လျှောက်လွှာများအား ချေးငွေများ ဆက်လက်ထုတ်ပေးနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

*ဆက်လက်ဖော်ပြပါမည်*

# တက္ကသီလာ မြကျွန်းသာမှာ ပညာရည်နို့သောက်စို့ခဲ့ပါသည် အပိုင်း(၅)

စန်းနီလာဝင်း

**တက္ကသီလာ မြကျွန်းသာသို့ နှစ်တစ်ရာပြည့်အလွမ်း**

- ကံ့ကော်ပျိုသည်
  စိုစိုစိမ်းစိမ်း၊ မြရည်လိမ်းသို့
  ယိမ်းနွဲ့ဘယ်ညာ၊ မြကျွန်းသာဝယ်
  သဘာဝမှာ၊ ပသာဒကြောင့်
  ရင်မှလှိုင်းထ၊ ကြည်နူးရ၏။
  တက္ကသီလာ၊ မြကျွန်းသာဝယ်
  ကဗျာဖွဲ့သီ၊ စာပန်းချီနှင့်
  ဂီတတံတျာ၊ တေးသံသာနှင့်
  ပညာစုံရာ၊ ကျောင်းမဟာ၏
  ဝိဇ္ဇာသိပ္ပံ၊ ထိုဗိမာန်ကို
  ဖန်ဖန်တသ၊ သတိရနေ
  မြကျွန်းညိုညို၊ တက္ကသိုလ်ကို
  ခုလိုအခါ၊ နှစ်တစ်ရာမှာ
  ဇရာကထောင်း၊ အရွယ်ညှောင်းလည်း
  ပြန်ပြောင်းတသ၊ သတိရမြဲ
  ရှိနေဆဲမို့၊ ဘယ်သို့ မေ့၍ရအံ့နည်း။

**ယဉ်မဆုံးနိုင် ပင်လုံးခိုင်ညှာသဇင်ကို ယဉ်တမူမြင်သူ မောပါဘိ**

အလှတွင် အယဉ်ဆင့်၍ အသွင်တင့်သူ ကံ့ကော်တောက ချောနမတို့သည် ညနေဆည်းဆာ၏ နေခြည်နုနုဖြင့် ရွှေရည်ဥ အုနေချိန်ဝယ် အင်းလျားကန်သာတစ်လျှောက်၌ အပန်းဖြေနားနေလမ်းလျှောက်နေကြသည့် ပသာဒမြင်ကွင်းအလှကို မြင်တွေ့ရသည်။ တစ်ယောက်သောသူမှာ အင်းလျားကန် ရေပြင်ပေါ်ဝယ် ရုပ်တိုက်ပြေးလွှားဆော့ကစားနေသည့် ရေလှိုင်းကလေးများနှင့်အတူ သူ့ရင်ထဲက အနုသယ သမုဒယလှိုင်းကလေးများနှင့် ရင်ဆိုင်ယှဉ်ပြိုင်ကာ လှိုင်းထနေပုံရသည်။ သို့သောအခါ သူ၏ သမုဒယ ဂီတသံစဉ်တွင် အနုအလှ ဂီတစာဆိုရှင် အလင်္ကာကျော်စွာ ဗိုလ်ကလေးတင့်အောင်၏ "တက္ကသိုလ်ကျောင်းသူတစ်ဦး" အမည်ရှိ တေးသံသာက တိုးညှင်းသာယာစွာ တိတ်တခိုး ထိုးဖောက်ဝင်ရောက်လာဟန်တူပါသည်။

**တက္ကသိုလ်ကျောင်းသူတစ်ဦး**

ရေး-ဗိုလ်ကလေးတင့်အောင်
ဆို- ကိုမင်းနောင်


ခြေဆင်း xx(တက္ကသိုလ်ကျောင်းသူတစ်ဦး x လှပုံထူးသမျှ တွေ့ရဖူးသည်မှာ x ကြည်စွာဘဝင် နှလုံးရွှင်ပြုံးမိတာ x ယနေ့သာတိုင် ဩော်-မေ့ပါနိုင်ပဲ x တသက်သက်စိတ်ထဲမှာ x မျှော်ကာတွေး ငေးမိခါခါ)xx

xx(အင်းလျားကန်ပါး လျှောက်ခါသွားလို့ x အနားယူသော တစ်နေ့မှာ ယဉ်စွာ ယဉ်စွာ ဆင်ယင်ထုံးဖွဲ့ x ပြုံးလဲ့လဲ့ ချစ်စရာ x ပွင့်သစ်စသည်ပန်း x လန်းသည့်ပုံပမာ x တက္ကသိုလ်ကျောင်းသူတစ်ဦး x ချစ်ကြည်နူးစရာ x လှပကြော့ယဉ်စွာ)xx

xx(တစ်ပတ်လျှို ဆံထုံးကြော့မှာ x တစ်ပွင့်ပန်းပန်လာ x ရှူကာငေး နုဝါသွေး x လက်ရှည်ထူထူ လေးဝတ်ကာ x ကြက်သွေးနီနီ ထမီပန်းခက် x ယဉ်သထက်ယဉ်စွာ x နက်မှောင်ကတ္တီပါ x လှပယဉ်ကျေး ပုံတော်လေးနှင့်ပါ)xx

သံပြိုင် xx(မြန်မာဆန်ဆန် x အနောက်ဟန်မနှော မဖောက်ပြန်သော x သဘောထားဝတ်စားတန်ဆာ x ရှုတိုင်းယဉ် အဆင်ပြေစွာ x အချိုးအစားကျန လှပ၍ ချစ်စရာ x တွေ့ခဲ့ဖူးတဲ့ ကျောင်းသူတစ်ဦးပါ)xx

တေးစာသား၏ဂုဏ်၊ အသံ၏ဂုဏ်၊ ဂီတ၏ဂုဏ်သုံးပါးစလုံးဖြင့် ပြည့်စုံနေသော ဆရာဗိုလ်ကလေး တင့်အောင်၏ သီကုံးဖွဲ့ဆိုမှုပညာနှင့် ဂီတ၏ညာသံ၊ဘယ်သံကို ကျွမ်းကျင်ပိုင်နိုင်စွာ ကူးပြောင်းသီဆိုနိုင်သည့် ကရုဏာသံရှင် အဆိုကျော်ကြီး ကိုမင်းနောင်၏ အဆိုပညာတို့ကြောင့် နားဆင်ကြရသူ သောတရှင်တိုင်းမှာ နားထဲသကြားခဲထည့်လိုက်သည့်ပမာ ချိုမြိန်လှစွာခံစားခဲ့ကြရသည်။ ဂန္ထဝင်တွင် စံတင်ထိုက်သည့် ထိုတေးသံသာ၌ တက္ကသိုလ်ကျောင်းသူတစ်ဦး၏ ဆင်ယင်ထုံးဖွဲ့မှုအလှသည် မြန်မာပီသစွာ မြန်မာအလှကို ဖော်ကျူးဖွဲ့ဆိုထားသဖြင့် ပူလောင်လှသော အလှမဟုတ်ဘဲ အေးမြလှသော အလှတွင် အယဉ်ဆင့်ကာ အသွင်တင့်တယ်မှုကို ပေါ်လွင် ထင်ရှားစေသော xx မြန်မာဆန်ဆန် x အနောက်ဟန်မနှော မဖောက်ပြန်သော x သဘောထား ဝတ်စားတန်ဆာ x ရှုတိုင်းယဉ် အဆင်ပြေစွာ x အချိုးအစားကျန လှပ၍ ချစ်စရာ xx ဟူသော တေးစာသားက အလင်္ကာရသမြောက်စွာ သက်သေပြနေပါသည်။




ရန်ကုန်တက္ကသိုလ် ရွှေရတုသဘင်နှစ်က ပါမောက္ခချုပ် ဆရာ ဒေါက်တာ မောင်မောင်ခ။

**သစ်ပုပ်ပင်ကြီးသိပါသည်**

အမိရန်ကုန်တက္ကသိုလ်ကြီး၏ ဘွဲ့နှင်းသဘင် အဆောက်အအုံဆီသို့ ဦးတည်လားရာ အဓိပတိလမ်းမကြီးနံဘေးရှိ သိပ္ပံခန်းမဆောင်ကြီးရှေ့နားတွင် ငွားငွားစွင့်စွင့်၊ မားမားမြင့်မြင့် ရှင်သန်ရပ်တည်နေသော အထီးကျန်သက်တော်ရှည် သစ်ပုပ်ပင်ကြီးက အဆင့်မြင့်ပညာသင်မောင်မယ်တို့အား လောကီသားများဖြစ်ကြ၍ မိတ်ဆွေအပေါင်းအသင်းဘဝမှ စိတ်နေပြောင်းပြီး ချစ်မိသွားလျှင်လည်း တစ်ဘဝလုံး ဘယ်မမုန်း၊ တစ်သက်လုံး ချစ်၊ ဘယ်မပစ်ဘဲ၊ နှစ်နှစ်ကာကာချစ်သွားနိုင်ကြပါစေဟု ဆုတောင်းပေးနေပုံရသည်။

တကယ်တော့ အမိရန်ကုန်တက္ကသိုလ်ကြီး၏ ဩကာသလောကအလှဝယ် ကဗျာသီကုံး စာပန်းချီမှုန်း၍ မဆုံးနိုင်သည့် အနီသစ်ပုပ်ပင်ကြီးကို လူ့ဘဝသက်တမ်းဖြင့် ကြည့်ရှုလေ့ရှိကြပြီး အထီးကျန် သက်တော်ရှည် သစ်ပုပ်ပင်ကြီးမှာ အခါနှောင်းလာကာ ဇရာထောင်းနေပြီဟု ဆိုကြသည်။ သို့တစေ ထိုသစ်ပုပ်ပင်ကြီးမှာ ကဗျာဆန်လှသဖြင့် ဇရာဟန်မပေါ်ဘဲ မဟာဆန်သော တော်ဝင်သစ်ပင်ကြီးအဖြစ် ထီးထီးမားမားကြီးကြီးထွားထွားဖြင့် ဣန္ဒြေရရ လှပတင့်တယ်နေသည်သာ ဖြစ်သည်။

ဖြစ်သနစ်၏ ဇာစ်မြစ်အား စိစစ်ကြည့်လိုက်သောအခါ အနီသစ်ပုပ်ပင်ကြီးကို စောင့်ရှောက် စံမြန်းနေသော ရုက္ခစိုးနတ်သည် လူ့သက်တမ်းအရ နှစ်တစ်ရာတိုင်စေတော့၊ သူတို့နတ်သက်တမ်းဖြင့် တွက်ချက်ကြည့်လျှင် နှစ်နှစ်သားအရွယ်သာ ရှိသေး၍ အလွန်နုပျိုငယ်ရွယ်လှသော နတ်ချာတိတ်ကလေးအရွယ် ဖြစ်နေပေသည်။ အကြောင်းမှာ ရုက္ခစိုး၊ ဘုမ္မစိုးတို့ တည်မှီစံပျော်ရာ "စတုမဟာရာဇ်နတ်ဘုံ"ရှိ နတ်သား၊ နတ်သမီးတို့၏သက်တမ်းမှာ လူသားတို့၏အသက် ၅၀ ပြည့်မှသာ သူတို့၏ အသက်မှာ (၁)နှစ်သာ ရှိသေးသောကြောင့်ပင်ဖြစ်သည်။ စတုမဟာရာဇ်နတ်ဘုံကြီးတွင် "စတရဋ္ဌ"၊ "ဝိရူဠှက"၊ "ဝိရူပက္ခ"၊ "ကုဝေရ" အမည်ရှိသော နတ်မင်းကြီးလေးပါးတို့က စီမံအုပ်ချုပ်ကွပ်ကဲပြီး ထိုဘုံရှိ ရုက္ခစိုး၊ ဘုမ္မစိုး အပါအဝင် နတ်သားနတ်သမီးတို့၏ နတ်သက်တမ်းမှာ နှစ် ၅၀၀ ရှိသဖြင့် လူ့သက်တမ်းနှင့် နှိုင်းယှဉ်တွက်ကြည့်ပါက နှစ်ပေါင်းကိုးသန်း ရှိနေပါသည်။


သို့ရာတွင် နတ်ပြည်၌ နတ်သားနတ်သမီး ဖြစ်သွားကြသူများမှာ နတ်သားဆိုလျှင် နတ်အသက်အားဖြင့် အသက် ၂၀ အရွယ် နတ်သားလူပျိုဘဝသို့ အလိုလိုရောက်ရှိနေနှင့်ပြီး နတ်သမီးဆိုလျှင် နတ်အသက်အားဖြင့် အသက် ၁၆ နှစ်အရွယ် နတ်သမီးအပျိုစင်ဘဝသို့ အလိုလိုရောက်ရှိနေနှင့်ပြီးဖြစ်သည်။ နတ်သားနတ်သမီးတိုင်းမှာ ဇရာဒုက္ခမရှိဘဲ နတ်သက်ခြွေရခါနီးမှသာ နတ်၏ကိုယ်ရောင်ကိုယ်ဝါများ မှေးမှိန်လာပြီး ချွေးများထွက်ကာ မရဏဒုက္ခဖြင့် နတ်သက်ခြွေကြရရှာသည်။ ရုက္ခစိုး၊ ဘုမ္မစိုးနတ်တို့သည် လူ့ပြည်လူ့ရွာ၏ လဆန်း၊ လဆုတ် ၈ ရက်နှင့် လပြည့်လကွယ်ဥပုသ်နေ့များတွင် လူ့ပြည်အနှံ့ရှိ လူကောင်းသူကောင်းများ (သုစရိုက်သမားများ) နှင့် လူဆိုးလူမိုက်လူယုတ်မာများ (ဒုစရိုက်သမားများ) ခွဲခြား၍ စာရင်းကောက်ယူကြရပြီး သကြ်န်ရက်များ၌ တာဝတိံသာနတ်ပြည်မှ သိကြားမင်းကြီးအား မာတလိနတ်သားမှတစ်ဆင့် စာရင်းပေး အစီရင်ခံကြရသည်။

အမိရန်ကုန်တက္ကသိုလ်ရှိ သစ်ပုပ်ပင်ကြီးကို စောင့်ရှောက်နေသော ရုက္ခစိုးနတ်သည်လည်း စတုမဟာရာဇ် နတ်ဘုံမှ နတ်တစ်ပါးဖြစ်နေသောကြောင့် တက္ကသီလာ မြကျွန်းသာ၏ ကံ့ကော်တောမှ ချောနမများကိုသဘောကျ၍ မိတ်ဆွေအပေါင်းအသင်းဘဝမှစိတ်နေပြောင်းကာ ချစ်သူများဖြစ်သွားကြသူများအနက် တစ်ဘဝလုံး ဘယ်မမုန်း၊ တစ်သက်လုံးချစ်၊ ဘယ်မပစ်ဘဲ နှစ်နှစ်ကာကာချစ်၍ ပစ်ပစ်ခါခါမလုပ်ဘဲ သစ္စာခိုင်မြဲသူများကို လူကောင်းသူကောင်းစာရင်းတွင် ရေးသွင်းပေးသည်။ နှစ်နှစ်ကာကာ မချစ်ဘဲ ပစ်ပစ်ခါခါလုပ်ရက်ကြသည့် မခင်မကြင် တမင်စိမ်းရက်သူ မောင်မယ်များကိုတော့ အချစ်လူဆိုးစာရင်းတွင် ရေးသွင်းပေးရမည်သာဖြစ်သည်။


**အလှရွှန်းစို မြကျွန်းညိုမှာ ခဏကွန်းခိုရသော်လည်း ထာဝရအလွမ်းပိုနေရသူပါ**

အမိရန်ကုန်တက္ကသိုလ်ကြီး၏ နှစ် ၅၀ ပြည့် ရွှေရတုသဘင်ပွဲတော်ကြီး၌ ပြဇာတ်ကပြရေး တာဝန်တွင် ပါဝင်တာဝန်ယူထားသည့် တစ်ယောက်သောသူသည် သူနေထိုင်ရာ ဒဂုံဆောင်သို့ ပြန်ရောက်သောအခါ ဂီတစာဆို ဗိုလ်ကလေးတင့်အောင်၏ ဂန္ထဝင်စံတင်ရမည့် " တက္ကသိုလ်ကျောင်းသူတစ်ဦး" တေးသွားအလှကို မယ်ဒလင်တူရိယာဖြင့် တီးခတ်နေမိတော့သည်။

စာမျက်နှာ ၂၅ သို့



အမိရန်ကုန်တက္ကသိုလ်၏ တော်ဝင်သက်တော်ရှည် သစ်ပုပ်ပင်ကြီး။




ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် တံဆိပ်ခေါင်း။



ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်အဆောက်အဦရှေ့တွင် ဘွဲ့ရမောင်မယ်များ၏ အမှတ်တရ ပုံရိပ်လွှာ။

*စာမျက်နှာ ၂၄ မှ*

သို့သောအခါ ထိုဂီတသံစဉ်အလှများမှ “ကဗျာခံစားချက်” ဖြစ်ပေါ်လာကာ “ကဗျာစိတ်ကူးစိတ်သန်း”တို့နှင့်အတူ ပြဇာတ်၏ ဇာတ်ဝင်ခန်းတစ်ခန်းတွင် အသုံးပြုနိုင်ရန် ဤသို့ ကဗျာသီကုံးကာ စာပန်းချီမွန်းခြယ်လိုက်လေသည်။

**အလှတရား၏ စေစားရာ**

- လက်လက်ထွားပျို၊ ဖြူနုစိုသား
  ညိုမှောင်မျက်ခုံး၊ ပြုံးမျက်လုံးနှင့်
  ငြိုးနုံးမပါ၊ နှုတ်ခမ်းလွှာဝယ်
  နီတျာပြုံးတုံ၊ မပြုံးတုံ့နှင့်
  ဖြူပုံ့ဝင်းကြည်၊ ပါးပြင်ဆီတွင်
  ကျို့ကျို့လင်လင်၊ သွေးကြောမျှင်တို့
  စဉ်စဉ်နုနု၊ ဖြည်းဖြည်းအုသား
  နုနုသွယ်ဟန်၊ ကဗျာဆန်သည့်
  နှာတံလက်စွန်း၊ ချစ်မျက်ဝန်းသည်
  ရွှန်းရွှန်းကြည်မြ၊ ကြယ်ရောင်လှသို့
  ဆံစဆီတွင်၊ ပိတုံးမျှင်တို့
  ညက်ညင်နက်စို၊ ပျိုပျိုသွယ်ဆင်း
  သန့်ကြည်ဝင်းပွတ်၊ နုညွတ်ညွတ်သို့
  ထွတ်ထွတ်မွေးလက်၊ ပန်းရောင်ယှက်၍
  သွယ်လျက်နွယ်လျှ၊ လည်တိုင်လှသည်
  လျှလျှကြော့ရှင်း၊ ပပဝင်းသည့်
  အဆင်းလှလှ၊ ချောနှမကို
  မြင်ရခိုက်တွင်၊ ရင်ဝယ်လှိုင်းထ
  ခံစားရသည်၊ လောကီသားမို့ ခွင့်လွှတ်ပါ၊*
- သို့တစေ–
  ရှုလေခန္ဓာ၊ ရုပ်ပုံလွှာကို
  ဝိပဿနာ၊ ဘာဝနာဖြင့်
  ဇရာဒုက္ခ၊ အနိစ္စနှင့်
  အနတ္တဖြင့်၊ ဆင်ခြင်တိုင်းထွာ
  တရားရှုသော်၊ ဘယ်မှာ အလှရှိတော့မည်နည်း။

ကဗျာရေးစပ်ပြီးသွားသည်နှင့် ပြန်ဖတ်ကြည့်နေစဉ် ထိုစဉ်က မြန်မာစာနည်းပြဆရာလည်းဖြစ်၊ ဒဂုံဆောင်နည်းပြဆရာလည်းဖြစ်သော ဆရာဦးလှမြင့် (ကဗျာဆရာမောင်ပန်းမွေး) အခန်းထဲသို့ လာနေကျအတိုင်း ဝင်ရောက်လာသည်။ ကဗျာကို ဆရာက တောင်းယူဖတ်ကြည့်ရင်း ပြုံးလိုက်ပြီး–

“ မင်းကဗျာက (Beauty of Words) စာသားလည်း လှတယ်၊ ‘ကာရန်’ (Rhyme) ရော ‘အသံ သွားအသံလာ’ (Rhythm) ပါ ကောင်းတယ်။ ဒါပေမယ့်ကွာ၊ မင်းက အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အဘိုးကြီး စိတ်ပေါက်နေသလိုပဲ။ မင်းကဗျာက “သမုဒယသစ္စာ”ကို “ဒုက္ခသစ္စာ” တရားနဲ့ ဆန်းစစ်ဖွဲ့ဆိုထားတယ်။ အေးလေ၊ တကယ်တော့ ဒါဟာအမြဲမှန်နေတဲ့ မြတ်ဗုဒ္ဓရဲ့ ‘ပရမတ္ထသစ္စာတရားပဲလေ’ ဟု ဝေဖန်ခဲ့သည်ကို အမှတ်ရနေမိသည်။

ဆရာနှင့် တစ်ယောက်သောသူတို့မှာ ရင်းနှီးခင်မင်ကြသည့်အလျောက် ဦးချစ်လက်ဖက်ရည်ဆိုင်ထိုင်သည့်အခါဖြစ်စေ၊ ညနေဘက်အဆောင်မှာ ထမင်းစားပြီး အင်းလျားကန်ပေါင်ရိုးဆီသို့ လမ်းလျှောက်သွားသည့်အခါဖြစ်စေ၊ ရန်ကုန်မြို့ထဲရှိ သတင်းစာတိုက်များ၊ မဂ္ဂဇင်းတိုက်များ၊ ပုံနှိပ်တိုက်များသို့ သွားသည့်အခါဖြစ်စေ မကြာခဏ အတူသွားအတူလာအတူစားအတူစကားလက်ဆုံကျနေမြဲဖြစ်သည်။ ဆရာ ဂျပန်နိုင်ငံမှ ပြန်လာပြီးနောက် ဂျာနယ်များတွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ယူစဉ်ကလည်း ကျွန်တော့်ဌာနသို့ မကြာခဏဝင်လာတတ်ပြီး ကျွန်တော့်ရုံးခန်းမှာပင် လက်ဖက်ရည်သောက်ရင်း၊ ထမင်းစားရင်း စာအကြောင်းပေအကြောင်း၊ ကဗျာအကြောင်း၊ ဘာသာ၊ သာသနာ၊ ဝိပဿနာအကြောင်းများ ပြောကြားရင်း စကားလက်ဆုံကျလေ့ရှိပါသည်။

“တို့ တက္ကသိုလ် ရာပြည့်နှစ်ကျမှပဲ ကိုဗစ်–၁၉ ကပ်ရောဂါဆိုးကြီးဖြစ်ရတယ်လို့ကွာ။ ဆရာ အခုအသက် ၈၁ နှစ်တောင် ရှိနေပြီဖြစ်လို့ သေခါနီးနေပါပြီကွာ။ မသေခင်မှာတော့ ဒီရာပြည့်ပွဲတော်ကြီးမှာ ပါဝင်ဆင်နွှဲသွားချင်သေးတယ်ကွာ။ မင်းတို့ ငါတို့ အရင် နှစ် ၅၀ ပြည့် ရွှေရတုသဘင်၊ ၇၅ နှစ်မြောက် စိန်ရတုသဘင်တုန်းကလို ပေါ့ကွာ။”




နှစ် (၅၀) ပြည့် ရွှေရတုသဘင်အခမ်းအနား ဆရာ ဇော်ဂျီ၏ တစ်ခန်းရပ်ပြဇာတ်တွင် ပါဝင်ခဲ့သော တက္ကသိုလ်အနုပညာအဖွဲ့။

အထက်ပါဆရာပြောခဲ့သော စကားသည် ဆရာ၏ အန္တိမစကားဖြစ်သွားလေရော့သလား မသိတော့ပါ။ ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့် သဘင်မတိုင်မီ နှစ်လကျော်အလိုတွင် နှလုံးရောဂါ ဝေဒနာကို မရဏတရားက လက်ဦးရယူသွားခဲ့ရာ “မမှန်းလင့်ဘဲ ပန်းတစ်ပွင့် နွမ်းလွင့်ကာ အကြွေစော” သွားရခြင်းကြောင့် “ကဝိဆရာအတွက် မချိဗျာပါ” တက်ခဲ့ကြရသည်။ တပည့်တို့မှာ သည်းတမြေ့မြေ့ ကျွမ်းရသည်။ ပွဲတွေ့အလွမ်းနှင့်သာ မျက်မှောက်ပြုကြရင်းမှ အမျိုးဘာသာ သာသနာ အတွက် နိုးနိုးကြားကြား ကြိုးကြိုးစားစား ဆောင်ရွက်နေဆဲဖြစ်သော ဆရာ၏ သာသနာပြုလုပ်ငန်းများအား သာဓု အကြိမ်ကြိမ် ခေါ်နေမိပါတော့သတည်း။

- မြကျွန်းညိုညို၊ တက္ကသိုလ်ကို
  ခုလိုအခါ၊ နှစ်တစ်ရာမှာ
  ဇရာကထောင်း၊ အရွယ်ညောင်းလည်း
  ပြန်ပြောင်းတသ၊ သတိရမြဲ
  ရှိနေဆဲမို့၊ ဘယ်သို့မေ့၍ရအံ့နည်း ။ ။

“အမိရန်ကုန်တက္ကသိုလ်ကြီး၏ ဩကာသလောကအလှဝယ် ကဗျာသီကုံး စာပန်းချီမှုန်း၍ မဆုံးနိုင်သည့် အနီသစ်ပုပ်ပင်ကြီးကို လူ့ဘဝသက်တမ်းဖြင့် ကြည့်ရှုလေ့ရှိကြပြီး အထီးကျန်သက်တော်ရှည် သစ်ပုပ်ပင်ကြီးမှ အခါနှောင်းလာက ဇရာထောင်းနေပြီဟုဆိုကြသည်။ သို့တစေ ထိုသစ်ပုပ်ပင်ကြီးမှာ ကဗျာဆန်လှသဖြင့် ဇရာဟန်မပေါ်ဘဲ မဟာဆန်သော တော်ဝင်သစ်ပင်ကြီးအဖြစ် ထီးထီးမားမား ကြီးကြီးထွားထွားဖြင့် ဣန္ဒြေရရ လှပတင့်တယ်နေသည်သာ”

## သစ်ပုပ်ပင်အိုရဲ့ တမ်းတခြင်း

- ရာသီအလီလီ ပြောင်းကြွချီ၍
  နှစ်ရှည်ကြာညောင်း ဟောင်းမှအသစ်
  သစ်မှအဟောင်း ပြန်ပြောင်းနိုးထ
  ဖြစ်တည်ရသည် ကမ္ဘာ့နိယာမပါတကား။
- ထိုထိုရာသီ ပြောင်းကြွချီလဲ
  တည်ကြည်မလှုပ် ကျောက်ရုပ်နှင်နှင်
  တစ်ပင်ထီးထီး ပင်အိုကြီးကား
  ဒို့များကျောင်းရှေ့ အောက်မေ့ဘွယ်ရာ
  ရှိခဲ့ပါသည် သညာသမုတ် ပင်သစ်ပုပ်။
- တက္ကသိုလ် ကျောင်းရှေ့မှာလျှင်
  များဖြင်ကျောင်းသား လူငယ်များတို့
  ခိုနားအိပ်စက် မေးမိုတ်လျက်သာ
  နေခဲ့ပါသည် ကာလညောင်းလဲ မပြောင်းခဲ့။
- ထိုသစ်ပုပ်ပင် ခြေတွင်ရပ်နား
  ပေါင်းသင်းများနှင့် ကစားတစ်မျိုး
  စာလဲကြိုးကြ ကောင်းနိုးရာရာ
  သင်ခန်းစာကို စုံစွာသရုပ်
  သစ်ပုပ်ပင်ရင်း မငြင်းမခံ
  ပညာစုံတိုင် ခိုလှုံခဲ့ကြ သတိရ။
- အသီးတစ်ရာ အညှာတစ်ခု
  အကြောင်းပြု၍ ယခုချိန်ခါ
  ပြည်ရွာကောင်းကျိုး သယ်ပိုးရွက်ဆောင်
  ကျေပွန်အောင်ထမ်း ဒို့ကြိုးပမ်းခဲ့။
- ဩော်...သစ်ပုပ်ပင်ကြီး အိုလည်းအိုစေ
  စောင့်နေမည်က သေချာလှသည်
  သားလှရတနာ များသူငါကို
  သူ့မှာတမ်းတ ရှိလိမ့်ရတည့်
  ချိန်ကျတစ်ခါ စိတ်မှာမူးမူး
  တက္ကသိုလ်ဦးကို ရှင်မြူးတစ်ခေါက်
  အရောက်ကိုယ်သာ လှမ်းခဲ့ပါမည်
  ယုံပါပင်အို သစ်ပုပ်အိုရယ်။

(ရန်ကုန်တက္ကသိုလ်ရာပြည့်အား ကြိုဆိုဂုဏ်ပြုလျက်)

ဘိုမျိုး(ရွှေဘို)

## အိတ်ဖွင့်တင်ဒါဖွင့်ရက် ပြင်ဆင်သတ်မှတ်ခြင်း

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါကူးစက်မှုသည် ဒုတိယ လှိုင်းထပ်မံဖြစ်ပွားနေပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ရောဂါကူးစက်ပြန့်ပွားမှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီး(ကိုကိုးကျွန်းမြို့နယ်မပါ)မှ ပြည်သူများအား မိမိနေအိမ်တွင်သာနေထိုင်ရန် (Stay at Home) အမိန့်ထုတ်ပြန်ခဲ့သဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ နေ့စဉ်ထုတ်သတင်းစာများတွင် ခေါ်ယူထားသော ၂၀–၁၀–၂၀၂၀ရက်၊ (၂၇–၁၀–၂၀၂၀)ရက်နှင့် (၃–၁၁–၂၀၂၀)ရက်များတွင် ဖွင့်မည့် အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)မှ ယူရီးယားတင်ဒါများအစား (၁၇–၁၁–၂၀၂၀)ရက်၊ (၂၄–၁၁–၂၀၂၀)ရက်နှင့် (၁–၁၂–၂၀၂၀)ရက်များတွင် တင်ဒါပြောင်းလဲဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါ သည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

## တောင်ငူခရိုင်၊တောင်ငူမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ခပေါင်းရေလှောင်တမံ၊ရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ တည်ဆောက်ရေး(၅)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တောင်ငူမြို့၏ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ကျပ်(၁၀)သန်းမှ ကျပ်သန်း (၁၀၀)အထိ လုပ်ငန်းများမှ တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများဝယ်ယူခြင်းအတွက် တင်ဒါခေါ်ဆိုရာတွင် ရောင်းချပေး သွင်းလိုသူများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာနှင့် ဖုန်း အမှတ်များတွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်းပြီး ဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | – | ၂၇–၁၀–၂၀၂၀ရက် |
| တင်ဒါပုံစံပိတ်ရက် | – | ၁၁–၁၁–၂၀၂၀ရက်( ဗုဒ္ဓဟူးနေ့) ၊ ညနေ ၃နာရီ |
| တင်ဒါဖွင့်လှစ်ရွေးချယ်မည့်ရက် | – | ၁၆–၁၁–၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီ |
| တင်ဒါရွေးချယ်မည့်နေရာ | – | တည်ဆောက်ရေး(၅)၊ဟင်းငုတ်ပင်ဆည်မြောင်းဝင်း၊ တောင်ငူမြို့ |

မှတ်ချက်။ ။လတ်တလောဖြစ်ပွားနေသည့် COVID– 19 ရောဂါအခြေအနေကြောင့် ဖော်ပြပါရက်များပြောင်းလဲနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**တ.ဆ.ရ(၅)၊ တောင်ငူမြို့**
ဖုန်း– ၀၉–၂၅၀၉၆၉၈၂၀၊ ၀၉–၄၂၈၁၁၄၈၂၂၊
၀၉–၄၂၈၁၁၃၅၃၆၊ ၀၉– ၅၃၅၂၀၈၅

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ၊ ရေဆင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါအဆောက်အအုံများ ဆောက်လုပ်ရန်နှင့် အကြီးစားပြုပြင်မွမ်းမံရန်အတွက် မြန်မာနိုင်ငံသားဆောက်လုပ်ရေးလုပ်ငန်းရှင်များအား ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၆ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရန် ကြေညာအပ်ပါသည်–

(က) RC (၂)ထပ် (၄)ခန်းတွဲ ဆရာ၊ ဆရာမများဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်း ရေ၊ မီး၊ မိလ္လာ၊ လမ်းအပါအဝင်(၁၁၇'၆"x၃၈' ၀"x ၂၂' ၀") (၃၁–၈–၂၀၂၁ အပြီးဆောက်လုပ်ခြင်း)

(ခ) စီမံဌာန၊ သင်ကြားရေးဌာန၊ အကြီးစားမွမ်းမံပြင်ဆင်ခြင်း (၅)ဆောင် (၁၃၆' ၀"x၃၆' ၀"x ၁၄' ၀") (၃၁–၈–၂၀၂၁ အပြီးပြုပြင်မွမ်းမံရန်)

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို လုပ်ငန်းတစ်ခုစီအတွက် ကျပ် (၁၀၀၀၀/–) နှုန်းဖြင့် မွေးမြူရေးဆိုင်ရာဆေး တက္ကသိုလ်၊ ငွေစာရင်းဌာန၊ ဖုန်း–၀၆၇–၃၄၁၆၆၅၈သို့ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုသော အချက် အလက်များကို ဖုန်း–၀၆၇–၃၄၁၆၅၃၀၊ ၀၆၇–၃၄၁၆၅၂၅၊ ၀၆၇–၃၄၁၆၅၂၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်းနှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvsyezin.edu.mm တွင် ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ**

## ချင်းပြည်နယ် စီမံကိန်းဦးစီးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် စိတ်ဝင်စားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | လုပ်ငန်းအမည် |
|---|---|
| ၁။ | ပြည်နယ်ရုံးရှေ့ ခြံစည်းရိုးကာရံခြင်း(၁၇၀ x ၆) ပေ |
| ၂။ | ထန်တလန်မြို့နယ်ရုံး ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ (၂)ထပ် (၅၀ x ၃၀ x၂၀ )ပေ တည်ဆောက်ခြင်း |
| ၃။ | ဟားခါးခရိုင်ရုံး(၂)ထပ် တည်ဆောက်ခြင်း(၅၀x ၄၀ x၂၄)ပေ |
| ၄။ | မင်းတပ်မြို့နယ်ရုံး ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ (၂)ထပ် (၅၀x ၃၀ x၂၀)ပေ တည်ဆောက်ခြင်း |
| ၅။ | ပလက်ဝမြို့နယ်ရုံးဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ(၂)ထပ်(၅၀x ၃၀ x၂၀)ပေ တည်ဆောက်ခြင်း |
| ၆။ | မင်းတပ်ခရိုင်ရုံး အမိုးလဲလှယ်ခြင်း |
| ၇။ | မတူပီမြို့နယ်ရုံး အဝင်လမ်း ကွန်ကရစ်ခင်းခြင်း(၁၅၀x ၁၂)ပေ |
| ၈။ | ကန်ပက်လက်မြို့နယ်ရုံး မြေထိန်းနံရံ တည်ဆောက်ခြင်း (၁၀၀x ၁၂ x၃.၅)ပေ |

၂။ တင်ဒါပုံစံများကို ၁၉–၁၀–၂၀၂၀ ရက်မှစ၍ ချင်းပြည်နယ် စီမံကိန်းဦးစီးရုံးတွင် ရောင်းချပါမည်။ ၁၈–၁၁–၂၀၂၀ရက်တွင် တင်ဒါပိတ်ပြီး တင်ဒါဖွင့်ရက်ကို တင်ဒါတင်သွင်းသူများထံ ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ချင်းပြည်နယ်စီမံကိန်း ဦးစီးရုံး ဖုန်း– ၀၇၀–၂၁၆၀၁၊ ၀၉–၂၄၅၀၆၀၁ တို့သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ချင်းပြည်နယ်စီမံကိန်းဦးစီးရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကယားပြည်နယ်အစိုးရအဖွဲ့ စက်ပစ္စည်းကိရိယာများနှင့် ပရိဘောဂများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ကယားပြည်နယ်အတွင်းရှိ ငွေလုံးငွေရင်း(စက်ပစ္စည်း/ပရိဘောဂ)အသုံးစရိတ်ဖြင့် အခြေခံပညာကျောင်းများနှင့် ရုံးများတွင်လိုအပ်သော စက်ပစ္စည်းနှင့် ပရိဘောပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | – | ၁၄–၁၀–၂၀၂၀ရက်မှ ၁၃–၁၁–၂၀၂၀ရက်အထိ(ရုံးချိန်) |
| ၃။ တင်ဒါတင်သွင်းရမည့်ရက် | – | ၁၃–၁၁–၂၀၂၀ရက် (ရုံးချိန်) |
| ၄။ တင်ဒါတင်သွင်းရမည့်နေရာ | – | ပြည်နယ်ပညာရေးမှူးရုံး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ |

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကယားပြည်နယ်ပညာရေးမှူးရုံး၊ လွိုင်ကော်မြို့၊**
**ဖုန်း–၀၈၃–၂၂၄၂၃၇**
**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## ကယားပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေးလုပ်ငန်းများတွင် အရည်အသွေးစစ်ဆေးရေး (QA/QC) အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ကယားပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း၊ ရေအရင်းအမြစ်)၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပျားလုပ်ငန်းဦးစီးဌာနများ၏ ပြည်ထောင်စု၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများတွင် အရည်အသွေးစစ်ဆေးရေး (QA/QC) အဖွဲ့များ တာဝန်ပေးအပ်ဆောင်ရွက်ရန်ရှိပါသဖြင့် (QA/QC)နှင့် (Engineering Consultant) လုပ်ငန်းများသာ သီးသန့်လုပ်ကိုင်သော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ (QA/QC) လုပ်ငန်းများအတွက် ဝန်ဆောင်ခအဖြစ် တင်ဒါအောင်မြင်တန်ဖိုး၏ (၂%) ကို သက်ဆိုင်ရာလုပ်ငန်းတန်ဖိုးအလိုက် ထုတ်နုတ်ပေးချေသွားမည်ဖြစ်ပြီး (QA/QC) နှင့် (Engineering Consultant) ဆောင်ရွက်သူလုပ်ငန်းရှင်မှ မိမိလုပ်ကိုင်လိုသော Lot များကို လွိုင်ကော်မြို့ရှိ ဖော်ပြပါဦးစီးဌာနများ၏ ပြည်နယ်ရုံးများတွင် စုံစမ်း၍လျှောက်လွှာအား ဖော်ပြပါလိပ်စာတွင် ဝယ်ယူတင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်ထားသူများကို စိစစ်ရွေးချယ်ရာတွင် တင်ပြသောအဖွဲ့အစည်းများ၏ Profile, Performance, Experience, Power Point Presentation နှင့် Zoom Interview ရမှတ်များအပေါ်တွင် အခြေခံ၍ ရွေးချယ်သွားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | – | ၁၉–၁၀–၂၀၂၀ရက် |
| (ခ) တင်ဒါလျှောက်လွှာတင်သွင်းရမည် နောက်ဆုံးရက်/အချိန် | – | ၁၆–၁၁–၂၀၂၀ရက် (၁၆:၃၀)နာရီ |
| (ဂ) တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန် | – | တင်ဒါတင်သွင်းပြီးသူများအား အချိန်မီအကြောင်း ကြားပါမည်။ |
| (ဃ) တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | – | ဒုတိယညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ |

၄။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးရုံး၊ လွိုင်ကော်မြို့၊ ဖုန်း–၀၈၃–၂၁၀၄၀၊ ၀၈၃–၂၁၅၂၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဒုတိယညွှန်ကြားရေးမှူးရုံး**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ကယားပြည်နယ်၊ လွိုင်ကော်မြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## ပဲခူးတိုင်းဒေသကြီး တန်ဖိုးနည်း၊ တန်ဖိုးသင့် ၊ တန်ဖိုးမြင့် အိမ်ရာစီမံကိန်း ဆောင်ရွက်ရန်အတွက် Swiss Challenge ခေါ်ယူရေးကော်မတီ

### စီမံကိန်း ယှဉ်ပြိုင်အဆိုပြုလွှာ Swiss Challenge ခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး ၊ ပဲခူးမြို့နယ်၊ ပဲခူးမြို့၊ ကတွင်းခြံကျေးရွာ အုပ်စု၊ တောင်သူစုကျေးရွာ၊ ဖဲဖောင်တော်ကွင်းရှိ အကွက်အမှတ်(၃)၊ (၅)၊ (၆)၊မြေဧရိယာ (၃၂)ဧကမြေနေရာပေါ်တွင် ဝင်ငွေ နည်းနှင့် ဝင်ငွေအလယ်အလတ်ရှိ ပြည်သူများအတွက် တန်ဖိုးနည်း ၊ တန်ဖိုးသင့် အိမ်ရာများနှင့် တန်ဖိုးမြင့်အိမ်ရာများ စုပေါင်းပါဝင်သော အိမ်ရာစီမံကိန်းအကောင်အထည်ဖော်ဆောက်လုပ်နိုင်ရန်အတွက် စီမံကိန်းအဆိုပြုလွှာကို ပုဂ္ဂလိက ကုမ္ပဏီတစ်ခုမှ ပဲခူးတိုင်းဒေသကြီးအစိုးရက ဖိတ်ခေါ်ခြင်းမရှိဘဲ ရေးဆွဲတင်ပြခဲ့ပါသည်။

၂။ ယင်းမြေဧရိယာ(၃၂)ဧကပေါ်တွင် တန်ဖိုးနည်း၊ တန်ဖိုးသင့်၊ တန်ဖိုးမြင့် အိမ်ရာစီမံကိန်း အကောင်အထည်ဖော်နိုင်ရေးအတွက် မူလအဆိုပြုလွှာနှင့် ယှဉ်ပြိုင်ရွေးချယ်နိုင်ရန် စီမံကိန်း ယှဉ်ပြိုင်အဆိုပြုလွှာများအား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ခေါ်ယူမည်ဖြစ်ပါသည်–

| | | |
|---|---|---|
| (က) စီမံကိန်း အဆိုပြုလွှာ စတင်ရောင်းချမည့်ရက် | – | ၁၀–၁၁–၂၀၂၀ရက် (အင်္ဂါနေ့) |
| (ခ) စီမိကိန်း အဆိုပြုလွှာ ပိတ်မည့်ရက် | – | ၁၈–၁၁–၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) |
| (ဂ) စီမံကိန်း အဆိုပြုလွှာတင်သွင်းရမည့်နေရာ | – | ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ညွှန်ကြားရေးမှူးရုံး၊ ပဲခူးမြို့ |
| (ဃ) စီမံကိန်းအဆိုပြုလွှာရောင်းဈေးနှုန်း | – | ၃၀၀၀၀/– |

၃။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး၊ ပဲခူးမြို့၊ ဖုန်း– ၀၅၂–၂၂၀၀၀၇၅၊ ၀၅၂–၂၂၀၀၀၇၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ အကွက်အမှတ်(ကွန်ပျူတာတိုးချဲ့)၊ ဦးပိုင်အမှတ်(၂၅)၊ ဧရိယာ ၀ဒသမ ၀၉၆ဧက အမှုတွဲအမှတ် ၁၈၃–၅/၂၀၀၂–၂၀၀၃(စီ)ဖြင့် ဗိုလ်ကြီးကျော်သူရအေး အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ၎င်း၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးရန်ကွေကြည် ၁၃/လရန(ပြု)၀၀၀၁၁၅မှ စာချုပ်အမှတ် (၁၉၅၁/၂၀၁၆)ဖြင့် ဒေါ်ငွေခင်ထံသို့ ရောင်းချပေးခဲ့ပြီးဖြစ်၍ ဒေါ်ငွေခင် ၁၃/လရန (ပြု)၀၀၀၁၇၈မှ အမည်ပြောင်းထပ်မံအသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## MINISTRY OF AGRICULTURE, LIVESTOCK AND IRRIGATION
## IRRIGATIONAND WATER UTILIZATION MANAGEMENT DEPARTMENT
## AGRICULTURAL DEVELOPMENT SUPPORT PROJECT (ADSP)

The Republic of the Union of Myanmar has received funds from the World Bank toward the cost of the ADSP Project and intends to apply part of the proceeds for consulting services.

The Project Management Unit now invites expressions of interest from qualified candidates for the below positions. Interested consultants must provide their updated curriculum vitae, indicating personal and technical skills, qualifications and experience in similar assignments. In submitting their expressions of interest, consultants are kindly requested to indicate the positions as below:

**1. Monitoring and Evaluation (M&E) Officer (National)**

The Services are expected to be carried out over a period of 12 months with the possibility of extension depending on the performance, starting in December 2020. The location of work will be the Irrigation and Water Utilization Management Department, in Nay Pyi Taw, Myanmar.

Further information and a copy of the detailed Terms of Reference (TORs) can be obtained at the address below during working days from 10:00 to 15:00 hours.

Expressions of interest must be delivered in a written form to the address below (in person, by mail, by e-mail, or by Fax) not later than 3.11.2020, (15:00 PM)

Attn: **Mr.Kaung Myat Thein, Director of Procurement**

**Ministry of Agriculture, Livestock and Irrigation. Irrigation and Water Utilization Management Department.**

**Building No. 43,1st floor, Office of Director of Procurement, Nay Pyi Taw.**

Telephone: **+95–67–410316,** Facsimile number: **+ 95–67–410509**

Electronic mail address: procurement1iwumd@gmail.com

## မတည်ငွေရင်းလျှော့ချခြင်း

ဖွဲ့မာန်သူ ကုမ္ပဏီလီမိတက်မှ အစုရှယ်ယာအရေအတွက် (၁၀၀၀)အတွက် မတည်ရင်းနှီးငွေ ၁၀၀၀၀၀၀၀၀/–(ကျပ် သိန်းတစ်ထောင်တိတိ)မှ အစုရှယ်ယာအရေအတွက် ၅၀၊ မတည်ရင်းနှီးငွေ ၅၀၀၀၀၀၀/– (ကျပ်သိန်းငါးဆယ်တိတိ)သို့ လျှော့ချပြီးဖြစ်ပါသည်။

**ဦးစိုးသူအောင်**
**မန်နေဂျင်းဒါရိုက်တာ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ရှိ အကွက်အမှတ် (၈၀)၊ အကွက်အမည်(စောစီရွာ) မြေကွက်အမှတ် (၁၇/၁၃၄)၊ ဦးပိုင်အမှတ် (၁၅၇)၊ ဧရိယာ ၀ဒသမ၁၀၈ဧကအကျယ်အဝန်းရှိမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေခွန်တော်အမှုတွဲအမှတ် ၆၀၆/၂၀၁၇ဖြင့် တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နန်းမိ လော ၁၃/ဟပန(နိုင်)၀၂၀၉၃၃ထံမှ ကျွန်တော် ဦးကောင်းမင်းခန့် ၁၃/တကန(နိုင်)၂၁၀၇၆၁က အသိသက်သေများရှေ့မှောက်တွင် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသည့်တရားဝင်စာရွက်စာတမ်း၊ ပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို သက်ဆိုင်ရာရုံးတော်အဆင့်ဆင့်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကောင်းမင်းခန့် ၁၃/တကန(နိုင်)၂၁၀၇၆၁**
**အမှတ် (၁၃၁) နှင်းဆီလမ်း**
**ပြည်တော်သာရပ်ကွက်၊ တောင်ကြီးမြို့**

## လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ သာယာရွှေပြည်အိမ်ရာ၊ တိုက်(၃)၊ အခန်း(၅၀၂)နေ ကျွန်တော် ဦးအောင်သန်းဌေး(ဘ)ဦးသန်းထွန်း ၁၂/ရကန(နိုင်)၀၆၂၄၂၉က အောက်ဖော်ပြပါ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို ရန်ကုန် တိုင်းဒေသကြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်–

အထက်ဖော်ပြပါ လုပ်ငန်းတံဆိပ် အမည်အမှတ်အသားမှာ " Millionaire " မီလျံနာ အိမ်ခြံမြေလုပ်ငန်း အမှတ်တံဆိပ်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းတံဆိပ် အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်၊ မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်အသုံးပြုထားသော လုပ်ငန်းတံဆိပ် အမည်အမှတ်အသားဖြစ်ပြီး အရောင်မျိုးစုံ၊ ပုံသဏ္ဌာန်မျိုးစုံဖြင့် အိမ်ခြံ မြေ လုပ်ငန်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ၊ ကြော်ငြာများ၊ ရုပ်ရှင်ဆလိုက်ကြော်ငြာများ၊ တီဗွီ၊ ဗီဒီယို၊ ရေဒီယို၊ အင်တာနက်(Website)၊ Facebook ကြော်ငြာများ၊ ပါဆယ်ထုပ်များ၊ စတေကာများ၊ ဗီနိုင်း၊ ဆိုင်းဘုတ်၊ ဘလောက်ဒီဇိုင်း၊ တံဆိပ်တုံးများ၊ ငွေပြေစာဖြတ်ပိုင်းများတို့တွင် စသည့် လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို ဖိနှိပ်၊ ကပ်နှိပ်၍ သုံးစွဲသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်း အမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိမှတစ်ပါးအခြားမည်သူ တစ်ဦးတစ်ယောက်ကမျှ တိုက်ရိုက်သော်လည်းကောင်း၊ ဆင်တူယိုးမှားသော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှား သော်လည်းကောင်း၊ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တုပသုံးစွဲ ပြုလုပ်နေသည်ကို တွေ့ရှိပါက တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၎င်းအမှတ်တံဆိပ် အမည်အမှတ်အသားနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်သန်းဌေး ၁၂/ရကန (နိုင်) ၀၆၂၄၂၉**
**ဖုန်း–၀၉–၉၅၁၃၃၈၀၀၀၊ ၀၉–၉၆၈၈၁၃၈၇၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မင်းဂံအကွက်(၄)၊ ဆန္ဒသူရိလမ်းတွင် SYP စမ်းရေဖြိုး သောက်ရေသန့် အမည်ဖြင့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပါသည်။သို့ပါ၍ သောက်ရေသန့် စက်ရုံများမှ အမည်တူရှိနေပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမပြုပါက ထုတ်လုပ်ရောင်းချရန်အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် လိုင်စင်တင်ရန် ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးပြည့်စုံ**
**ဖုန်း–၀၉– ၆၉၁၉၇၆၃၀၄၊**
**၀၉– ၄၂၁၇၁၅၇၉၂**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၁)၊ အကွက်အမှတ်(ကွန်ပျူတာတိုးချဲ့)၊ ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ ၀ဒသမ၀၉၆ဧက အမှုတွဲအမှတ် ၁၈၃–၅/၂၀၀၂–၂၀၀၃(စီ)ဖြင့် ဗိုလ်ကြီးစိုးသီဟ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ၎င်း၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးရန်ကွေကြည် ၁၃/လရန(ပြု)၀၀၀၁၁၅မှ စာချုပ်အမှတ် (၂၃၀၁/၂၀၁၆)ဖြင့် ဒေါ်ငွေကြည်ထံသို့ ရောင်းချပေးခဲ့ပြီးဖြစ်၍ ဒေါ်ငွေကြည် ၁၃/လရန(ပြု)၀၀၀၁၇၇မှ အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၁)၊ အကွက်အမှတ်(ကွန်ပျူတာတိုးချဲ့)၊ဦးပိုင်အမှတ်(၂၆)၊ ဧရိယာ ၀ဒသမ၀၉၆ဧက အမှုတွဲအမှတ် ၁၁၆–၅/၂၀၀၂–၂၀၀၃(စီ)ဖြင့်ဗိုလ်ကြီး စိုင်းညီမောင်အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ၎င်း၏အထူး ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးရန်ကွေကြည် ၁၃/လရန(ပြု)၀၀၀၁၁၅မှ စာချုပ်အမှတ် (၁၉၄၁/၂၀၁၆)ဖြင့် ဒေါ်အေးရီထံသို့ ရောင်းချပေးခဲ့ပြီးဖြစ်၍ ဒေါ်အေးရီ ၁၃/လရန(နိုင်)၀၈၈၀၂၂မှ အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## မီး သတိပြု

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ ကြီးရွာအုပ်စု၊ ပေါင်လောင်ကန် မြောက်ရွာနေ ဦးကျော်စိန်၏သမီး ဒေါ်ရင်မေ ၈/ပခက(နိုင်)၁၀၉၈၇၅နှင့် ကွယ်လွန်သူခင်ပွန်း ဦးကျော်မောင်းတို့သည် သားသမီး ၁၀ဦး ထွန်းကားသည့်အနက်မှ တတိယသားဖြစ်သူ ဦးဝင်းမော် ၈/ပခက(နိုင်)၁၂၀၃၇၅သည် မိခင်မုဆိုးမနှင့် ဆွေမျိုးတို့၏ ပြောဆိုဆုံးမမှုကို နားမထောင်ဘဲစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေသည့်အတွက် ယနေ့မှစ၍ အမွေစား၊ အမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ **မိခင်–ဒေါ်ရင်မေ**

## မိဘအမည်မှန်

ဟိုပန်မြို့၊ အထက(ဟိုပန်)၊ အဌမတန်းမှ မောင်လွတ်၏ မိဘအမည်မှန်မှာ ဦးအိုက်ဆန် ၁၃/ကလတ(နိုင်)၀၁၂၆၉ နှင့် ဒေါ်အေးလုံ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ အကွက်အမှတ်(RA-III/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ်(၁၀၅-က)၊ မြေဧရိယာ ၁ ဒသမ၀၀ ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးချိန်ဖူးဆက်(ခ)ဦးဖေဝင်း ၉/မမန(နိုင်)၀၂၆၈၆၁ နှင့် ဒေါ်နန်းမထွေး ၁၃/မခန(နိုင်)၀၃၅၇၉၀ တို့မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၉၂)၊ ဦးပိုင်အမှတ် (၁၁+၁၆-က)၊ ၃၆လမ်းနှင့် ၃၈လမ်းကြား ၈၇လမ်းနှင့် ၈၉လမ်းကြားရှိ ဦးလှဖေ အမည်ပေါက် ဂရန်မြေကွက်အား ဦးလှဖေသည် ဒေါ်စောညွန့်နှင့်အိမ်ထောင်ကျပြီး သားသမီးမွေးဖွားခြင်းမရှိဘဲ ကွယ်လွန်သဖြင့် ညီမဖြစ်သူ ဒေါ်အမာမှ ဆက်ခံခဲ့ပါသည်။ (အဘိုး)ဦးရင်၊ (အဘွား)ဒေါ်အမာ၊ (ဖခင်)ဦးကျော်သန်း (မိခင်)ဒေါ်ခင်လှ၊ ဒေါ်ခင်ဆွေတို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော သား၊ သမီးနှင့်သမက်တို့ဖြစ်သော ဒေါ်မြင့်မြင့် ၉/မနတ(နိုင်)၀၁၇၈၁၁၊ ဦးတိုး ၉/မနတ(နိုင်)၀၁၈၆၇၀၊ ဒေါ်တင့်တင့် ၉/မနတ(နိုင်)၀၁၇၈၁၂၊ ဦးဝင်းဌေး ၉/မနတ(နိုင်)၀၁၉၀၇၆၊ ဦးမောင်မောင် ၉/မနတ(နိုင်)၀၁၇၈၁၃၊ ဒေါ်ဝါဝါခင် ၉/မနတ(နိုင်)၀၀၀၂၆၈၊ ဦးကိုကိုမျိုး ၉/မနတ(နိုင်)၀၀၀၂၆၇ တို့က ဂရန်စာချုပ်မူရင်းပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**


သစ်တော
သစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်
စိုက်ပျိုး
အလှတိုး


## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## အဆောက်အအုံဟောင်း 1 Lot ကို ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မကွေးခရိုင်၊ နတ်မောက်မြို့နယ်၊ မကွေး-နတ်မောက်ကားလမ်း၊ ဈေးရပ်ကွက်ရှိ မြေဧရိယာ ၀ဒသမ၂၆ဧကပေါ်တွင် အသုံးမလိုသည့် အဆောက်အအုံဟောင်း 1 Lot ကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၉-၁၀-၂၀၂၀ရက်မှ ၄-၁၁-၂၀၂၀ ရက်အထိ ရုံးဖွင့်ချိန် ၀၉:၃၀နာရီမှ ၁၆:၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် တင်ဒါပုံစံများကို တစ်စောင်လျှင် ငွေကျပ် ၅၀၀၀/-နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ ဈေးနှုန်းကမ်းလှမ်းလွှာများကို ၅-၁၁-၂၀၂၀ရက် ၀၉:၃၀နာရီမှ ၁၆:၃၀နာရီအတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၃-၂၀၂၅၀၅၅သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါပုံစံများ ဝယ်ယူ/တင်သွင်းရန်လိပ်စာ**
**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**မကွေးတိုင်းဒေသကြီးရုံး**
**E-၅၄၊ မြင်သာရပ်ကွက်၊ ပြည်တော်သာလမ်း၊ မကွေးမြို့**
**ဖုန်း-၀၆၃-၂၀၂၅၀၅၅**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## အဆောက်အအုံဟောင်းကို ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခန္တီးခရိုင်၊ လဟယ်မြို့နယ်၊ ဆေးရုံလမ်း၊ တာလံရပ်ကွက်ရှိ မြေဧရိယာ ၀ဒသမ၅၀ ဧကပေါ်တွင် အသုံးမလိုသည့် အဆောက်အအုံဟောင်းကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၉-၁၀-၂၀၂၀ရက်မှ ၄-၁၁-၂၀၂၀ ရက်အထိ ရုံးဖွင့်ချိန် ၀၉:၃၀နာရီမှ ၁၆:၃၀ နာရီတွင် အောက်ပါလိပ်စာတွင် တင်ဒါပုံစံများကို တစ်စောင်လျှင် ငွေကျပ် ၅၀၀၀/-နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ ဈေးနှုန်းကမ်းလှမ်းလွှာများကို ၅-၁၁-၂၀၂၀ရက် ၀၉:၃၀ နာရီမှ ၁၆:၃၀နာရီအတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၇၁-၂၆၂၈၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါပုံစံများ ဝယ်ယူ/တင်သွင်းရန်လိပ်စာ**
**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**စစ်ကိုင်းတိုင်းဒေသကြီးရုံး**
**အမှတ် ၄/၃၊ ကျန်စစ်သားလမ်းနှင့် စိတ္တသုခလမ်းထောင့်၊**
**နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့**
**ဖုန်း-၀၇၁-၂၆၂၈၄**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် [၁/လင/(၂၀၂၀-၂၀၂၁)]

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း-တံတား တည်ဆောက်ရေးလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ) ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** | - | ၂-၁၁-၂၀၂၀ (ရုံးချိန်အတွင်း) |
| (ခ) | **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက်** | - | ၂၀-၁၁-၂၀၂၀၊ ညနေ ၁၆:၀၀ နာရီ |
| (ဂ) | **တင်ဒါအာမခံကြေး(PO) တင်သွင်းရမည့်ရက်/အချိန်** | - | ၂၃-၁၁-၂၀၂၀၊ ညနေ ၁၆:၀၀ နာရီထိ |
| (ဃ) | **အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာနှင့်နေ့ရက်** | - | ထပ်မံကြေညာပါမည်။ |
| (င) | **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် နေရာနှင့်နေ့ရက်** | - | ထပ်မံကြေညာပါမည်။ |

၃။ Coronavirus Diease 2019( Covid-19) ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပွားစေရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ တင်ဒါစိစစ်ရွေးချယ်ခြင်း အစီအစဉ်အား ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း-၀၇၁-၂၃၇၆၄ သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ငွေလုံးငွေရင်း (မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သောလုပ်ငန်းခွင်သုံး ပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| ၁။ | **တင်ဒါစတင်ရောင်းမည့်ရက်** | - | ၁၉-၁၀-၂၀၂၀ ရက် (တနင်္လာနေ့) |
| ၂။ | **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၁၈-၁၁-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) (၁၆:၃၀)နာရီ |
| ၃။ | **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ထပ်မံကြေညာပါမည်။ |
| ၄။ | **တင်ဒါလျှောက်လွှာရောင်းချမည့် နေရာ** | - | တွဲဖက်ပြည်နယ်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ |
| ၅။ | **တင်ဒါတင်သွင်း စိစစ်ရွေးချယ်မည့်နေရာ** | - | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ လားရှိုးမြို့ |
| ၆။ | **ဆက်သွယ်စုံစမ်းရန်ဖုန်းနံပါတ်** | - | ၀၈၂-၂၂၀၄၁၄၉၊၀၈၂-၂၂၀၄၁၅၉ (ပြည်နယ်ရုံး)<br>၀၉-၅၂၆၃၄၂၀(လားရှိုးခရိုင်)<br>၀၉-၂၅၃၅၆၅၉၄၉ (ကျောက်မဲခရိုင်)<br>၀၉-၄၅၂၃၄၁၉၃၄ (မူဆယ်ခရိုင်)<br>၀၉-၄၃၀၇၃၂၇၂ (မိုးမိတ်ခရိုင်)<br>၀၉-၂၅၂၄၅၃၈၃၀ (ဟိုပန်ခရိုင်)<br>၀၉-၄၅၈၀၃၁၄၇၄ (လောက်ကိုင်ခရိုင်) |

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ အောင်ဆန်းပုံနှိပ်စက်ရုံရှိ နေသူရိန်အဆောက်အဦ
## (၁၈၀ပေx၇၀ပေ) သွပ်အမိုးနှင့် မျက်နှာကြက်ပြုပြင်ခြင်းလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ အောင်ဆန်းပုံနှိပ်စက်ရုံရှိ နေသူရိန် အဆောက်အဦ (၁၈၀ ပေ x၇၀ ပေ) သွပ်အမိုးနှင့် မျက်နှာကြက်ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်အတွင်း မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံလို၍ မြန်မာနိုင်ငံသားများပိုင် ပြည်တွင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၁၀-၂၀၂၀ ရက်မှ ၄-၁၁-၂၀၂၀ရက်အထိ နေ့စဉ် နံနက် ၀၉:၃၀ မှ ညနေ ၁၆:၀၀ နာရီအထိ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာတွင် တစ်စောင်လျှင် ၂၀၀၀/-ကျပ်နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏မှတ်ပုံတင်ကတ်ပြား(သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရမည်။

၃။ ဈေးနှုန်းအဆိုပြုလွှာမပါသော နည်းပညာဆိုင်ရာ အဆိုပြုလွှာများကို ၅-၁၁-၂၀၂၀ ရက်မှ ၁၂-၁၁-၂၀၂၀ ရက်အထိ နံနက် ၀၉:၃၀ မှ ညနေ ၁၆:၀၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ရုံးအမှတ်(၇)နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၀၃၊ ၀၆၇-၄၁၂၀၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| **ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန** | **အဆောက်အအုံများဆောက်လုပ်ခြင်း၊** |
| **ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)** | **ရောင်းချခြင်း** |
| **စီမံရေးရာဌာနခွဲ၊ နေပြည်တော်** | **ငှားရမ်းခြင်းလုပ်ငန်းကော်မတီ** |
| **ဖုန်း-၀၆၇-၄၁၂၀၃၊ ၄၁၂၀၅** | **ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)** |
| **အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်ရုံး** | **နေပြည်တော်** |
| **ဖုန်း-၀၁-၂၅၁၈၉၂၊ ၂၅၁၉၉၅** | **ဖုန်း-၀၆၇-၄၁၃၉၀** |

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ် [၁/ပစ/(၂၀၂၀-၂၀၂၁)]

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန ခရိုင်/လမ်းအထူးအဖွဲ့များတွင် ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း-တံတားတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် ကတ္တရာ၊ ဘိလပ်မြေနှင့် သံချောင်းလုံး(ရှယ်စုံ)တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသောလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ) ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** | - | ၂၆-၁၀-၂၀၂၀၊ (ရုံးချိန်အတွင်း) |
| (ခ) | **အိတ်ဖွင့်တင်ဒါလျှောက်လွှာ** ပိတ်မည့်ရက်/အချိန် | - | ၁၆-၁၁-၂၀၂၀၊ ညနေ ၁၅ : ၀၀ နာရီ |
| (ဂ) | **တင်ဒါအာမခံကြေး(PO) တင်သွင်းရမည့်ရက်/အချိန်** | - | ၁၇-၁၁-၂၀၂၀၊ညနေ ၁၆:၀၀ နာရီထိ |
| (ဃ) | **အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ် မည့်နေရာ** | - | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မုံရွာမြို့ |
| (င) | **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ထပ်မံကြေညာပါမည်။ |

၃။ Coronavirus Diease 2019( Covid-19) ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပွားစေရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ တင်ဒါစိစစ်ရွေးချယ်ခြင်း အစီအစဉ်အား ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ဖုန်း-၀၇၁-၂၃၇၆၄ သို့ ဆက်သွယ်၍ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘဏ္ဍာရန်ပုံငွေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံးလက်အောက်ရှိ မြို့နယ်ဥပဒေရုံးများတွင် အောက်ပါဆောက်လုပ်ရေးလုပ်ငန်းများ ဆောက်လုပ်ရန် ရှိပါသည်-

(၁) မြင်းမူမြို့နယ် ဥပဒေရုံး၊ ရုံးဆောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် ရေတွင်းတူးခြင်းလုပ်ငန်း(အဆောက်အဦ အလျား ၄၀ပေx အနံ ၃၆ပေ၊ (၁)ထပ် RC ရေမီးပြည့်စုံ၊ ခြံစည်းရိုး အလျား ၁၃၀ ပေx အနံ ၆၀ပေ၊ စက်ရေတွင်း ပေ ၅၀၀)

(၂) အရာတော်မြို့နယ် ဥပဒေရုံး ရုံးဆောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် ရေတွင်း တူးခြင်းလုပ်ငန်း(အဆောက်အဦ အလျား ၄၀ပေx အနံ ၃၆ပေ၊ (၁) ထပ် RC ရေမီးပြည့်စုံ၊ ခြံစည်းရိုး အလျား ၂၀၀ ပေx အနံ ၂၀၀ပေ၊ စက်ရေတွင်း ပေ ၄၀၀)

(၃) ဆားလင်းကြီးမြို့နယ်၊ ဥပဒေရုံး ရုံးဆောက်လုပ်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်း (အဆောက်အဦ အလျား ၄၀ပေx အနံ ၃၆ပေ၊ (၁)ထပ် RC ရေမီးပြည့်စုံ၊ ခြံစည်းရိုး အလျား ၈၀ ပေx အနံ ၆၀ပေ)

(၄) မြောင်မြို့နယ် ဥပဒေရုံး ခြံစည်းရိုးကာရံခြင်းနှင့် သံချောင်းရိုးကာရံခြင်း လုပ်ငန်း (အုတ်တံတိုင်း အလျား ၂၀၅ ပေ၊ အမြင့် ၆ပေ၊ မြေထိန်းနံရံ အလျား ၂၀၈ ပေ၊ အမြင့် ၉ပေ)

၂။ အထက်ပါ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောက်လုပ်ရန်နှင့် မိတ္တူကူးစက်များ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ရုံးချိန်အတွင်း ဝယ်ယူ၍ အောက်ပါနေ့ရက်များအတွင်း အောက်ပါနေရာ၌ တင်သွင်းနိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်** | - | ၁၉-၁၀-၂၀၂၀ ရက်မှ ၁၈-၁၁-၂၀၂၀ ရက်အထိ |
| (ခ) | **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** | - | စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ နန္ဒဝန်ရပ်၊ မုံရွာမြို့ |

၃။ သတ်မှတ်ထားသောနေ့ရက်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံး ဖုန်း-၀၇၁-၂၄၃၂၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ မုံရွာမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (ဠ-၂)၊ ဦးပိုင်အမှတ် (၁)၊ ၇၁ x ၇၂ လမ်းကြား၊ ကျန်စစ်သားလမ်း x ဇော်ဂျီလမ်းကြားတွင်တည်ရှိသော ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်ကျော်ဝင်း၊ ဒေါ်ခင်သန်းတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၈၇၁/၂၀၂၀) ဖြင့် ဝယ်ယူခဲ့သူ ဦးရှိကန်မင်း(ခ) ဦးစိုင်းမောင် ၁၃/ဟပန(နိုင်)၀၄၁၇၂၃ နှင့်ဇနီး ဒေါ်အေးအေးခိုင် ၁၂/လသန(နိုင်)၀၀၂၃၄၉ တို့က သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားခဲ့ရာ ဂရန်ပေါ်တွင် တောဂရန် ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံတောဂရန်နှင့်စိစစ်ပြီး ထုတ်ပေးခြင်းဖြစ်သည်။ ဂရန်စာချုပ်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော ဂရန်စာချုပ်မိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအားပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## မွန်ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့ရုံး၊ မော်လမြိုင်မြို့
## မွန်ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲ(သထုံ)ရုံးဆောက်လုပ်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်၊ ဗဟိုစာရင်းအင်းအဖွဲ့ရုံးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မွန်ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲ(သထုံ) ရုံးဆောက်လုပ်ခြင်းလုပ်ငန်း၊ RC နှစ်ထပ် (၄၀'x၆၀'x၂၂')နှင့် မွန်ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲ(သထုံ) ခြံစည်းရိုးကာရံခြင်း (Chain Link)(၆၀'x၁၀၀') လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများ ရောင်းချမည့်နေ့ရက်၊ နောက်ဆုံးတင်သွင်းရမည့် နေ့ရက်နှင့် ဆက်သွယ်ရန် လိပ်စာတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **စတင်ရောင်းချမည့်နေ့ရက်/အချိန်** | - | ၂၁-၁၀-၂၀၂၀ ရက် (၉:၃၀)နာရီ |
| (ခ) | **အရောင်းပိတ်မည့်နေ့ရက်/အချိန်** | - | ၁၂-၁၁-၂၀၂၀ ရက် (၁၆:၃၀)နာရီ |
| (ဂ) | **အိတ်ဖွင့်တင်ဒါနောက်ဆုံး တင်သွင်းရမည့် နေ့ရက်/အချိန်** | - | ၁၃-၁၁-၂၀၂၀ ရက် (၁၆:၃၀)နာရီ |
| (ဃ) | **ရောင်းချမည့်/တင်သွင်းရမည့်နေရာ** | - | ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့ရုံး၊ မော်လမြိုင်မြို့ |

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မွန်ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့ရုံး၊ အရာတော် (၂)လမ်း၊ ပြည်နယ်ကျေးလက်ဦးစီးမှူးရုံးဘေး၊ မောင်ငံရပ်ကွက်၊ မော်လမြိုင်မြို့ ဖုန်း-၀၅၇-၂၀၂၄၅၁၇၊ ၀၅၇-၂၀၃၀၅၇၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရရန်ပုံငွေ(BE)ဘတ်ဂျက်ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်၊ ကျေးရွာမီးလင်းရေးနှင့် ဓာတ်အားစနစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် Turnkey(ပုတ်ပြတ်)စနစ်ဖြင့် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

(က) ဖြန့်ဖြူးရေးဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

| | | | |
|---|---|---|---|
| (ခ) | **တင်ဒါစတင်ရောင်းချ/တင်သွင်းမည့်ရက်** | - | ၂၀-၁၀-၂၀၂၀ ရက် (အင်္ဂါနေ့) |
| (ဂ) | **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၁၉-၁၁-၂၀၂၀ ရက် (ကြာသပတေးနေ့) (၁၂:၀၀)နာရီ |
| (ဃ) | **တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** | - | ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ |
| (င) | **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** | - | ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး (အစည်းအဝေးခန်းမ) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ |

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီများသည် ကုမ္ပဏီအမှတ်တံဆိပ်နှင့် ကုမ္ပဏီမှ အထူးအာဏာလွှဲအပ်ထားသူ အနိမ့်ဆုံး Director အဆင့်ရှိသူပါရှိမှသာ တင်ဒါလျှောက်လွှာဝယ်ယူခွင့်ပြုမည်။

၄။ အသေးစိတ်သိရှိလိုပါက ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ ဖုန်း-၀၉-၃၁၁၇၇၄၆၈ (လက်/ညွှန်-ဘဏ္ဍာ)၊ ဖုန်း-၀၉-၄၀၂၅၀၄၇၃၁(အင်/ယာမှူး)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ကျောက်ပန်းတောင်းမြို့နယ်တရားရုံး
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၄၁

| | | |
|---|---|---|
| ဒေါ်ထွေးကြည် | **နှင့်** | ဒေါ်ခင်ထွေးရီ ပါ(၁၁) |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မြကန်သာကျေးရွာနေ (၆)တရားပြိုင် ရဲမင်းအောင် (ဘ) ဦးပေါ်သာနှင့် (၇)တရားပြိုင် ရဲမင်းထိုက် (ဘ) ဦးပေါ်သာ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ် တရားလို ဒေါ်ထွေးကြည်ကအမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ပြည့်နှစ် နိုဝင်ဘာ ၉ ရက် (၁၃၈၂ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ ရက်) နံနက် ၁၀နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သဲသက်ဇွန်စံ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကျောက်ပန်းတောင်းမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၄)၊ ဦးပိုင်အမှတ်(၁၀၃)၊ ၅၇x၅၈ လမ်းကြား၊ ၂၇x၂၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးထွန်းကျော်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၅၇၀/၂၀၂၀)ဖြင့် ဝယ်ယူခဲ့သူ ဦးအိုက်စိုင်း ၁၃/နခန(နိုင်)၀၃၃၆၉၆ က သက်တမ်းတိုး အမည်ပြောင်းလျှောက်ထားခဲ့ရာ ဂရန်ပေါ်တွင် တောဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် (၁-က) ဦးပိုင် မှတ်ပုံတင်နှင့်စိစစ်၍ ဂရန်မိတ္တူထုတ်ပေးခြင်းဖြစ်သည်။ တောဂရန်စာချုပ်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအားပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

ပုသိမ်မြို့၊ ရ.က.အ(၄)၊ နယ်မြေ၊ အမှတ်(၂၀)၊ မြေနုလမ်းနေ ဦးဇေယျာထွန်း (ဘ)ဦးအုံးဝမ် ၁၄/ပသန(နိုင်)၁၆၄၉၁၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ဦးဇေယျာထွန်းသည် ပုသိမ်မြို့၊ ကုန်သည်လမ်း၊ ရွှေမုဋ္ဌော ဘုရားအရှေ့ဘက်မုခ်အနီး အလက(၁)ကျောင်းရှေ့၊ အမှတ်(၃/၄)ဟုခေါ်တွင်သော Sky Food & Bakery လုပ်ငန်းတံဆိပ်အမှတ်အသားဖြင့် မုန့်အမျိုးအစားမျိုးစုံကို ပုသိမ်မြို့နှင့် အခြားမြို့များသို့ လက်လီလက်ကား ရောင်းချသူတစ်ဦးဖြစ်ပါသည်။ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ဦးဇေယျာထွန်းတစ်ဦးတည်းအမည်ဖြင့် သုံးစွဲရန် ပုသိမ်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၌ ၄-၈-၂၀၂၀ ရက်စွဲပါ စာချုပ်အမှတ် ၆၈/၂၀၂၀ ဖြင့် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကုန်အမှတ်တံဆိပ်အမည်နှင့် အမှတ်အသား**







**စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်-၆၈/၂၀၂၀)**

Sky Food & Bakery ကုန်အမှတ်တံဆိပ်ကို ဖော်ပြ၍ တံဆိပ်အမှတ်အသားဖြင့်လည်းကောင်း၊ အသားတံဆိပ်ဖြင့်လည်းကောင်း စာရွက်စာတမ်းများ၊ ဆိုင်းဘုတ်ကပ်၍ အသုံးပြုနိုင်သော စတစ်ကာများ၊ အဆိုပါတံဆိပ်အမည်အမှတ်အသားဖြင့် ပစ္စည်းများကို ထည့်သွင်းအသုံးပြုသော အိတ်အမျိုးမျိုး၊ အသားတံဆိပ်ပါ ဘောက်ချာများဖြင့် စားသောက်ကုန်ထုတ်လုပ်ခြင်း၊ လက်လီလက်ကား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများကို ပုသိမ်မြို့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့များအားလုံးအတွင်းရှိ လုပ်ငန်းများကိုသော်လည်းကောင်း၊ ယင်းလုပ်ငန်းနှင့် ဆက်သွယ်ပတ်သက်သည့် ရေဒီယို၊ ရုပ်မြင်သံကြားကြော်ငြာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ Online Facebook Website စသည်တို့ပေါ်တွင် လည်းကောင်း၊ အဆိုပါ Sky Food & Bakery ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ဦးဇေယျာထွန်း၏ ခွင့်ပြုချက်မရဘဲ ပြုလုပ်သုံးစွဲခြင်းမပြုရန်နှင့် အဆိုပါ Sky Food & Bakery ကုန်အမှတ်တံဆိပ်ဖြင့် အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများကဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲမှုမပြုလုပ်ပါရန် ကြေညာအပ်ပါသည်။ Sky Food & Bakery ကုန်အမှတ်တံဆိပ်ကို အလွဲသုံးစားပြုပြီး အလားတူ အခြားမုန့်များအား Sky Food & Bakery မုန့်ဆိုင်မှ မုန့်များနှင့် အရသာတူညီကြောင်း၊ ပုံစံချင်းလည်းတူညီကြောင်း ပြောဆိုကာ ပုသိမ်မြို့တွင်းနှင့် အခြားမြို့များရှိ မုန့်ဆိုင်များသို့ စပ်ဟပ်ရောင်းချ၊ ဖြန့်ဖြူးခြင်းများ ပြုလုပ်သည်ကို တွေ့မြင်ကြားသိရှိလျှင်လည်းကောင်း၊ ထိုသို့ အတုအပပြုလုပ်မှုသည် မှတ်ပုံတင်သွင်းထားသူ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာမှုများ ပေါ်ပေါက်လာလျှင်သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တည်ဆဲပြဋ္ဌာန်းဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးဇေယျာထွန်း(ဘ)ဦးအုံးဝမ်**
**၁၄/ပသန(နိုင်)၁၆၄၉၁၀**

**ဦးဇေယျာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဝင်း B.A (Law) LL.B**
**တရားလွှတ်တော်ရှေ့နေ စဉ်-၂၃၇၁**
**အမှတ်-၁၄(ခ)၊ မဟာစေတီလမ်း၊**
**ရ.က.အ(၅) ပုသိမ်မြို့၊ ဖုန်း-၀၉-၅၂၀၁၆၈၄**
**ဦးသန်းထွန်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၁၆၅၃၀**
**ကျောက်ငူစက်လှေဆိပ်၊ ရ.က.အ(၆)**
**ပုသိမ်မြို့၊ ဖုန်း-၀၉-၂၅၀၉၃၂၉၉၂**

## အများသိစေရန် သတိပေးတားမြစ်ကြောင်းကြော်ငြာ

ဦးမြသိန်း (ဘ)ဦးထွန်းစိန် (လူပျိုကြီး) ၁၂/ဥကတ(နိုင်)၁၁၇၈၈၇ သည် ၁၁-၅-၂၀၁၆ ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ဒေါ်အေးအေး (ဘ)ဦးထွန်းကြည် ၁၂/ဥကတ(နိုင်)၁၁၆၆၆၂ အား စာချုပ်အမှတ် ၆၃၇၁/၂၀၁၆ ဖြင့် ကိတ္တိမသမီးအဖြစ်လည်းကောင်း၊ ဦးကျော်မင်းထွန်း၏သားများဖြစ်ကြသော မောင်သက်ထွန်းဦး ၁၂/ဥကတ(နိုင်)၁၉၀၈၄၅ နှင့် မောင်အောင်ကျော်သက်တို့နှစ်ဦးအား စာချုပ်အမှတ် ၆၁၇၂/၂၀၁၆ ဖြင့် ကိတ္တိမသားများအဖြစ်လည်းကောင်း အမွေစားအမွေခံ ကိတ္တိမသမီးနှင့် သားများအဖြစ် မွေးစားထားခဲ့ပြီးဖြစ်ကြောင်း အများသိစေအပ်ပါသည်။ မွေးစားဖခင်ဖြစ်သူ ဦးမြသိန်း (ဘ)ဦးထွန်းစိန်သည် ၂၂-၉-၂၀၂၀ ရက်၌ ကွယ်လွန်ခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော မွေးစားသားသမီးများဖြစ်သည့် ဒေါ်အေးအေး၊ မောင်သက်ထွန်းဦးနှင့် မောင်အောင်ကျော်သက်တို့က COVID-19 ကပ်ရောဂါဘေးကြီး ကျရောက်နေသော်လည်း သားသမီးတို့၏ဝတ္တရားနှင့်အညီ မွေးစားဖခင် ဦးမြသိန်းအား ကောင်းစွာသင်္ဂြိုဟ်ခြင်း၊ သံဃာတော်(၃)ပါးအား အမွေဆိုင်အိမ်သို့ ပင့်ဆောင်ကာ ရက်လည်ဆွမ်းသွပ်ခြင်းတို့ကို ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါသည်။ ကွယ်လွန်သူ မွေးစားဖခင် ဦးမြသိန်းသည် အိမ်ထောင်မရှိသူ (လူပျိုကြီး)ဖြစ်သဖြင့် ၎င်းကျန်ရစ်ခဲ့သော အမှတ် (၁၄၀၇/ဒီ)၊ ၃၈လမ်း၊ ၁၃ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပင်မအိမ်ကြီး(၁)လုံး၊ အဖီ(၁)ခု၊ လုံးချင်းအိမ်(၃)လုံးနှင့် (၈)ခန်းတွဲပါ လူနေအိမ်ခန်းတန်းလျား (၁)ခုတို့နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့မှာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်အေးအေး၊ မောင်သက်ထွန်းဦးနှင့် မောင်အောင်ကျော်သက်တို့၏ အမွေပုံပစ္စည်းဖြစ်ကြောင်း အများသိစေအပ်ပါသည်။ မွေးစားဖခင် ဦးမြသိန်း၏ကျန်ရှိခဲ့သော အထက်ဖော်ပြပါ အမွေပုံပစ္စည်းများအား ကျွန်ုပ်၏မိတ်ဆွေ မွေးစားသားသမီးများဖြစ်ကြသည့် ဒေါ်အေးအေး၊ မောင်သက်ထွန်းဦးနှင့် မောင်အောင်ကျော်သက်တို့၏ ခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အငှားချထားခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ဂရန်အမည်ပြောင်းလဲခြင်းတို့မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ သတိပေးတားမြစ်ချက်အား ဖောက်ဖျက်သူမည်သူကိုမဆို ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြင့်သန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၃၀၇၇/၈၅**

**ဦးရဲအောင်နိုင်ထူး (LL.B)**
**အထက်တန်းရှေ့နေ**
**စဉ်-၃၃၀၄၆/၂၀၁၀**

**အမှတ် (၉၁၈/က)၊ အင်း၀ (၈)လမ်း၊ ၆ ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၇၉)ရပ်ကွက်၊ အမှတ်(၉၈၀)ဟုခေါ်တွင်သော ၄၀'x၆၀' မြေကွက်အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီတာထွေး ၆/ထဝန(နိုင်)၀၇၅၁၁၁ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်မဒေါ်သန္တာသီရိမွန် ၁/ဗမန(နိုင်)၀၅၇၁၃၁ စရန်ငွေအချို့တစ်ဝက်ပေးပြီးဖြစ်ပါ၍ ကန့်ကွက်လိုလျှင် ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်မထံ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ဝယ်ယူသူ-**
**ဒေါ်သန္တာသီရိမွန်**
**၁/ဗမန(နိုင်)၀၅၇၁၃၁**
**၂၂၉၊ ကျိုက္ကဆံလမ်း၊ တာမွေ၊ ဖုန်း-၀၉-၂၅၀၀၁၇၄၁၂**

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## စစ်ကိုင်းတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဓာတ်အားလိုင်းနှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများတည်ဆောက်ရန် လိုအပ်သောဆက်စပ်ပစ္စည်းများဝယ်ယူခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆောက်အဦနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၀-၁၀-၂၀၂၀ ရက်မှ ၂၀-၁၁-၂၀၂၀ ရက်အထိ

၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၃-၁၁-၂၀၂၀ ရက်၊ ၁၆:၀၀ နာရီ

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

**တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊**
**ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့**
**ဖုန်း-၀၇၁-၂၂၈၁၇၊ ၀၉-၂၅၉၀၇၀၂၂၃**

**သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန**
## ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## ပန်းတောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတားနှင့်အခြား တည်ဆောက်ရေးလုပ်ငန်းများနှင့် ပစ္စည်းတင်ဒါလုပ်ငန်းများအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါအဆိုပြုလျှောက်လွှာစတင်ရောင်းချမည့်ရက် (ပစ္စည်းတင်ဒါ+လုပ်ငန်းတင်ဒါ)** | - | ၁၃-၁၀-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၁၀:၀၀နာရီ |
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက် (ပစ္စည်းတင်ဒါ+လုပ်ငန်းတင်ဒါ)** | - | ၂၇-၁၀-၂၀၂၀ ရက် (အင်္ဂါနေ့) ညနေ ၁၆:၀၀နာရီ |
| **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက် (ပစ္စည်းတင်ဒါ+လုပ်ငန်းတင်ဒါ)** | - | ၅-၁၁-၂၀၂၀ ရက် (ကြာသပတေးနေ့) ညနေ ၁၆:၀၀ နာရီ |
| **တင်ဒါဖွင့်လှစ်မည့်ရက်(ပစ္စည်းတင်ဒါ)** | | ၁၀-၁၁-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၁၀:၀၀နာရီ |
| **တင်ဒါဖွင့်လှစ်မည့်ရက်(လုပ်ငန်းတင်ဒါ)** | | ၁၂-၁၁-၂၀၂၀ ရက် (ကြာသပတေးနေ့) နံနက် ၁၀:၀၀နာရီ |
| **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ (ပစ္စည်းတင်ဒါ+လုပ်ငန်းတင်ဒါ)** | - | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ပန်းတောင်းမြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ၁၃-၁၀-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၅၃-၂၀-၄၀၀၉၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပန်းတောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၊ (၁၀/၂)ရှိ မြေကွက်အမှတ်(၂၂၉/၆)အား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လွှဲပြောင်းပေးပို့ခဲ့သည့် ဦးပိုင်မှတ်ပုံတင်(၁-က)စာရင်းတွင် မြေကွက်အမည်ပေါက် ဦးရွှေထူး (ဘ)ဦးဖိုးလှ ၉/ပမန(နိုင်)၀၆၁၉၆၀၊ ဧရိယာ ၀ ဒသမ ၀၇၁ ဧကဟု ဖော်ပြထားရှိသဖြင့် ၎င်းမြေကွက်အား ဒေါ်ခင်မာထွေး (ဘ)ဦးရွှေထူး ၉/ပမန(နိုင်)၂၀၇၄၃၇ မှ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၁၆၇၅/၂၀၂၀)၊ အခြားမိသားစုဝင်များမှ ကန့်ကွက်ရန်မရှိကြောင်း တင်ပြချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်ကွဲလွဲသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်ထောက်ခံချက်၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုချက်၊ ပိုင်ဆိုင်ကြောင်း ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်မှုရင်း အထောက်အထားများ တင်ပြပြီး မြေကွက်အမည်ပေါက် ပြင်ဆင်ပေးပါရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်အမည်ပေါက်ပြင်ဆင်ပေးပါရန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန
## ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန တင်ဒါကော်မတီသည် ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသော ကွန်ကရစ်လမ်း(၂၂)လမ်း (၃မိုင် ၂.၆၁၆ ဖာလုံ)၊ မြေထိန်းနံရံ (၁)ခု၊ တံတား(၁)စင်းတည်ဆောက်ခြင်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုသမ္မတနိုင်ငံ တိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါများကို နည်းပညာပိုင်းဆိုင်ရာ အဆိုပြုလွှာနှင့် ငွေကြေးဆိုင်ရာ အဆိုပြုလွှာဟူ၍ သီးခြားစာအိတ်များဖြင့် တင်ဒါတင်သွင်းသူများလိုက်နာရန် ညွှန်ကြားချက်များ၊ (Instruction to Tenders)နှင့်အညီ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါစာရွက်စာတမ်းအပြည့်အစုံကို ၁၅-၁၀-၂၀၂၀ ရက်မှစတင်၍ ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်ဖောက်သွားမည်ဖြစ်ပါသည်-

(က) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၁၅-၁၁-၂၀၂၀ (နံနက် ၉ နာရီ)

(ခ) **တင်ဒါဖွင့်ဖောက်စစ်ဆေးမည့် ရက်/အချိန်** - ၁၅-၁၁-၂၀၂၀ (နံနက် ၁၀ နာရီ)

(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး

၄။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ဖုန်း-၀၉-၄၂၁၀၂၁၃၂၅၊ ၀၉-၇၆၈၄၀၆၉၉၈၊ ၀၅၆-၃၀၀၃၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန**

# ဘဝနတ်ထံပျံလွန်တော်မူခြင်း
# ဆရာတော် ဘဒ္ဒန္တခေမိန္ဒာစာရ
## (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)
## (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ)
## စတုဘုမ္မိကနိကာယ ဂဏနာယက(၄က်တွင်း)
## အကျိုးတော်ဆောင်
## နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်နှင့်
## ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ
## သက်တော် (၆၉)နှစ်၊ သိက္ခာတော် (၄၉)ဝါ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ အနော်ရထာလမ်းနှင့် ၅၃လမ်းထောင့်၊ စတုဘုမ္မိက ဗဟိုဌာနကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ခေမိန္ဒာစာရသည် (၁၃၈၂ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄ ရက်) ၁၅-၁၀-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၅:၅၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

စတုဘုမ္မိက ဗဟိုဌာနကျောင်းတိုက်
ရန်ကုန်မြို့

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ညွှန့် အသက်(၈၇)နှစ်

ဒေါ်အေးစန္ဒာဟိန်း (မြို့နယ်တရားသူကြီး၊ အိမ်မဲမြို့နယ်တရားရုံး)၏ဖခင် ဦးတင်ညွှန့်သည် ၁၃-၁၀-၂၀၂၀ရက် (အင်္ဂါနေ့) တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့်ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ဦးလေး ဦးတင်ညွှန့် ကောင်းရာ သုဂတိလားပါစေ၊ မြင့်မြတ်သော ဘုံဘဝသို့ ရောက်ရှိနိုင်ပါစေ။

**တရားရေးဝန်ထမ်းလုပ်ငန်းဝင်သင်တန်း**
**အပတ်စဉ်(၁၈)မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးသန်းကြည် အသက်(၈၂)နှစ်
## အငြိမ်းစား ငွေစာရင်းရုံး၊ မော်လမြိုင်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ အောင်ဇေယျရိပ်မွန် တိုက် (၁)၊ အခန်း(၁၀၅)နေ ဗိုလ်မှူး ဝင်းလတ်(ငြိမ်း) (ဗသက-၃၀)၏ချစ်လှစွာသော ဇနီး ဒေါ်အေးသန်းကြည်သည် ၁၄-၁၀-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS(30) သူငယ်ချင်းများနှင့်ဇနီးများ**

## CLAIMS DAY NOTICE
## MV. VIKING EMERALD V.15

Consignees of car go carried by MV. VIKING EMERALD V.15 are here by notified that the vessel will arrive on about 19-10-2020 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from (08:00)AM to (11:20)AM and (12:00)NOON to (4:00)PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

- ၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်အေးလှိုင် ၁၃/နစန(နိုင်)၁၀၉၄၇၃ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း- ၀၉- ၂၅၉၉၀၆၇၅၇

## တစ်ဦးတည်းဖြစ်ကြောင်း

၂၀၁၈ ခုနှစ် မတ်လ (စက-၂၃၅၄) ဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သော မလင်းဇာနည်အောင်၏ဖခင် ဦးစောကျော်လင်းနှင့် ဦးကိုပါ ၅/ကလထ(နိုင်)၁၆၄၈၇၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစောကျော်လင်း(ခ)ဦးကိုပါ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်ရွှေမြို့၊ အထက(သာလေး)မှ ပညာရေးဝန်ထမ်း(အထက်တန်းပြ) ဒေါ်နီ(ခ)ဒေါ်သန်းသန်းဌေး ၁၂/ရကန(နိုင်) ၀၁၂၈၇၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့၊ နောင်ပကျစ်ရပ်ကွက်နေ မကြိုင်ကြိုင်မေ(ခ)မကျင်ကျင်မေ ၅/ဟမလ (နိုင်)၀၆၂၅၈၀ မှာ တစ်ဦးတည်းဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးသိန်းအောင်(ခ)ဦးသိန်းမောင်ဖြစ်ပါကြောင်း။

## အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ စီ-၃၄၊ ချယ်ရီမြိုင် ရပ်ကွက်နေ (ဦးဇော်လင်းအောင်) - ဒေါ်ဝင်းသီတာဦးတို့၏ သမီး မယွန်းယမုံအောင်(Grade-6၊ ပညာ့ပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပျဉ်းမနား)အား ယနေ့မှစ၍ မအိန္ဒြာချမ်းမြေ့ ဟုပြောင်းလဲခေါ်ပါရန် ။

## ကန့်ကွက်နိုင်ပါကြောင်း




ထိပ်တန်းအမည်ဖြင့် အဆင့်မြင့်စားဆီသန့်အား မှတ်ပုံတင်သွင်းလိုပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများနှင့်တကွ ကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးစန်းပိုင်မိုး ၇/ပခန(နိုင်)၃၈၄၄၄၆**
**အမှတ် (၃၈၉)၊ ကြည်တော်ကုန်း(ခ)၊**
**(၅)လမ်း၊ ပဲခူးမြို့**

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာသန်းထွန်း (အမရပူရ)

**B.V.S., Dip.in Poultry Husbandry (Netherlands)**

ရာသက်ပန်အသင်းဝင် ၊ သက်ကြီးပူဇော်ကန်တော့ခံ

တိရစ္ဆာန်ဆေးကုဆရာဝန်ကြီး တိရစ္ဆာန်ဆေးကုဆရာဝန်များ

ပညာရေးဖောင်ဒေးရှင်း-ဥက္ကဋ္ဌ

အသက်(၇၁)နှစ်

မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ ရာသက်ပန်အသင်းဝင်၊ သက်ကြီးပူဇော်ကန်တော့ခံ တိရစ္ဆာန်ဆေးကုဆရာဝန်ကြီး ဒေါက်တာသန်းထွန်းသည် ၁၅-၁၀-၂၀၂၀ ရက် နံနက် ၉:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၂၀၁၉-၂၀၂၁)
မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း (ဗဟို)

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဆရာတော် ဘဒ္ဒန္တ ဣန္ဒက

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဟောင်း

ဓမ္မာနုဓမ္မ မဟာဒွါရနိကာယ အနုနာယက

သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၄)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ပိန္နဲကွင်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တဣန္ဒကသည် (၁၃၈၂ခုနှစ်၊ တော်သလင်း လပြည့်ကျော် ၁၅ ရက်) ၁၆-၁၀-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေး ရပ်နီး တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ပိန္နဲကွင်းကျောင်းတိုက်၊ ကြံခင်းမြို့နယ်

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ

## ဆရာတော် ဘဒ္ဒန္တ ခေမိန္ဒာစာရ

သာသနဓဇ ဓမ္မာစရိယ၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ၊

အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ မဟာဂန္ထဝါစက ပဏ္ဍိတ၊ နိုင်ငံတော် ဝိနည်းဓိုရ်၊

နိုင်ငံတော်(သီးခြား)ဝိနည်းဓိုရ်

စတုဘုမ္မိကနိကာယ ဂဏနာယက(၄က်တွင်း) အကျိုးတော်ဆောင်

သက်တော်(၆၉)နှစ်၊ သိက္ခာတော်(၄၉)ဝါ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာလမ်းနှင့် (၅၃)လမ်းထောင့်၊ စတုဘုမ္မိက ဗဟိုဌာနကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ခေမိန္ဒာစာရသည်(၁၃၈၂ ခုနှစ်၊ တော်သလင်း လပြည့်ကျော် ၁၄ ရက်) ၁၅-၁၀-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၅:၅၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ကြားသိရပါသဖြင့် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အတွက် အစားထိုးမရ ကြီးမားသော ဆုံးရှုံးမှုဖြစ်ကြောင်း ဦးခိုက်ပူဇော် ကန်တော့၍ လေးမြတ်စွာ မှတ်တမ်းတင်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာသန်းထွန်း (အမရပူရ)

**B.V.S., Dip.in Poultry Husbandry (Netherlands)**

အသက်(၇၁)နှစ်

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်လျက်ရှိသည့် တိရစ္ဆာန်ဆေးကုဆရာဝန်များပညာရေးဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌ ဖြစ်သူ ဆရာကြီး ဒေါက်တာသန်းထွန်းသည် ၁၅-၁၀-၂၀၂၀ ရက် နံနက် ၉:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
ရေဆင်း၊ နေပြည်တော်

---

အလွှာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီမုဟမ္မဒ်စူလေမန်(ခ) ဒုဗိုလ်မှူးကြီး အောင်ကြိုင်(ငြိမ်း)

(ကြည်း/၆၈၄၉)

အသက်(၉၈)နှစ်

ဗန်းမော်မြို့နေ(ဦးစံသိန်း-ဒေါ်ပု)တို့၏သား၊ ကသာမြို့နေ(ဦးလောမာလီ-ဒေါ်လှရင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၉ လမ်း၊ အမှတ် ၂၉နေ (ဒေါ်ခင်ထွေး)၏ခင်ပွန်း၊ ဒေါက်တာမေမေကြိုင်-ဦးထွန်းအောင်ကျော်၊ [ ဒုဗိုလ်မှူးကြီး ဒေါက်တာဖြူဖြူကြိုင်(စစ်ဆေးတပ်ဖွဲ့၊ ငြိမ်း)]၊ ဒေါ်မူမူကြိုင်-(ဗိုလ်ကြီး ခင်မောင်သိန်း၊ စစ်အင်ဂျင်နီယာ တပ်ဖွဲ့)၊ ဒေါ်ဆွေဆွေကြိုင်- Mr.A. M.Vande- Graaf၊ ဦးအောင်ထွေးကြိုင်တို့၏ ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုး သည် ၁၆-၁၀-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ဇိုဟိုရ်အပြီး ရေဝေးစွန်နီကဗာရ်စတန်ဥယျာဉ်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

(မင်ဖွေရှိသ်အတွက် ဒိုအာပြုပေးပါရန် မေတ္တာရပ်ခံ အပ်ပါသည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအေးကို

(တိုင်းပညာရေးမှူး-ငြိမ်း)

[ညွှန်ကြားရေးမှူး (ပညာ) (ငြိမ်း)]

အသက် (၈၂)နှစ်

စစ်ကိုင်းမြို့၊ ချင်းစုရပ်နေ (ဦးထွန်းရ-ဒေါ်လှတင်)တို့၏သား၊ ဒေါ်အမာ၏မောင်၊ ဆရာမကြီး ဒေါ်ခင်မေစိန်၏ခင်ပွန်း၊ ဦးမင်းဟန်ကို-ဒေါ်နီနီစန်း၊ ဦးဟန်ထွန်းကို-ဒေါ်ငွေးငွေးနွယ်၊ ဦးနေဝင်းကို-ဒေါ်ဆုရွှေစင်အောင်၊ ဦးချမ်းမင်းကိုတို့၏ဖခင်သည် ၁၅-၁၀-၂၀၂၀ ရက် (ကြာသပတေးနေ့) ည ၁၁:၂၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၂၀ရက် ညနေ ၃နာရီတွင် စစ်ကိုင်းမြို့၊ အေးငြိမ်းမြေသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်တင်တင်ရီ အသက် (၈၃)နှစ်

မန္တလေးမြို့၊ ဈေးချို၊ ဝါးတန်းရပ်နေ ကြိမ်ကုန်သည် (ဦးဘဦး-ဒေါ်အမ)တို့၏သမီး၊ ကြိမ်ကုန်သည် (ဦးလှမြိုင်)၏ဇနီး၊ နောင်ချိုမြို့နေ ဒေါက်တာ မြင့်ကြွယ်-ဒေါ်အေးအေးသိန်း၊ (ဦးဝင်းအောင်)၊ (ဒေါ်ခင်မမ)၊ (ဦးနိုင်ကိုကို)-ဒေါ်ချိုချို(ခ)ဒေါ်ခင်ချိုအေး(ခရိုင်တရားသူကြီး-ငြိမ်း)၊ (ဦးအောင်အောင်စိုး)-ဒေါ်နန်းရွှေဦးတို့၏မိခင်၊ မဆုရတနာထက်-ကိုသိမ်၊ မနှင်းယုခိုင်-ကိုကျော်ကောင်းဆက်၊ မချိုကြည်သာမြင့်-ကိုကျော်ဇေယျ၊ ဒေါက်တာမြင့်မြတ်ကိုကို၊ မငြိမ်းငြိမ်းစိုးဦး(KBZ BANK)၊ မလဲ့ရည်စိုးဦး(တွံ့ဖက်မြို့နယ်တရားသူကြီး၊ အမရပူရမြို့နယ်တရားရုံး)၊ မောင်အောင်မင်းဦး၏အဘွား၊ မြစ် လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၅-၁၀-၂၀၂၀ရက် (ကြာသပတေးနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်သောင်းသောင်း

အသက် (၈၅)နှစ်

(ဦးငြိမ်း-ဒေါ်မြခင်)တို့၏သမီး၊ (ဦးအုန်း-ဒေါ်ဘွင့်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော် ကလေးအရှေ့ပိုင်းရပ်ကွက်၊ အမှတ် (၉၇)၊ (၉၃) လမ်း၊ (၆)လွှာနေ (ဦးတင်အောင်)၏ဇနီး၊ ဦးဇော်ဝင်း-(ဒေါ်ဥဥခင်)၊ (ဦးရဲမြင့်)-ဒေါ်ကုလားမ၊ ဦးမင်းနိုင်(ခ)ချိုတူး-ဒေါ်မိုးမိုးခိုင်၊ ဦးသန်းဌေး-ဒေါ်ယုယုနွယ်၊ (ဦးဇော်လင်း)၊ ဦးအောင်ခင်(ခ)ရှင်ဥက္ကံသတို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ် သုံးယောက်တို့၏အဘွားသည် ၁၃-၁၀-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၂:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါ သည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်ဝင်း

အသက် (၇၅)နှစ်

ရန်ကုန်မြို့၊ အမှတ် (၆၈/က)၊ ကန်လမ်း၊ တံတားဖြူ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဒေါ်ရွှေရင်)၏တူ၊ (ဦးမောင်မောင် -ဒေါ်သိန်းနု)တို့၏သား၊ (ဦးဘသွင်-ဒေါ်လေးမ) တို့၏သားသမက်၊ (ဒေါ်စိန်ချစ်) (အထပြ-ငြိမ်း)၊ (အထက-၂၊ မရမ်းကုန်း)၊ (ဒေါ်အေး ကြည်) (အထပြ-ငြိမ်း)၊ (အထက-၂၊ စမ်းချောင်း)တို့၏မောင်၊ ဦးကြည်သန်း-ဒေါ်သိန်းသိန်းတို့၏အစ်ကို၊ (ဦးကျော်ကျော်စိုး)၊ ကိုစိုးလင်းထူးတို့၏ချစ်လှစွာသောဖခင်၊ တူ၊ တူမ ၁၁ ယောက်တို့၏ဘကြီး၊ ဒေါ်ခင်ရီ(အလပြ-ငြိမ်း)၊ (အမက-၁၂၊ လှိုင်)၏ချစ်လှစွာသောခင်ပွန်းသည် ၁၆-၁၀-၂၀၂၀ရက် (သောကြာနေ့) နံနက် ၀၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

အများသိစေရန်

ကြေညာခြင်း

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၅၈/ပန်းဘဲတန်း)၊ ဦးပိုင်အမှတ်(၁၁၈ᵃ)၊ မြေချိန်ရေိယာ ဝဒသမ ဝ၂၃ ဧကရှိ မြေအားအခွန်အမှုတွဲအမှတ် (V)၂၉/၁၉၉၁-၉၂ အရ ဦးဇော်ဝိတ်(ခ)ဇော်ဝင်း အမည်ဖြင့် နှစ်(၃၀)အငှားဂရန်ရရှိထားပြီး ၊ ဂရန်သက်တမ်းမှာ ၃-၆-၂၀၁၄ရက်တွင် ကုန်ဆုံးနေပြီးဖြစ်ပါသည်။ မူလအမည်ပေါက်သူ ဦးဇော်ဝိတ်(ခ)ဇော်ဝင်းသည် ၂၈-၁၀-၂၀၀၆ ရက်တွင်လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်ကြည် ညွန့်သည် ၂၁-၄-၂၀၁၇ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီး ၎င်းတို့တွင် (၁)ဒေါ်ခင်စန်းဝင်း၊ (၂) ဒေါ်ဝါဝါဝင့်၊ (၃) ဦးတင်ဝင်းဇော်၊ (၄) ဒေါ်အိအိခိုင်၊ (၅) ဦးတင်အောင် ဝင်း၊ (၆) ဦးသန့်ဇင်ဝင်း သားသမီး(၆)ဦး ထွန်းကားခဲ့ပြီး ဦးတင်ဝင်းဇော်သည် ၂၃-၁-၂၀၁၄ ရက်တွင် လူပျိုကြီးဘဝဖြင့်လည်းကောင်း၊ ဒေါ်အိအိခိုင်သည် ၁၆-၁၁-၂၀၀၅ ရက်တွင် အပျိုကြီးဘဝဖြင့်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပါသည်။ မိဘနှစ်ပါး ကွယ်လွန်ပြီး နောက်သားသမီးများမှ မွန်ပြည်နယ် တရားလွှတ်တော်ရုံး၏ ကျမ်းကျိန်လွှာ အမှတ်စဉ် (၅၂၇/၂၀၂၀) အရ ကျမ်းကျိန်ဆိုပြီး စာချုပ် အမှတ် (၁၉၂/၂၀၂၀)ဖြင့် မှတ်ပုံတင်ကာ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ် အမှတ် (၇၁၇/၂၀၁၉)အရ တရားဝင်ပိုင်ဆိုင်လာ၍ လျှောက်မြေအား ၎င်းတို့(၄)ဦး အမည်ဖြင့် နှစ်ရှည်မြေငှားဂရန် သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားလာခြင်း အပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

---

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဗိုလ်ကြီးစိန်သန်း (ငြိမ်း)

အသက် (၆၈)နှစ်

ကြည်း ၁၃၆၅၄၊ ခမရ (၁၀၂)၊ ဗသက(၅၁)

ကြည့်မြင်တိုင် စစ်မှုထမ်းဟောင်းအဖွဲ့(ဥက္ကဋ္ဌ)၊

ကျုံပျော်မြို့နယ်အသင်း(ရန်ကုန်)(ဒု-ဥက္ကဋ္ဌ)

ခြေမြန်(၁၀၂) ညီနောင်အောင်စစ်သည်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်သူ...

မွေးရပ်ဇာတိအကျိုး ဦးဆောင်ပါဝင်ဆောင်ရွက်သူ...

ဘဝတူစစ်မှုထမ်းဟောင်းများအတွက် ဦးဆောင်ဦးရွက်ပြုသူ...

စစ်မှုထမ်းဘဝတွင် အောင်ပွဲဆင်နိုင်ခဲ့သူ...

နိုင်ငံတာဝန်ကို ကွယ်လွန်ချိန်အထိ ထမ်းရွက်နေသူ...

နိုင်ငံသားကောင်းတစ်ဦး ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ခံစားဝမ်းနည်းကြေကွဲရပါကြောင်း။

ခြေမြန် (၁၀၂) ညီနောင်အောင်စစ်သည်များ

---

## ဗိုလ်မှူးချုပ်မျိုးတင့်(ငြိမ်း)

ရေ-၁၀၉၈

DSA အပတ်စဉ်(၄)၊ တပ်မတော်(ရေ)

အသက်(၇၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့နေ (ဦးဖိုးမြောင်း-ဒေါ်အေးကြည်)တို့၏သား၊ ရန်ကုန်မြို့၊လသာမြို့နယ်၊ (၂)ရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ်(၁၁၀၂)၊ သံဈေး ကွန်ဒိုနေ ဒေါ်မျိုးကို၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာစိုးမိုးအောင်-ဒေါ်စဝ်သူဇာကြည်၊ ဦးကျော်စွာမိုး-ဒေါ်တင်မိုးအေး၊ ဦးရန်နိုင်မိုး၊ ဦးနေအောင်မိုး-ဒေါ်မိုးသီတာ တို့၏ချစ်လှစွာသော ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၅-၁၀-၂၀၂၀ရက် ညနေ ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၆နာရီတွင် မင်္ဂလာဒုံ စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသောင်းလှိုင်

အသက် (၆၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၁ရပ်ကွက်၊ မြင်သာစုပေါင်းအိမ်ရာ (၉)လမ်းနေ (ဗိုလ်ကြီးသောင်းထိုက်-ဒေါ် သန်းတင်)တို့၏သား၊ ဦးစိုင်းထွန်းအောင်-ဒေါ်အေးအေးသန်းတို့၏မောင်၊ ဦးသက်လွင်-ဒေါ်ဆွေဆွေသန်း(ပြည်နယ်ဦးစီးမှူး ပြန်/ဆက် ဦးစီးဌာန)၊ (ဦးသောင်းနိုင်)၊ (ဦးစိုးဝင်း-ဒေါ်ရွှေစင်ထိုက်)၊ ဒေါ်ငွေစင်ထိုက်တို့၏အစ်ကို၊ ဦးအာကာလှိုင်-ဒေါ်အေးမြတ်စန္ဒာ၊ (ဦးအတာလှိုင်)၊ ဦးရောလှိုင်-ဒေါ်ဇင်သူဇာစိုးတို့၏ဖခင်၊ မမေသူကျော်၊ မောင်သီဟကျော်စိုး၊ မမေရှင်းမွန်တို့၏ဘကြီး၊ မောင်သုတစံ၊ မမြတ်သဒ္ဒါစိုး တို့၏အဘိုးသည် ၁၆-၁၀-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄:၄၅နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသက်ထွန်းအောင်

စစ်တက္ကသိုလ် အပတ်စဉ်(၅၃)

လက်ထောက်အထွေထွေမန်နေဂျာ

မြန်မာ့စာတိုက်လုပ်ငန်း၊ ရုံးချုပ်

အသက်(၃၀)

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ကံ့ကော်အိမ်ရာ၊ တိုက် ၂၁၈၊ အခန်း ၂၁နေ ဒေါ်အေးမြတ်ကျော်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သုတသက်ထွန်းအောင်၏ဖခင်၊ ဦးခင်ဇော်လွင်- ဒေါ်နွဲ့နွဲ့ရီတို့၏သား၊ ဦးတင်မောင်စိုး-ဒေါ်မူမူခင်တို့၏သားသမက်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း၊ ရုံးချုပ်၊ ထောက်ပံ့ရေးဌာနမှ လက်ထောက် အထွေထွေမန်နေဂျာ ဦးသက်ထွန်းအောင်သည် ၁၆-၁၀-၂၀၂၀ရက်နံနက် ၉:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၂၀ ရက်(အင်္ဂါနေ့) တွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ် သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းဗိုလ်

**B.Sc(Hons), M.Sc(Chemistry) (1995 Batch)**

ဒု-စက်ရုံမှူး(သုတေသနနှင့်အမျိုးအစားစစ်ဆေးရေးဌာန)

အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)

အသက် (၅၇)နှစ်

သန်လျင်မြို့၊ ရေနံအရာထမ်းရပ်ကွက်(တိုက်ကြီးကုန်း)၊ အမှတ်-S(2)နေ ဒေါ်ခိုင်ဆင့်ဝင်း လက်ထောက်စက်ရုံမှူး၊ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)၏ ခင်ပွန်း၊ မဝင့်နန္ဒာဗိုလ်၏ဖခင် ဦးဝင်းဗိုလ်(ဒုတိယစက်ရုံမှူး) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသည် ၁၅-၁၀-၂၀၂၀ ရက် (ကြာသပတေးနေ့) ညနေ ၆:၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်
အရာထမ်း၊ အမှုထမ်းများ
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

---

## ဦးဝင်းဗိုလ်

**B.Sc(Hons),M.Sc(Chemistry)(1995 Batch)**

ဒု-စက်ရုံမှူး(သုတေသနနှင့် အမျိုးအစား စစ်ဆေးရေးဌာန)

အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)

အသက်(၅၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ လမ်းမတော်လမ်း၊ အမှတ်၅၄နေ (ဦးကျော်ငြိမ်း-ဒေါ်ဝင်းမေ)တို့၏ ဒုတိယ သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊(၄၁)ရပ်ကွက်၊ ပဒေသရာဇာလမ်း၊ အမှတ် ၃၇၀နေ (ဦးမြသောင်း)-ဒေါ်လှဆင့်တို့၏သားသမက်၊ သန်လျင်မြို့၊ ရေနံအရာထမ်းရပ် ကွက်(တိုက်ကြီးကုန်း) အမှတ် S(2)နေ ဒေါ်ခိုင်ဆင့်ဝင်း (လက်ထောက်စက်ရုံမှူး၊ အမှတ် (၁)ရေနံချက်စက်ရုံ၊ သန်လျင်)၏ချစ်လှစွာသောခင်ပွန်း၊ မဝင့်နန္ဒာဗိုလ်(တတိယနှစ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်)၏ဖခင်သည် ၁၅-၁၀-၂၀၂၀ရက် (ကြာသပတေးနေ့)ညနေ ၆:၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးသက်ထွန်းအောင် အသက်(၃၀)

စစ်တက္ကသိုလ် အပတ်စဉ်(၅၃)

လက်ထောက်အထွေထွေမန်နေဂျာ

မြန်မာ့စာတိုက်လုပ်ငန်း၊ ရုံးချုပ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း၊ ရုံးချုပ်၊ ထောက်ပံ့ရေးဌာနမှ လက်ထောက် အထွေထွေမန်နေဂျာ ဦးသက်ထွန်းအောင်သည် ၁၆-၁၀-၂၀၂၀ရက်နံနက် ၉:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မြန်မာ့စာတိုက်လုပ်ငန်းမှ အရာရှိကောင်းတစ်ယောက်ဆုံးရှုံးမှုအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ
မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

---

ရဟန်းဒါယကာကြီး

## ဦးဇော်မင်း (ရိုးမပုံနှိပ်တိုက်)

အသက်(၆၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နေ (ဦးငြိမ်း-ဒေါ်ကလမ)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် (၁၇/ခ)၊မြေညီ(A)နေ (ဦးထွန်းအောင်-ဒေါ်ကျင်)တို့၏သားသမက်၊ ဒေါ်သီတာအောင်၏ချစ်လှစွာသောခင်ပွန်း၊ မမီမီဇော်မင်း(Sanaya Myanmar Co.,Ltd)၊မောင်မင်းအောင်ဇော်တို့၏ဖခင်သည် ၁၆-၁၀-၂၀၂၀ရက်(သောကြာနေ့)နံနက် ၂:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၀-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

သင့် သွေး ဖြင့် အ သက် ကယ် ပါ

# ဗန်ကောက်မြို့နှင့် စင်ကာပူမြို့ရှိ မြန်မာသံရုံးတို့တွင် ကြိုတင်ဆန္ဒမဲများ ဆက်လက်ပေး



စင်ကာပူမြို့ရှိ မြန်မာသံရုံးသို့ ကြိုတင်ဆန္ဒမဲပေးရန် လာရောက်သည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။



ဗန်ကောက်မြို့ရှိ မြန်မာသံရုံးတွင် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနေကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ယနေ့တွင် ကြိုတင်ဆန္ဒမဲများ ဆက်လက်ပေးခဲ့ကြရာ ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၄၄၃ ဦးနှင့် စင်ကာပူမြို့ရှိ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၆၄၀ တို့ ကြိုတင်ဆန္ဒမဲများ ဆက်လက်ပေးခဲ့ကြောင်း သိရသည်။

မြန်မာသံရုံးများ၌ ကြိုတင်ဆန္ဒမဲလာရောက်ပေးသူများအား သက်ဆိုင်ရာ နိုင်ငံများမှ ချမှတ်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ် တားဆီးရေးဆိုင်ရာ စည်းကမ်းများနှင့်အညီ ဖြစ်စေရေး မဲရုံအတွင်းသို့မဝင်မီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်များဖြင့် စနစ်တကျ လက်သန့်စေခြင်း၊ တစ်ခါသုံးလက်အိတ်နှင့် နှာခေါင်းစည်းများ ပံ့ပိုးပေးခြင်းတို့ကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး မဲဆန္ဒရှင်များကလည်း မြန်မာသံရုံးမှ စီစဉ်ဆောင်ရွက်ထားရှိသည့်အတိုင်း လိုက်နာကာ စနစ်တကျ ဆန္ဒမဲများ ပေးခဲ့ကြသည်။

သို့ပါ၍ ယနေ့တွင် မြန်မာသံရုံးနှစ်ရုံး၌ မဲဆန္ဒရှင်စုစုပေါင်း ၂၀၈၃ ဦးတို့ ကြိုတင်ဆန္ဒမဲ လာရောက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေပြည်သာနှင့် လှိုင်သာယာစက်မှုဇုန်မှ စက်ရုံများ ၆၀ ရာခိုင်နှုန်းခန့် ပြန်လည်လည်ပတ်

**ရန်ကုန် အောက်တိုဘာ ၁၆**

ကိုဗစ်-၁၉ ရောဂါ ဒုတိယအကြိမ် ထပ်မံရင်ဆိုင်ရချိန်တွင် ရန်ကုန်မြို့ရှိ စက်မှုဇုန်များ အောက်တိုဘာ ၁၄ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ပြန်ခဲ့ရာ စက်မှုဇုန်ပေါင်း၂၉ ဇုန် ပြန်လည်ဖွင့်လှစ်လျက်ရှိပြီး လုပ်သားဦးရေများသော လှိုင်သာယာနှင့် ရွှေပြည်သာစက်မှုဇုန်တို့၌ ၆၀ ရာခိုင်နှုန်း ပြန်လည်လည်ပတ်လျက်ရှိကြောင်း သိရသည်။

ထိုသို့စက်ရုံများ ပုံမှန်အတိုင်း လည်ပတ်နိုင်စေရန် ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးပြီးသည့် (A) အဆင့်ရရှိသော စက်ရုံပေါင်း ၂၁၈၄ ရုံကို အောက်တိုဘာ ၁၂ ရက်မှစ၍ လုပ်ငန်းလည်ပတ်ရန် ခွင့်ပြုခဲ့ပြီး (B) အဆင့် စက်ရုံ ၄၀၇၆ ရုံကိုလည်း လည်ပတ်စေလျက် ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ဆက်လက်စစ်ဆေးမှုနှင့်အတူ ကျန်ရှိသော စက်ရုံများကိုလည်း ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်းနှင့် (A) အဆင့်နှင့် ကိုက်ညီမှုမရှိပါက လုပ်ငန်းခွင်ယာယီရပ်ဆိုင်းကာ လိုအပ်သော ပြင်ဆင်မှုများ ဆောင်ရွက်ပြီးမှသာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်သောကြောင့် (A) အဆင့်နှင့် ကိုက်ညီမှုရှိရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ညွှန်ကြားထားကြောင်း သိရသည်။

"ကျွန်တော်တို့ကို အောက်တိုဘာ ၁၄ ရက်က စက်ရုံတွေဖွင့်ဖို့ အကြောင်းကြားတဲ့အခါမှာ (A)အဆင့် ပြည့်စုံတဲ့ စက်ရုံနဲ့ နည်းနည်းချို့ယွင်းတဲ့ စက်ရုံ ၂၀၀ ကျော် ပြန်လည် ဖွင့်လှစ်ပါတယ်။ (A)နဲ့(B) ကို ပြန်ဖွင့်ခွင့်ပေးပြီး (C) အဆင့် သတ်မှတ်ထားတဲ့ စက်ရုံတွေကိုတော့ ပြန်ပြင်ခိုင်းပါတယ်။ နိုင်ငံတော်က အောက်တိုဘာ ၁၂ ရက်မှာ ပြန်ဖွင့်ခွင့်ပြုတဲ့အခါ လူနည်းတဲ့စက်ရုံတွေ ချက်ချင်း ပြန်ဖွင့်နိုင်ကြပါတယ်။ လူများတဲ့ အထည်ချုပ်စက်ရုံတွေတော့ အခက်အခဲရှိနေတယ်။ ကြိုးစားပြီး ရှန်းကန်နေကြပါတယ်။ ကိုဗစ်-၁၉ ရောဂါနဲ့ လုပ်ငန်းခွင်ကို ဆက်လက်ရှင်သန်ခွင့်ရတဲ့အခါမှာ အလုပ်သမားတွေကို အထူးမှာကြားတာက လူတိုင်း နှာခေါင်းစည်းတပ်ပါ။ လက်အိတ်စွပ်ပါ။ လက်ဆေးပါ။ အထူးသဖြင့် စက်ရုံတွေရဲ့ သန့်စင်ခန်းတွေကိုလည်း အထူးဂရုပြုသန့်ရှင်းဖို့လည်း မှာကြားထားပါတယ်။

*စာမျက်နှာ ၇ ကော်လံ ၁* ❑

# ဗမာပြည်သူ့ပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုတို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်

**နေပြည်တော် အောက်တိုဘာ ၁၆**

ဗမာပြည်သူ့ပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၁၇ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page တို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်နေရချိန် တီဘီရောဂါဖြင့် သေဆုံးရသူ ပိုများလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေး

စာ-၁၂

## အိန္ဒိယတွင် ခုနစ်လကြာ ပိတ်ထားရသည့် ရုပ်ရှင်ရုံများနှင့် ရေကူးကန်များ ပြန်လည်ဖွင့်လှစ်

စာ- ၁၃

## အင်တာမီလန်နှင့် အေစီမီလန်အသင်းတို့ ထိပ်တိုက်ဆုံတွေ့နေသည့် စီးရီးအေပွဲစဉ် (၄)

နိုင်ငံတကာပွဲစဉ်များ ယှဉ်ပြိုင်ကစားပြီးနောက် အောက်တိုဘာ ၁၇ ရက် (ယနေ့) အီတလီစီးရီးအေပွဲစဉ် (၄) ပွဲစဉ်များကို ယှဉ်ပြိုင် ကစားမည်ဖြစ်ရာ နာပိုလီနှင့် အတ္တလန်တာ၊ အင်တာမီလန်နှင့် အေစီမီလန်၊ ဆမ်ဒိုးရီးယားနှင့် လာဇီယို၊ ခရိုတုန်းနှင့် ဂျူဗင်တပ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ပရိသတ်အကြိုက်တွေ့စေမည့် ပွဲစဉ်အဖြစ် ည ၁၀ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည့် အင်တာမီလန်နှင့် အေစီမီလန်အသင်းတို့ ထိပ်တိုက်ဆုံတွေ့နေခြင်းဖြစ်သည်။ ယခုနှစ်ရာသီ စီးရီးအေတွင် အင်တာမီလန်အသင်းရော အေစီမီလန် အသင်းပါ ရှုံးပွဲကြုံတွေ့ထားခြင်း မရှိသေးပေ။ အင်တာမီလန်အသင်းသည် စီးရီးအေသုံးပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ဖီအိုရင်တီးနားအသင်းကို လေးဂိုး-သုံးဂိုး၊ ဘင်နီဗန်တိုအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိထားပြီး လာဇီယိုအသင်းကို တစ်ဖက်တစ်ဂိုးစီသရေကျထားကာ ရမှတ်ခုနစ်မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၅) နေရာတွင် ရပ်တည်နေသည်။ အေစီမီလန်အသင်းက စီးရီးအေသုံးပွဲတွင် ဘိုလော့ဂ်နာအသင်းကို နှစ်ဂိုး- ဂိုးမရှိ၊ ခရိုတုန်းအသင်းကို နှစ်ဂိုး- ဂိုးမရှိ၊ စပီဇီယာအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အသီးသီးအနိုင်ရရှိထားကာ အတ္တလန်တာအသင်းနှင့် ရမှတ်ကိုးမှတ်စီတူညီနေသော်လည်း ဂိုးကွာခြားချက်အသာဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။ ထူးခြားသည်မှာ အေစီမီလန်အသင်းသည် ကစားပြီးသည့် စီးရီးအေသုံးပွဲတွင် ပေးဂိုးခွင့်ပြုထားရခြင်း မရှိပေ။

ထို့အပြင် ရဂိုးကလည်း ခုနစ်ဂိုးအထိ ရှိထားသည်။ အင်တာမီလန်အသင်းကရဂိုးအနေဖြင့် ၁၀ ဂိုးအထိ

*စာမျက်နှာ ၁၄ ကော်လံ ၃* ❍